BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစာ

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

အမှတ် (၉၀) ခရစ်နှစ်၊ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ　　မြန်မာသက္ကရာဇ် (၁၃၆၉)　　( ၁၅-၁-၉၉ ) ရက်နေ့တွင်စတင်တည်ထောင်သည်။

## စစ်အစိုးရကျူးလွန်ခဲ့မှုများ တာဝန်ယူရန် ပင်ညဲရိုးတိုက်တွန်း

နိုဝင်ဘာ (၁၁) ရက်မှ (၁၅) ရက်အထိ မြန်မာနိုင်ငံအတွင်းသွားရောက်၍ စက်တင်ဘာ တော်လှန်ရေးနှင့်စပ်လျဉ်းသော စုံစမ်းစစ်ဆေးမှုများအပြီးတွင် ကုလလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပေါလိုဆာဂျီယိုပီညဲရိုးက ဒီဇင်ဘာလ (၁၁) ရက်တွင် ကုလသမဂ္ဂ၏လူ့အခွင့်အရေးကော်မရှင်သို့တင်သွင်းသည့် အစီရင်ခံစာတွင် ဤသို့တောင်းဆိုထားခြင်းဖြစ်သည်။

မစ္စတာပီညဲရိုး၏အစီရင်ခံစာတွင် သေဆုံးသူတို့၏ရုပ်အလောင်းများအား မိသားစုထံပြန်ပို့ပေးရန်၊ ဆန္ဒပြရုံဖြင့်ထောင်ဒဏ်ချမှတ်ခြင်းခံရသူတို့အား လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊ ထိန်းသိမ်းခံထားရသူများအား (အိုင်စီအာရ်စီ) အဖွဲ့က ကူညီခွင့်ပေးရန်၊ စွမ်းအားရှင်အဖွဲ့အား မတရားအသင်းကြေညာပေးရန်နှင့် လွတ်လပ်စွာစုရုံးခွင့်၊ ဆန္ဒပြခွင့်တို့အပေါ်တွင် ရာဇဝတ်ပြစ်မှုနှင့်ဆက်စပ်ထားသည့် ဥပဒေဟောင်းများအား ပြင်ဆင်ဖျက်သိမ်းပေးရန်တို့ကို တိုက်တွန်းတောင်းဆိုထားသည်။

မစ္စတာပီညဲရိုးက "ဆန္ဒပြသူတွေအပေါ် လက်ငင်းကျူးလွန်နေတာတွေနဲ့ လူ့အခွင့်အရေးချိုးဖောက်ကျူးလွန်နေတာတွေကို ဥပဒေအတိုင်းအရေးယူပေးပါ"ဟုလည်း တောင်းဆိုလိုက်သည်။ ထိုတောင်းဆိုချက်များတွင် စက်တင်ဘာအရေးအခင်းအတွင်း နစ်နာခဲ့ရသည့်မိသားစုများအား နစ်နာကြေးပေးရန်လည်းပါဝင်သည်။

မြန်မာနိုင်ငံသို့ကိုယ်တိုင်သွားရောက် စစ်ဆေးခဲ့ရာတွင် နအဖနှင့်လုံထိန်းရဲတို့က ရာဘာကျည်ဆန်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဗုံး၊ ဝါးရင်းတုတ်၊ သစ်သားတုတ်နှင့်လေးခွတို့ကို အသုံးပြုခဲ့ကြောင်း ဖော်ပြထားသည်။ အစိုးရ၏တရားဝင်ကြေညာချက်တွင် သေဆုံးသူဦးရေကို (၁၅) ဦးဟု ဖော်ပြထားသော်လည်း အမှန်တကယ်သေဆုံးသူမှာ (၃၁) ဦးဖြစ်ကြောင်း အစီရင်ခံစာတွင်ပါရှိသည်။

ဂျနီဗာရှိ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂသံအမတ် ဦးဝဏ္ဏမောင်လွင်က ၎င်း၏ အချုပ်အခြာအာဏာပိုင်ခွင့်ကိုအသုံးပြု၍ ကြမ်းတမ်းသည့်အခြေအနေတခုကို ကိုင်တွယ်ထိန်းချုပ်ခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းမဟုတ်ဟုပြန်လည်ချေပလျှက် မစ္စတာပီညဲရိုး၏အစီရင်ခံစာအား အခြေအမြစ်မရှိဟုငြင်းပယ်ခဲ့သည်။


မစ္စတာပီညဲရိုး

## ရောင်းချလိုက်သည့်ကျောက်မျက်ရတနာများအတွက် မည်သို့ငွေလွှဲနိုင်မည်ကို

### နအဖစစ်ဗိုလ်ချုပ်မှူးကြီးများ ကြိုတင်စဉ်းစားထားသင့်ဟု အဲန်စီယူဘီအထွေထွေအတွင်းရေးမှူးပြောဆို


ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) အစည်းအဝေးတရပ်ကျင်းပနေစဉ်

နိုဝင်ဘာလ (၂၉)

နိုဝင်ဘာလ (၁၄) ရက်မှ (၂၆) ရက်နေ့အထိကျင်းပခဲ့သော မြန်မာစစ်အစိုးရ၏ ကျောက်မျက်ရတနာပွဲတော်တွင် အနည်းဆုံးကျောက် (၃,၅၀၀) ခန့် ရောင်းလိုက်ရကြောင်း စစ်အုပ်စုပိုင်မြန်မာ့အလင်းသတင်းစာတွင် ရေးသားထားသော်လည်း လက်ငင်းရရှိလိုက်သည့်ငွေသားကိုမူ ဖော်ပြထားခြင်းမရှိပေ။

မြန်မာ့ကျောက်မျက်ရတနာဌာနတွင် အလုပ်လုပ်ခဲ့ဖူးသူ အဲန်စီယူဘီ၏ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က "ပစ္စည်းကို ဘယ်သူကမှ လက်ငင်းပေးဝယ်တာမဟုတ်ဘူး။ လက်မှတ်ထိုးယူသွားပြီး ဘဏ်တွေကနေ ငွေချေကြတာထုံးစံပဲ။ ဘယ်ငွေနဲ့ ဘယ်ဘဏ်ကနေ သူတို့ငွေချေမလဲ။ တရုတ်ယွမ်နဲ့ချေမလား၊ အိန္ဒိယယူပီးနဲ့ချေမလား။ အဲဒီငွေတွေနဲ့ချေရင် တရုတ်ငွေကို အိန္ဒိယကပစ္စည်းဝယ်ဖို့ ပြန်သုံးလို့မရနိုင်ဘူး။ နိုင်ငံတကာသုံးငွေဖြစ်တဲ့ ဒေါ်လာနဲ့ယူရိုကိုသာ ပိတ်ဆို့ထားလိုက်ပြီဆိုရင် ဒေါ်လာလွှဲတော့မယ်ဆိုတာနဲ့ ဘယ်နိုင်ငံကိုလွှဲမယ့်ငွေလည်းစစ်မယ်။ မြန်မာပြည်ကိုဝင်မယ့်ငွေဆိုရင် ဘဏ်တွေက ဆက်ပြီးအလုပ်လုပ်မှာမဟုတ်တော့ဘူး။ အဲဒီတော့ နောက်သုံးလအတွင်းမှာ အခုရောင်းလိုက်ရတဲ့ကျောက်တွေအတွက် ငွေတွေ မြန်မာပြည်ထဲကိုဝင်လို့ရလားမရလားဆိုတာ စောင့်နားထောင်ကြည့်လိုက်ကြပါဦး" ဟုပြောသည်။

နိုဝင်ဘာ (၁၄) ရက်၊ ဗုဒ္ဓဟူးနေ့က စတင်သော နှစ်လည်ပိုင်း ရတနာအရောင်းပြခန်းကို ပြည်တွင်းပြည်ပမှ ရတနာကုန်သည်စုစုပေါင်း (၃,၅၄၀) တက်ရောက်ခဲ့ကြပြီး နောက်ထပ်ရောက်လာကြရန်လည်း ရှိနေသေးကြောင်း ရတနာအရောင်းပြခန်း၏အစပိုင်းရက်များက မြန်မာ့အလင်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။ ရောင်းချပြီးသော ကျောက်စိမ်းပေါင်း (၄၈၁) လုံးရှိပြီဖြစ်ကြောင်းလည်း ဖော်ပြထားခဲ့သည်။ မြန်မာ့ကျောက်မျက်ရတနာကုန်သွယ်ရေးမှ အရာရှိတဦးက စစ်အစိုးရအနေနှင့် ကျောက်စိမ်းပေါင်း (၅,၅၀၀) နှင့်တကွ အခြားကျောက်မျက်နှင့်ပုလဲတို့အပါအဝင် ယူရိုငွေသန်း (၂၀၀)၊ အမေရိကန်ဒေါ်လာသန်း (၃၀၀) ခန့်ရောင်းချနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ပြီးခဲ့သည့်အပတ်က အေအက်ဖ်ပီသို့ပြောသည်။

တရုတ်တနိုင်ငံတည်းမှ (၂၀၉၃) ယောက်ရှိသောရတနာကုန်သည်များနှင့် အိန္ဒိယ၊ စင်္ကာပူ၊ ထိုင်း၊ အီတလီ၊ ဗြိတိန်၊ ဂျပန်၊ ဩစတြေးလျ၊ အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါနိုင်ငံတို့အပါအဝင် စုစုပေါင်း (၉) နိုင်ငံမှလာရောက်ခဲ့ကြသည်ဟု အစိုးရသတင်းစာတွင် ရေးသားဖော်ပြထားသည်။

"တရုတ်က ဒီကျောက်တွေကိုဝယ်တာ စုထားဖို့မဟုတ်ဘူး။ ပြန်ရောင်းတော့လည်း သူ ဘယ်ကိုပဲရောင်းရမလဲ။ အမေရိကန်ကိုပဲရောင်းရတာ။ အမေရိကန်အစိုးရက ဥပဒေထုတ်လိုက်တာနဲ့ အဲဒီကျောက်တွေကို အကောက်ခွန်ရုံးက အဖြတ်ကိုမခံတော့ဘူး။ ကျောက်ကလည်း ကြည့်လိုက်တာနဲ့ ဘယ်တိုင်းပြည်ကထွက်တာလဲ လိမ်လို့ကိုမရဘူး။ အဲဒီတော့ ဒီတခေါက်ကျောက်တွေ မရောင်းရဘဲနဲ့ နောက်တကြိမ်ထပ်ဝယ်မယ်ဆိုရင် ကျောက်စိမ်းတုံးတွေအလေးချိန်နဲ့ ထိုင်ဝမ်ကျွန်းရေနစ်သွားလိမ့်မယ်"

ဦးမောင်မောင်ကပင် ဆက်လက်၍ နိုင်ငံတကာသုံးငွေကြေးကို ပိတ်ဆို့ထားနိုင်ပြီဖြစ်သည့်အတွက် ယခုလိုကိစ္စမျိုးတွင် အစိုးရထံသို့ ဝင်မည့်ငွေမှန်သမျှ ဒေါ်လာနှင့်လွှဲရန်မည်သည့်ဘဏ်ကမှ ဆောင်ရွက်တော့မည်မဟုတ်တော့ကြောင်းနှင့် ဆက်လက်၍ ယူရိုငွေကိုလည်း ယခုကဲ့သို့ ပိတ်ဆို့မှုလုပ်နိုင်မည်ဆိုပါက အစိုးရအနေနှင့် နိုင်ငံခြားဝင်ငွေမလွှဲမသွေရပ်စဲသွားတော့မည်ဖြစ်ကြောင်း ထို့ကြောင့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် အစိုးရကို မည်သို့မျှမထိခိုက်ဆိုသည့်စကားသည်မှားယွင်းကြောင်း မိုးကြိုးသတင်းဌာနသို့ ပြောသည်။

မြန်မာပြည်တွင် စက်တင်ဘာလအတွင်းကဖြစ်ပျက်ခဲ့သော အစိုးရ၏ ပြည်သူများ


မြန်မာ့ကျောက်မျက်ရတနာပွဲတော်

အပေါ် အကြမ်းဖက်မှုနောက်ပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာများအား ရောင်းဝယ်ဖောက်ကားခြင်းဖြင့် မြန်မာစစ်အစိုးရအား ပံ့ပိုးကူညီနေသည့်အလုပ်မျိုးကို မလုပ်ကြပါရန် ကမ္ဘာ့ကျောက်မျက်ကုန်သည်များအား အမေရိကန်၏ ထိပ်တန်းအမျိုးသမီးကြီး လော်ရာဘုရှ်ကတိုက်တွန်းထားခဲ့သည်။ နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်သူများအဖွဲ့ကလည်း ကျောက်မျက်တူးဖော်သည့် မိုင်းကွင်းများတွင် အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ သဘာဝမြေဆီလွှာပျက်စီးမှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအားတိုးပွားစေသဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးကို သပိတ်မှောက်

စာမျက်နှာ (၃) ကော်လံ (၄) သို့...

ဆွစ်ဇာနိုင်ငံသား လစ်တနာသည် ၁၉၇၉ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်သတင်းယူခဲ့ပြီး ဆောင်းပါးနှင့်စာအုပ်ပေါင်းများစွာရေးသားခဲ့သည့်အတွက် မြန်မာ့အရေးနှင့်ပတ်သက်၍ အကျွမ်းကျင်ဆုံးနိုင်ငံခြားသတင်းထောက်အဖြစ် သတ်မှတ်ခြင်းခံရသည်။ စစ်အုပ်စုက သူ၏ဆောင်းပါးများမှာ အခြေအမြစ်မရှိဘဲ ကိုယ့်အတွေး ကိုယ်အခြေခံကာ ရေးချင်ရာရေးနေခြင်းဖြစ်ကြောင်း စွတ်စွဲခဲ့သော်လည်း စစ်အုပ်စု၏နာမည်ပျက်စာရင်းဝင်သတင်းသမားများသည်သာလျှင် အခြေခံကျသော သတင်းရင်းမြစ်များအဖြစ် ပို၍ဂုဏ်သိက္ခာရှိရှိနှင့် လူတို့၏အာရုံစိုက်မှုကိုရသည်။

လစ်တနာသည် ၁၉၈၅ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်ကျခံနေရမှုအပေါ် စတင်အာရုံစိုက်ရေးသားခဲ့သော ပထမဦးဆုံးနိုင်ငံခြားသားသတင်းထောက်တဦးဖြစ်သည်။



မင်းဆိုးကို မိုးကြိုး ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# လွတ်လပ်ရေးအတွက် စွန့်လွှတ်စွန့်စားသော စိတ်ဓာတ်ဖြင့် တိုက်ပွဲဝင်ကြရမည်

ဒေါ်အောင်ဆန်းစုကြည်က သင့်တင့်လျောက်ပတ်သောကာလတရပ်အတွင်း နအဖ ခေါင်းဆောင်ပိုင်းနှင့် အဓိပ္ပာယ်ပြည့်ဝသည့်ဆွေးနွေးပွဲများ ပေါ်ပေါက်လာစေရေးကို အကြိုညှိနှိုင်းဆွေးနွေးပွဲများမှတဆင့် ရရှိရန်မျှော်လင့်ကြောင်း နိုဝင်ဘာလ (၈) ရက်က ထုတ်ပြန်သောကြေညာချက်တွင် ဖော်ပြခဲ့သည်။ သို့သော် အဓိပ္ပာယ်ပြည့်ဝသောဆွေးနွေးပွဲများ ဖြစ်ပေါ်လာရန်ဝေးစွ၊ နအဖ၏ဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကြား အကြိုညှိနှိုင်းဆွေးနွေးပွဲများပင် ရပ်တန့်နေသည်ကိုပင် စိတ်မကောင်းဖွယ်ကြားသိနေရသည်။

ထို့အပြင် ဒီဇင်ဘာလဆန်းပိုင်းကကျင်းပခဲ့သော နအဖသတင်းစာရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးက အခြေခံဥပဒေရေးဆွဲရေးလုပ်ငန်းကို ပြီးစီးအောင်လုပ်မည်ဖြစ်ကြောင်း၊ မည်သူတဦးတယောက်၏အကူအညီနှင့် အကြံဉာဏ်တို့မှ မလိုကြောင်း၊ လမ်းပြမြေပုံ (၇) ဆင့်အတိုင်းသာလုပ်ဆောင်မည်ဖြစ်ကြောင်း ပြောကြားချက်များသည် ဒေါ်အောင်ဆန်းစုကြည်မျှော်လင့်ထားသည့် အဓိပ္ပာယ်ပြည့်ဝသောဆွေးနွေးပွဲများ ဖြစ်ပေါ်လာရေးမျှော်လင့်ချက်ကို ပျောက်ကွယ်စေသကဲ့သို့ဖြစ်နေသည်။

နအဖ၏ခြေလှမ်းကိုသုံးသပ်ကြည့်လျှင် တွေ့ဆုံဆွေးနွေးရေးကို ကြောက်နေသည့်အသွင်ဆောင်သည်။ ထိုအကြောက်စိတ် (Inferiority complex) ကြောင့်သာလျှင် လက်ရှိပကတိဖြစ်ပေါ်နေသော အခြေအနေမှန်များကိုမျက်ကွယ်ပြုလျှက် ၎င်းကျဆုံးခန်းကို ၎င်းကိုယ်တိုင်ဖန်တီးနေခြင်းဖြစ်ကြောင်း ထင်ရှားသည်။ နိုင်ငံတကာအစီအစဉ် Globalization အရ မြန်မာနိုင်ငံသည် စီးပွားရေးအရ၊ နိုင်ငံရေးအရ ကမ္ဘာ့မိသားစုအသိုင်းအဝိုင်းသို့ မဖြစ်မနေဝင်ရောက်ရတော့မည့်အချိန်ဖြစ်သည်။ ဤအချက်ကို မည်သည့်အရာကမျှ တားဆီး၍မရနိုင်။ ထိုအခြေအနေသို့ရောက်ရှိရေးအတွက် မြန်မာပြည်သည် ငြိမ်းချမ်းသော၊ ဖွံ့ဖြိုးတိုးတက်သော ဒေသတခုဖြစ်ရန် လိုအပ်ပေသည်။ ထိုသို့ဖြစ်ထွန်းစေရန်အတွက် ပြည်သူတို့၏ ဒီမိုကရေစီရေးလိုအင်ဆန္ဒများ တစုံတရာအတိုင်းအတာအထိပြည့်ဝစေရန် အခြေခံအားဖြင့်လိုအပ်လျှက်ရှိသည်ကို နအဖသတိမမူဘဲ မိုက်မဲစွာ အာဏာတည်မြဲရေးအတွက် တဖက်သတ်လုပ်ဆောင်လျှက်ရှိသည်။

အခြားတဖက်၌လည်း ပြည်သူလူထုကြီး၏ မကုန်မခန်းနိုင်သောစွမ်းပကားကို ရင်ဆိုင်နေရသည်။ ဒီမိုကရေစီကို အာသာငမ်းငမ်းတောင့်တနေသော လူထုကြီးသည် အခြေအနေကောင်းကိုစောင့်မျှော်လျှက် စစ်အုပ်စုအား အပြီးတိုင်ဖျက်သိမ်းတိုက်ပွဲဝင်မည်ဖြစ်သည်။ ပြည်သူကသာ ပြည်သူ့ကံကြမ္မာကို ဖန်တီးမည်ဆိုသည့်အချက်ကို မြန်မာပြည်သူများက ထပ်မံသက်သေပြကြပေဦးမည်။

နအဖရင်ဆိုင်နေရသော အရေးအကြီးဆုံးနှင့်နောက်ဆုံးအချက်မှာ နအဖစစ်တပ်အတွင်းတွင် ဗိုလ်သန်းရွှေကဲ့သို့ အာဏာရူးစစ်ဗိုလ်များသာရှိသည်မဟုတ်၊ ဒီမိုကရေစီလိုလားသော တိုင်းချစ်၊ ပြည်ချစ်၊ မျိုးချစ်စစ်သားကောင်းများလည်း အမြောက်အများရှိနေသေးခြင်းဖြစ်သည်။ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး စသည့်ပုဂ္ဂိုလ်များ၏ဩဇာကို ယခုအချိန်မလွန်ဆန်နိုင်သေးသည့်တိုင်အောင် ၎င်းမျိုးချစ်ပုဂ္ဂိုလ်များကလည်း အခါကောင်း၊ အခွင့်ကောင်းကိုစောင့်မျှော်လျှက် မိမိတို့တိုင်းပြည်ကြီး ချောက်ကမ်းပါးထဲကျတော့မည့်အန္တရာယ်မှကယ်တင်ကြမည့် အလားအလာတို့ကလည်း ထင်သာမြင်သာဖြစ်နေသည်။

ဤအချက် (၃) ချက်ကို အလေးမထားဘဲ တွေ့ဆုံဆွေးနွေးရေးကို မိုက်မဲရူးသွပ်စွာငြင်းပယ်နေသည့် နအဖစစ်အုပ်စုအား နည်းပေါင်းစုံဖြင့် တိုက်ပွဲဝင်ရန်မှတပါး အခြားမရှိ။ အနာဂတ်လူငယ်မျိုးဆက်သစ်များအတွက်ရည်စူး၍ မပြီးဆုံးသေးသော ဒုတိယအမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီးကို ဆင်နွဲကြပေဦးမည်။ သို့သော် လွတ်လပ်ရေးကားအလကားမရ၊ (Freedom is not free) ဟု ဆိုရိုးရှိသည်။ ထို့ကြောင့် မြန်မာပြည်သူတရပ်လုံးက စွန့်လွှတ်စွန့်စားသော၊ ပိုင်းဖြတ်ထားသောသံဓိဋ္ဌာန်ဖြင့် တိုက်ပွဲဝင်ကြရမည်ဖြစ်သည်။

❖ ❖ ❖



"အမျိုးသားရင်ကြားစေ့ရေး စိတ်ဓာတ်ကိုဆန့်ကျင်ရာရောက်တဲ့လုပ်ရပ်မှန်သမျှ၊ လူတွေကို ဒေါသထွက်စေတဲ့ လုပ်ရပ်မှန်သမျှ၊ တွေ့ဆုံဆွေးနွေးရေးကို ထိခိုက်စေမယ့်လုပ်ရပ်မှန်သမျှကို မြန်မာစစ်အစိုးရအနေနဲ့ ရှောင်ကြဉ်သင့်တယ်"

မစ္စတာဂမ်ဘာရီ

(ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့
(၂) ရက်တာခရီးစဉ်အတွင်း ပြောစကား)

# ဒေါ်အောင်ဆန်းစုကြည်၏မော်ကွန်းတင်ထိုက်သော တော်လှန်ရေးကြောင့် မြန်မာပြည်တွင် ဒီမိုကရေစီပြန်လည်ထွန်းကားမည်

နိုဝင်ဘာ (၂၈)

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အား ဗြိတိန်နိုင်ငံအခြေစိုက် နိုင်ငံရေးလေ့လာသူများအဖွဲ့ (ပီအက်စ်အေ) Political Studies Association မှ သူမဘဝတလျှောက်လုံး နိုင်ငံရေးတွင် ထူးခြားပေါက်မြောက်စွာ ဆောင်ရွက်နိုင်မှုအတွက် ရာသက်ပန်နိုင်ငံရေးအထူးဆုကို ယခုလ (၂၇) ရက်နေ့က ချီးမြှင့်လိုက်သည်။



ထူးခြားချက်မှာ ယခုအကြိမ် ဆုရွေးချယ်ရာတွင် အဖွဲ့ဝင်အားလုံး ကန့်ကွက်မှုမရှိဘဲ တခဲနက် ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် နအဖစစ်အစိုးရ လက်အောက်၌ (၁၀) နှစ်ကျော် ထိန်းသိမ်းခံနေရပြီး တကိုယ်ရေဆုံးရှုံးနစ်နာမှုများစွာရှိသော်လည်း မြန်မာ့ဒီမိုကရေစီရရှိရေးအတွက် မဆုတ်မနစ်တိုက်ပွဲဝင်မှုကြောင့် ဆုရွေးချယ်သူများက တညီတညွတ်တည်းရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း ယင်းအဖွဲ့၏ကြေညာချက်တွင်ဖော်ပြထားသည်။ "ဒီလိုရွေးချယ်ရတာကလည်း မြန်မာနိုင်ငံမှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဦးဆောင်နေရာက မြန်မာနိုင်ငံဒီမိုကရေစီရရှိရေးအတွက် ဒေါ်အောင်ဆန်းစုကြည်ရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေ၊ ဖိနှိပ်ချုပ်ချယ်တဲ့ စစ်အစိုးရကို (၁၀) နှစ်ကျော် အကျဉ်းကျခံရပေမယ့် အရှုံးမပေးခဲ့တာတွေဟာ အထူးဂုဏ်ပြုဖို့ထိုက်တန်တဲ့အချက်တွေပါ" ဟု ပီအက်စ်အေအဖွဲ့ ပြောခွင့်ရပုဂ္ဂိုလ် ဆုဖရတ်စတာက ဗွီအိုအေသို့ ပြောကြားခဲ့သည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်သည် ဆန့်ကျင်တော်လှန်ရေး၏ နိုင်ငံတကာသင်္ကေတလည်းဖြစ်လာခဲ့သည်။ (၁၉၉၁) ၌နိုဘယ်လ်ငြိမ်းချမ်းရေးဆုကိုရရှိခဲ့သည်။ ထို့အပြင် ဒီမိုကရေစီစနစ်ကို ယုံကြည်သူအားလုံးအတွက် စိတ်ဓာတ်ရေးရာလှုံ့ဆော်မှုကို ဆက်လက်ပြီးပေးနေသည်။ သူ၏ သမိုင်းဝင်ခုခံတော်လှန်ရေးကြောင့် အနည်းဆုံးမြန်မာနိုင်ငံ၌ ဒီမိုကရေစီစနစ် ပြန်လည်ထွန်းကားလာစေမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။ ယင်းဆုကို ဘားမားကန်ပိန်း (ယူကေ) အဖွဲ့မှ ဇိုရာဖန်းက ကိုယ်စားလက်ခံရယူကြောင်းသိရသည်။

အဲန်အယ်လ်ဒီ (အင်္ဂလန်) ဥက္ကဋ္ဌ ဒေါက်တာဝင်းနိုင်က "နိုင်ငံရေးလေ့လာသူများအဖွဲ့ကနေပြီးတော့ ရာသက်ပန်အထူးဆုကို ချီးမြှင့် လိုက်တာဟာ အင်မတန်အားကျစရာ၊ ဂုဏ်ယူစရာကိစ္စတခုဖြစ်ပါတယ်။ ကျနော်တို့ပြည်တွင်းပြည်ပမှာရှိနေကြတဲ့ နိုင်ငံသူနိုင်ငံသားအားလုံး သူရဲ့စိတ်ဓာတ်ကို လေးစားဂုဏ်ယူတဲ့အနေနဲ့ ဒေါ်အောင်ဆန်းစုကြည် အနစ်နာခံသလို တို့လည်းတတ်နိုင်သလောက် အနစ်နာခံမယ်ဆိုတဲ့စိတ်ဓာတ်လေးတွေနဲ့ ကိုယ့်တိုင်းပြည် ဒီမိုကရေစီရရှိရေးအတွက် ကြိုးစားကြမယ်ဆိုရင် မကြာခင်မှာ စစ်မှန်တဲ့ ဒီမိုကရေစီရမယ်လို့ လေးလေးနက်နက်ယုံကြည်ပါတယ်"ဟု ပြောလိုက်သည်။

ယခုနှစ်အတွက် တနှစ်တာနိုင်ငံရေးသမားဆုကို စကော့ရှိ အမျိုးသားပါတီခေါင်းဆောင် အဲလက်စ်ဆလ်မွန်ကရရှိပြီး တနှစ်တာနိုင်ငံရေးသတင်းထောက်ဆုကို ဘီဘီစီ နိုင်ငံခြားရေးရာအယ်ဒီတာ နစ်ရော်ဘင်ဆင်က ရရှိခဲ့သည်။ ယင်းပီအက်စ်အေအဖွဲ့ကို ဗြိတိန်နိုင်ငံရှိ နိုင်ငံရေးသမားများနှင့် နိုင်ငံရေးပညာရှင်များပါဝင်သော အဖွဲ့ဝင် (၁,၆၀၀) ကျော်ဖြင့်ဖွဲ့စည်းထားပြီး ဗြိတိန်နိုင်ငံတွင် အကြီးမားဆုံး နိုင်ငံရေးပညာရှင်များအဖွဲ့ဖြစ်သည်။ ယင်းအဖွဲ့ကြီးသည် နိုင်ငံရေးနှင့်ပတ်သက်၍ အလွန်ထူးဆန်းပြီး အထူးခြားဆုံးဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံရေးသမားများ၊ နိုင်ငံရေးသုတေသီများ စာနယ်ဇင်းသမားများကိုသာ နှစ်စဉ်ရွေးချယ်၍ ဆုများပေးအပ်ချီးမြှင့်သည်။

❖

## အကယ်၍အမျိုးသားရေးပြန်လည်ထူထောင်ရန် စေတနာရှိရိုးမှန်ပါက ဒေါ်အောင်ဆန်းစုကြည်အား ချက်ခြင်းလွှတ်ပေးရမည်ဟု ကုလသမဂ္ဂအထူးသံအရာရှိကဝေဖန်ခဲ့

"အခု ကျနော်တို့အားလုံးက ရှင်းရှင်းနဲ့ဘွင်းဘွင်းပဲပြောနေကြတယ်။ တကယ်လို့ အောင်ဆန်းစုကြည်ကသာ အဖြေရှာရေးအတွက် အစိတ်အပိုင်းတခုဖြစ်တယ်။ ဆွေးနွေးဘက်ကောင်းတယောက်ဖြစ်တယ်ဆိုရင်၊ ပြီးတော့ အဲဒါကလည်း တကယ့်ကိုမရှိမဖြစ်တဲ့ အရာတခုဖြစ်တယ်ဆိုရင် သူ့ကိုလွှတ်ပေးမှကိုဖြစ်လိမ့်မယ်"ဟု မစ္စတာအီဘရာဟင်ဂမ်ဘာရီက ကမ္ဘောဒီးယားနိုင်ငံ၊ ဖနွမ်းပင်မြို့သို့ နှစ်ရက်ကြာသွားရောက်ခဲ့သောခရီးစဉ်အတွင်း သတင်းထောက်များအား ဤသို့ပြောကြားခဲ့သည်။

"ပြည်သူလူထုကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်၊ ပြီးတော့ အတိုက်အခံတွေနဲ့ စစ်အုပ်စုအကြား စစ်မှန်တိုးတက်တဲ့ဆွေးနွေးပွဲတွေဖြစ်ထွန်းတိုးတက်လာစေဖို့အတွက် ထပ်ပြီးလှုပ်ရှားနေကြလိမ့်ဦးမယ်။ ထက်ထက်သန်သန်ကြီး အဖမ်းခံကြလိမ့်ဦးမယ်"ဟု ထပ်လောင်းပြောကြားသွားသည်။

သူက မြန်မာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကမ္ဘောဒီးယားသို့ရောက်ပြီး မကြာမီတွင် ဤသို့ပြောလိုက်ခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် ကမ္ဘောဒီးယားသို့ အတူရောက်လာခဲ့ကြသော်လည်း တွေ့ဆုံခဲ့ကြခြင်းမရှိကြောင်းနှင့် ထိုခရီးစဉ်နှစ်ခုသည် မထင်မှတ်ဘဲ ကြုံကြိုက်သွားခဲ့ရခြင်းဖြစ်ကြောင်း ကမ္ဘောဒီးယားအရာရှိတဦးကပြောသည်။

ဂမ်ဘာရီသည် စက်တင်ဘာလမှစ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အတိုက်အခံများနှင့်တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်သို့ စစ်အစိုးရရောက်လာစေရေးတွန်းအားပေးနေသော တတိယမြောက်ခရီးစဉ်အဖြစ် ရှေ့လထဲတွင် မြန်မာပြည်သို့ထပ်၍လာဦးမည်ဖြစ်သည်။ ❖



# ပခုံးစွမ်းရှိသမျှ အမျိုးသားရေးတာဝန်များကို ထမ်းဆောင်သွားမည်ဟု ရှစ်ဆယ့်ရှစ် မျိုးဆက်ကျောင်းသားများက (၈၇) ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် ကြေညာချက်ထုတ်ပြန်

ဒီဇင်ဘာလ (၅)

ဗြိတိသျှလက်အောက်ခံ ကိုလိုနီကျွန်ဘဝ၌ ကျရောက်နေစဉ်ကာလကတည်းကပင် မြန်မာကျောင်းသားလူငယ်များ၏ မျိုးချစ်စိတ်ကို ဖော်ကျူးပြသနိုင်ခဲ့သော အမျိုးသားရေးလှုပ်ရှားမှု၏ (၈၇) နှစ်မြောက်နေ့တွင် (၈၈) မျိုးဆက်ကျောင်းသားများက ကြေညာချက်တစောင်ထုတ်ပြန်လိုက်သည်။

ယနေ့မျက်မှောက်ခေတ်၏ လိုအပ်နေသော အမျိုးသားရေးတာဝန်တရပ်မှာ မြန်မာပြည်သူပြည်သားများ တွေ့ကြုံခံစားနေရသော ဘက်ပေါင်းစုံအကြပ်အတည်းများမှ လွတ်မြောက်ပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို အာမခံချက်ပေးနိုင်မည့် စစ်မှန်သည့်ပြည်ထောင်စုတခု ပေါ်ထွန်းရေးသည် ဒီမိုကရေစီရေးအင်အားစုများကြား၌သော်လည်းကောင်း၊ တိုင်းရင်းသားလူမျိုးစုများကြား၌သော်လည်းကောင်း၊ စိတ်ဝမ်းမကွဲပြားဘဲ အမြော်အမြင်ရှိမှုနှင့် ဇွဲသတ္တိရှိမှုတို့အပေါ်တွင် တည်ရှိနေကြောင်းကိုလည်း ထည့်သွင်းရေးသားထားသည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်မားရေးသည် လက်နက်ဖြင့်လည်းကောင်း၊ အမိန့်အာဏာဖြင့် လည်းကောင်း တည်ဆောက်၍မရနိုင်ဘဲ တမျိုးသားလုံး တန်းတူညီမျှရှိမှု၊ တရားမျှတမှု၊ ချစ်ကြည်ရင်းနှီးမှုတို့ဖြင့်သာလျှင် ယဉ်ကျေးသောအမျိုးသားရေးလက္ခဏာနှင့် ခေတ်မီတိုးတက်သော အမျိုးသားအကျိုးစီးပွားကို ဆောင်ကျဉ်းပေးနိုင်မည်ဟုလည်း ထောက်ပြထားသည်။

ထို့နောက် (၈၈) မျိုးဆက်ကျောင်းသားများက လက်ရှိမြန်မာနိုင်ငံအား အုပ်ချုပ်နေသော စစ်အစိုးရအား မြန်မာတမျိုးသားလုံး၏ အကျိုးစီးပွားနှင့်ဂုဏ်သိက္ခာအတွက် တခုတည်းသောတွေ့ဆုံဆွေးနွေးရေးလမ်းစဉ်အား အချိန်မဆိုင်းဘဲ အမြန်ဆုံးပြုလုပ်ပေးရန်နှင့် စစ်မှန်သည့်တွေ့ဆုံဆွေးနွေးပွဲများဖြစ်လာစေရေးအတွက် အဟန့်အတားကိုဖယ်ရှားကျော်လွှားသည့်အနေဖြင့် စစ်အစိုးရဆောင်ရွက်ပေးသင့်သည့် အချက် (၄) ချက်ကို တိုက်တွန်းတောင်းဆိုထားသည်။

(၈၈) မျိုးဆက်ကျောင်းသားများ၏ တောင်းဆိုချက်များမှာ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ မတရားဖမ်းဆီးခြင်းခံထားရသော ရဟန်းသံဃာများ၊ ပြည်သူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားနှင့် ကျောင်းသားခေါင်းဆောင်များစသည့်နိုင်ငံရေး အကျဉ်းသားအားလုံးအား ချွင်းချက်မရှိပြန်လွှတ်ပေးရန်။

တိုင်းရင်းသားလူမျိုးစုများကြား သွေးခွဲဆက်ဆံမှုများ၊ နိုင်ငံရေးအမြတ်ထုတ်မှုများနှင့် ဖိအားပေးအကြပ်ကိုင်မှုများကိုရပ်တန့်ရန်။

အမျိုး၊ ဘာသာ၊ သာသနာကို ပျက်ပြားစေသည့် သံဃာတော်များအား ဖမ်းဆီးနှိပ်စက်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများအား ဝင်ရောက်စီးနင်းခြင်း၊ ချိတ်ပိတ်၍ သံဃာတော်များအားသိတင်းသုံးရန် ကျောင်းပျောက်အောင် စီမံဆောင်ရွက်ခြင်းတို့အား ဆက်လက်မကျူးလွန်ရန်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလှုပ်ရှားသူများအား လိုက်လံစောင့်ကြည့်နှောင့်ယှက်ခြင်း၊ ဖမ်းဆီးနှိပ်ကွပ်နေခြင်းများအား ဆက်လက်မပြုလုပ်ရန်တို့ဖြစ်ကြသည်။

(၈၈) မျိုးဆက်များအနေနှင့်လည်း ခေတ်ကာလကပေးအပ်သည့် အမျိုးသားရေးတာဝန်များကို ပခုံးစွမ်းရှိသမျှ ကျေပွန်အောင်ထမ်းဆောင်သွားမည်ဖြစ်ကြောင်းလည်း အလေးအနက်ဖော်ပြထားသည်။

ကျွန်သက်ရှည်စေမည့် ဗြိတိသျှနယ်ချဲ့သမားတို့၏ ယူနီဗာစတီအက်ဥပဒေမူကြမ်းအား တတိုင်းပြည်လုံးက ကန့်ကွက်နေသည့်ကြားက အဓမ္မအတည်ပြုလိုက်သည့်အတွက် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့မှ တက္ကသိုလ်ကျောင်းသားများသည် သပိတ်မှောက်၍ စာသင်ခန်းများကို ကျောခိုင်းထွက်ခွာခဲ့ကြပြီး အမျိုးသားကျောင်းများကို စတင်ထူထောင်ခဲ့ကြသည်။ ဤသို့ ပြည်သူလူထုနှင့် ကျောင်းသားထုတရပ်လုံး အတူလက်တွဲ၍ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြခြင်းသည် မြန်မာ့လွတ်လပ်ရေးအတွက် အရေးပါသော ခြေလှမ်းတရပ်ဖြစ်ကြောင်း ကြေညာချက်တွင်ဖော်ပြထားသည်။

❖

# အာဆီယံအစည်းအဝေးကျင်းပနေချိန်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များ အကြောင်းမဲ့ ခေါ်ယူစစ်ဆေးမေးမြန်းခြင်းခံရ

နိုဝင်ဘာ (၂၁)

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကိုယ်စားပြုကော်မတီ (စီအာရ်ပီပီ) အဖွဲ့ဝင် (၃) ဦးအားနအဖစစ်အစိုးရက ရန်ကုန်မြို့ရှိ အောင်သပြေစစ်ကြောရေးစခန်းသို့ ခေါ်ယူကာ စစ်ဆေးမေးမြန်းမှုများပြုလုပ်ခဲ့သည်။



စီအာရ်ပီပီအတွင်းရေးမှူး ဦးအေးသာအောင်

စီအာရ်ပီပီအတွင်းရေးမှူး ဦးအေးသာအောင်နှင့် အဖွဲ့ဝင်များဖြစ်သည့် ပူကျင့်ရှင်းထန်နှင့် ဦးစိုးဝင်းတို့ကို ယမန်နေ့မနက် (၈) နာရီခန့်တွင် အထူးရဲများမှ လာရောက်ခေါ်ဆောင်သွားခြင်းဖြစ်သည်။

နအဖအစိုးရလူကြီးများမှ ဆွေးနွေးစရာရှိသည်ဟုဆိုကာ နံနက် (၈) နာရီတွင် ခေါ်ဆောင်သွားခဲ့ပြီး မည်သူနှင့်မျှမတွေ့ခဲ့ရဘဲ နေ့လည် (၁၂) နာရီခန့်တွင်ပြန်ပို့ပေးခဲ့သည်။ ၎င်းတို့ခေါ်ယူစစ်ဆေးသည့် အချိန်သည် ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖဆက်ဆံရေးဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်တို့ တတိယအကြိမ်မြောက်ဆွေးနွေးနေသည့်အချိန်ဖြစ်ပြီး ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပနေချိန်၊ အာစီယံထိပ်သီးအစည်းအဝေးကျင်းပနေချိန်တို့နှင့်လည်း တိုက်ဆိုင်နေသည်။ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အမှန်တကယ်ဖြစ်လာမည်လား မျှော်လင့်နေချိန်တွင် ယခုကဲ့သို့ဖမ်းဆီးစစ်ဆေးခြင်းလုပ်ရပ်များကို အမြန်ဆုံးရပ်တန့်ရန် ဦးအေးသာအောင်ကပြောဆိုလိုက်သည်။

ဆက်လက်၍ ဦးအေးသာအောင်က မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ထုတ်ပြန်ခဲ့သည့် ကြေညာချက်အား ထောက်ခံကြိုဆိုကြောင်းနှင့် “အများက ကြည်ညိုလေးစားတဲ့ ခေါင်းဆောင်တယောက်၊ (၉၀) ခုနှစ် ရွေးကောက်ပွဲမှာ အပြတ်အသတ်အနိုင်ရတဲ့ခေါင်းဆောင်တယောက်က တိုင်းပြည်ပေါ်မှာ တိုင်းရင်းသားလူမျိုးများရဲ့အပေါ်မှာ သူတို့သဘောထားကို ကြေညာလိုက်တဲ့ ကြေညာချက်အပေါ် အဲန်ကယ်လ်တို့အနေနဲ့ လက်ခံပါတယ်။ ထောက်ခံလည်းထောက်ခံပါတယ်။ ဒီလိုလည်းပဲဖြစ်သင့်တယ်။ ဒေါ်အောင်ဆန်းစုကြည်နှင့် နအဖအာဏာပိုင်များနှင့် တွေ့ဆုံဆွေးနွေးပြီးမှသာနောက်ထပ်တဆင့် တိုင်းရင်းသားပါတီတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေနှင့် တွေ့မယ်ဆိုတဲ့သဘောထားကိုလည်း စီအာရ်ပီပီမှာ ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားပါတီခေါင်းဆောင်တွေက သဘောထားညှိနှိုင်းပြီးသားလဲဖြစ်တယ်ဆိုတာ အဲန်ကယ်လ်ထပ်လောင်းပြီးတော့ ပြောချင်ပါတယ်။ ဒါကြောင့် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ယခုလိုကြေညာချက်အပေါ်မှာ လက်ခံတယ်။ ကြိုဆိုတယ်။ နောက်တဆင့်ကျမှသာ တိုင်းရင်းသားပါတီတွေ၊ တိုင်းရင်းသားခေါင်းဆောင်တွေ၊ နအဖနဲ့တွေ့ဆုံမယ့်အစီအစဉ်မျိုးကို နဂိုကတည်းက ညှိနှိုင်းပြီးသားဆိုတာ အဲန်ကယ်လ်တို့က ထပ်လောင်းပြောချင်ပါတယ်”ဟု ဦးအေးသာအောင်က ပြောဆိုခဲ့သည်။

ယခုခေါ်ဆောင်သွားသည့် စီအာရ်ပီပီမှ (၃) ဦးအနက် ဦးအေးသာအောင်နှင့် ဦးစိုးဝင်းတို့နှစ်ဦးအား အိမ်တိုင်ရာရောက် ပြန်လည်ပို့ဆောင်ခဲ့သော်လည်း ပူကျင့်ရှင်းထန်မှာ ယခုအချိန်ထိတိုင် အိမ်သို့ပြန်လည်မရောက်ရှိသေးကြောင်း သိရသည်။ ❖

## မျက်နှာဖုံးသတင်းမှ ...

ကြပါရန် တိုက်တွန်းခဲ့ကြခြင်းဖြစ်သည်။

တကမ္ဘာလုံး၏ ပတ္တမြားရောင်းဝယ်ရေးတွင် (၉၀) ရာခိုင်နှုန်းကျော်မှာ ဆင်းရဲတွင်းနက်နေသော မြန်မာပြည်မှ ပတ္တမြားများဖြစ်နေပြီး ထိုဈေးကွက်မှ ရောင်းရငွေတန်ဖိုးမှာလည်း ဒေါ်လာ သန်း (၁၀၀) ကျော်ရှိနေပြီး ထိုနိုင်ငံခြားငွေအားလုံးသည်လည်း စစ်အစိုးရအတွက် စစ်အသုံးစရိတ်အားဖြည့်ဝင်ငွေဖြစ်နေစေသည်။

ကမ္ဘာ့ကျောက်မျက်ဈေးကွက်တွင်ရှိသော ပတ္တမြား (၉၀) ရာခိုင်နှုန်းအထက်နှင့်ကျောက်စိမ်းအများစုမှာ မြန်မာပြည်မှဖြစ်ပြီး နအဖ၏ မသန့်ရှင်းသောဝင်ငွေကို အားဖြည့်ပေးနေသော ကုန်သည်များမှာ တရုတ်နှင့်ဟောင်ကောင်တို့မှ ဖြစ်ကြသည်။

“သူတို့ ခြောက်လတကြိမ်ရောင်းတယ်။ အရင်တခေါက်ရောင်းလိုက်ရတဲ့ကျောက်အရေအတွက်၊ ဝင်ငွေနဲ့လာတဲ့ကုန်သည်တွေအရေအတွက်ကို အခုတခေါက်နဲ့ ယှဉ်ကြည့်ပါ။ နောက်တခေါက်လုပ်ဦးမယ့် အရေအတွက်တွေနဲ့ ထပ်ယှဉ်ကြည့်လိုက်ပါ။ ပိတ်ဆို့မှုဟာ စစ်အစိုးရကို ထိခိုက်မှုရှိမရှိဆိုတာ ပေါ်လွင်လာပါလိမ့်မယ်”ဟု ဦးမောင်မောင်က ပြောခဲ့သည်။

အမည်မဖော်လိုသည့် အရောင်းခန်းတွင် စကားပြန်လုပ်ပေးနေသူ အစိုးရဝန်ထမ်းတဦးကလည်း နအဖ၏ ကျောက်မျက်ရတနာရောင်းချပွဲသည် ယခင်နှစ်များနှင့်စာလျှင် ဝင်ငွေအလွန်အမင်းနည်းသွားကြောင်း အတည်ပြုပြောကြားသည်။

နယူးယောက်အခြေစိုက် လူ့အခွင့်အရေးစောင့်ကြည့်သူများအဖွဲ့က မြန်မာ့ကျောက်မျက်ရတနာမှ ဝင်ငွေသည် ၂၀၀၆–၂၀၀၇ ဘဏ္ဍာနှစ်အတွင်း ဒေါ်လာသန်း (၃၀၀) ခန့်ရှိသည်ဟုပြောသည်။

❖

# စစ်အစိုးရ၏ ရှေ့နောက်မညီသော လုပ်ရပ်များအပေါ် မြန်မာ့အရေးလေ့လာသူများက ဝေဖန်မှုများရှိ

စက်တင်ဘာအရေးအခင်းနောက်ပိုင်း ရက်ပေါင်း (၆၀) အတွင်း မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ် (၂) ကြိမ်နှင့်ပတ်သက်၍ အစိုးရသတင်းစာများတွင် ဖော်ပြပေးခြင်းများရှိသကဲ့သို့ ဒေါ်အောင်ဆန်းစု၏ကြေညာချက်အား လက်မှတ်ထိုး၍ကန့်ကွက်နေသော အပစ်ရပ်အဖွဲ့များ၏ထုတ်ပြန်ချက်များကိုလည်း အစိုးရသတင်းစာများတွင် အကျယ်တဝင့်ဖော်ပြပေးခြင်းများကိုလည်း တဖက်က ကြိုးပမ်းဆောင်ရွက်နေသည်။

တိုင်းရင်းသားများ၏ထုတ်ပြန်ချက်များနှင့် ပတ်သက်ပြီး မြန်မာ့အရေးလေ့လာသုံးသပ်နေသူ ကိုစောကပီက“ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြေညာချက်ကို ထောက်ခံတာ၊ ကန့်ကွက်တာထက် ဒီစစ်အစိုးရရဲ့လက်အောက်မှာနေပြီးတော့ စစ်အစိုးရရဲ့လမ်းပြမြေပုံ (၇) ချက်ပေါ့လေ။ ဒီမိုကရေစီကိုသွားမယ့် နိုင်ငံရေးအချက်တွေကို ထောက်ခံတာက အဓိကဖြစ်နေတယ်။ ဒီထုတ်ပြန်ချက်တွေရဲ့ အဓိကရည်ရွယ်ချက်က စစ်အစိုးရကို ထောက်ခံဖို့ပြောနေတဲ့သဘောက ပိုများနေတယ်။ ဒီစစ်အစိုးရလက်အောက်မှာ cease-fire ယူထားတဲ့ အဖွဲ့တွေကနေပြီး စစ်အစိုးရရဲ့အလိုကျ ပြောခိုင်းတဲ့အတိုင်း ပြောနေရတဲ့သဘောပါပဲ”ဟု ထောက်ပြသွားခဲ့သည်။

ဆက်လက်၍ ဒေါ်စု၏ထုတ်ပြန်ချက်ကို အပြန်ပြန်ဖတ်ကြည့်ရာတွင် တိုင်းရင်းသားများကိုယ်စားသူက ဦးဆောင်ဆွေးနွေးမည်ဟု မပါဝင်ကြောင်း၊ တိုင်းရင်းသားအပစ်ရပ်အဖွဲ့များအနေနှင့် တိုင်းရင်းသားများအရေး ထည့်သွင်းဆွေးနွေးပေးသွားခြင်း မရှိသည်နှင့်စာလျှင်၊ ရှိနေခြင်းအား ဝမ်းသာအားပေးထောက်ခံကြရန်သာဖြစ်ကြောင်း ပြောသည်။

မစ္စတာဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ်အတွင်းမှစ၍ စစ်ဗိုလ်ချုပ်နှင့်ဝန်ကြီးအချို့တို့သည် တိုင်းရင်းသားဒေသများသို့လှည့်လည်၍ ညောင်နှစ်ပင်ကိုထောက်ခံကြောင်း၊ ရွှေဝါရောင်တော်လှန်ရေးကို ဆန့်ကျင်ကြောင်းတို့အား လူထုအစည်းအဝေးတုများဖန်တီး၍ လူအင်အားပြရန် ကြိုးပမ်းခဲ့ကြသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ချက်ထွက်လာသည့်အခါတွင်လည်း ထိုထုတ်ပြန်ချက်အားဆန့်ကျင်ကြောင်း အပစ်ရပ်အဖွဲ့များထံလှည့်လည်၍ ဖိအားပေးစေခိုင်းနေကြောင်း သတင်းများလည်း ထွက်ပေါ်ခဲ့သည်။

ကိုအောင်သူငြိမ်းကမူ “ဒေါ်အောင်ဆန်းစုကြည်က ရိုးရိုးသားသားပြောတယ်။ စစ်အစိုးရက စေတနာကို မတုံ့ပြန်တတ်ဘူး။ ရဟန်းသံဃာတွေက မေတ္တာပို့တယ်။ ဒီမေတ္တာကိုလည်း မခံယူတတ်ဘူး။ ဒေါ်အောင်ဆန်းစုကြည်က ပူးပေါင်းဆောင်ရွက်ပါမယ်လို့ ကြေညာချက်ထုတ်တယ်။ ဒီစေတနာကိုနားမလည်ဘူး။ အာဆီယံအဖွဲ့ကြီးမျိုးကနေပြီးတော့ မြန်မာအစိုးရကို ပူးပေါင်းပြီးတော့ ကူညီပါရစေလို့ပြောတာကိုလည်း ပုတ်ချလိုက်တယ်ဆိုတော့ ဒီလိုအခြေအနေမျိုးမှာ ဆွေးနွေးပွဲတွေအောင်မြင်ဖို့ကတော့ အလားအလာသိပ်မကောင်းလှဘူး”ဟု ၎င်း၏အမြင်ကို သုံးသပ်တင်ပြသွားသည်။

တွေ့ဆုံဆွေးနွေးရေးသည် လူတို့၏စိတ်ခေတ်အတက်အကျနှင့်လည်းဆိုင်သဖြင့် စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အပေါ် ထောက်ခံမှုကျသွားစေရန်နှင့် အားလျော့သွားစေရန်လုပ်နေသော သဘောများပင်ဖြစ်ကြောင်းကိုလည်း ဆက်လက်ပြောသွားသည်။

ထိုသို့တွေ့ဆုံခြင်းများနှင့်တိုက်ဆိုင်၍ အပစ်ရပ်အဖွဲ့များ၏ ကန့်ကွက်မှုများကို အစိုးရသတင်းစာများတွင်ဖော်ပြနေခြင်းနှင့်ပတ်သက်၍ အဲန်အယ်လ်ဒီ၏ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက “ကျနော်တို့ အခုလိုဆွေးနွေးနေတဲ့အချိန်မှာ ဒီလိုဟာမျိုးက မပါသင့်ဘူးလေ။ သတင်းစာထဲမှာမထည့်သင့်ဘူးလေ။ သတင်းစာဆိုတာကလည်း အစိုးရသတင်းစာကိုး။ ပါတီတခုချင်းအနေနဲ့၊ တိုင်းရင်းသားအဖွဲ့ဆိုတဲ့အဖွဲ့တွေရဲ့ တခုချင်းအနေနဲ့ ကိုယ့်ဆန္ဒကိုယ်ထုတ်ဖော်တာတော့ ကျနော်တို့ဘာမှမပြောလိုဘူး။ ဒါပေမယ့်လို့ တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို ဆောင်ရွက်နေတဲ့ကာလမျိုးမှာ ဒီဥစ္စာက မဖြစ်သင့်ဘူးလို့ အဲဒီလိုတော့ မှတ်ချက်ပြုချင်တယ်”ဟု ပြောသည်။

တဆက်တည်း ဒေါ်အောင်ဆန်းစုကြည်က ကြိုတင်ညှိနှိုင်းမှုများ တွေ့ဆုံမှုများမှတဆင့် မြန်မာနိုင်ငံတွင် စစ်မှန်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စစ်အစိုးရနှင့်တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးအကောင်အထည် ဖော်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြောခဲ့သည်။

❖



# လူထုအတွက် . . လူထုဖက်က... လူထုဒေါ်အမာ

အပိုင်း (၁)

ဝင်းတင့်ထွန်း

**လူထုရပ်တည်ချက်နဲ့ လူထုဖက်က လူထုအတွက် စာပေတွေကို အိုကြီး အိုမပေမယ့် ကလောင်မချ တက်တက်ကြွကြွ ရေးသားဖော်ကျူးနေလိမ့်မယ်ဆိုတာတွေကို မှန်းမျှော်တွေးဆကြည့်မိရင်း စိတ်ထဲကနေဂါရဝပြုမိခဲ့တာကလည်း အကြိမ်ကြိမ် ပါပဲ။ ကျနော်တို့ကိုယ်တိုင် နိုင်ငံရေးစာပေတွေကို အသည်းအသန်ဖတ်စအရွယ် ...**

(၁)

ကျနော်ဟာ အညာသားဖြစ်ပေမယ့် မန္တလေးထက် ရန်ကုန်ကိုပဲ ပိုပြီးကျွမ်းကျွမ်းကျင်ကျင်သွားတတ်လာတတ်ရှိခဲ့ပါတယ်။ ဘဝမှာ အနေကြာခဲ့ရတာကလည်း ရန်ကုန်မှာ မဟုတ်လား။ ဟိုတုန်းက မွေးရပ်ဌာနေ ရွှေဘိုမြေဆီပြန်တိုင်း မန္တလေးမှာပဲ ရက်တော်တော်ကြာကြာ ဝင်တတ်၊ နားတတ်ရောက်တတ်ခဲ့တာ အခါခါပေမယ့် 'ဝင်းတွေနဲ့တည်ထားတဲ့ မန္တလေးနေပြည်'ကို ရန်ကုန်လောက် မကျွမ်းကျင်ခဲ့တာကတော့ အမှန်ပါ။ ဒါပေမဲ့ အညာသွေး၊ ဗမာသွေးကပဲ စကားပြောလို့လား၊ ကုန်းဘောင်သွေးကပဲ စကားပြောလို့လား၊ ဘာလို့လဲတော့မသိပါ။ မန္တလေးကိုချစ်ခဲ့တာကတော့ ငယ်ငယ်ကတည်းကပါ။ ' မန်းရတနာပုံနေပြည် .... 'ဆိုတဲ့ အသံလေးနဲ့စလိုက်တဲ့သီချင်းသံကို ကြားရင် ငယ်ငယ်ကတည်းက ဘာရယ်မသိ။ လွမ်းတတ်ခဲ့ဖူးပြီး၊ ' .... ခြေတော် အသရေလျှမ်း .... ပြည်တော်ရွှေမန်း ....ငါးစောင်လေသိုက်ကျမ်း ....စိုက်နန်းရယ်တည်တော်မူ ....'ဆိုတဲ့ ခန့်ခန့်ညားညားစာသား၊ စကားပိုဒ်တွေပါဝင်တဲ့ အောင်မင်္ဂလာနဲ့အစချီလိုက်တဲ့ အောင်မင်္ဂလာသီချင်းကြီး သီချင်းခံသံကြီးကိုကြားလိုက်ရလေတိုင်းလည်း ရင်ထဲတလှပ်လှပ်ခံစားခဲ့ရဖူးပါတယ်။ ' .... ကော်ရော်သံ – ကော်ရော်သံ ....ဆင်ပန်းလက်စိုမိုးတယ် ....မျိုးလေးပါး၊ ရာရာကျော် ....သက်တော်ရှည်စေကြောင်းငယ် .... တောင်းဆုချွေ ....'ဆိုတဲ့ ဆုတောင်းမေတ္တာပို့ သသံအပိုဒ်နဲ့အတူ

'.... ဘုံဝေယံ ....နိုင်ငံပြည်သူ .... အေးစေဗိုလ်လူ ....'ဆိုတဲ့အပိုဒ်ကတော့ ရင်ထဲမှာ အမြဲလိုလိုလှိုင်းခတ်နေတတ်ခဲ့ပါတယ်။ ကျနော်ငယ်ငယ်လေးက ကျနော်တို့အိမ်အိုလေးရဲ့ ထရံစုတ်လေးပေါ်မှာ အမေမှတ်မှတ်ရရဝယ်လာ ချိတ်ဆွဲထားတဲ့ 'မန်းရာပြည့်'ပြက္ခဒိန်လေးပေါ်က မန္တလေးနန်းမြို့ရိုးနဲ့ ကျုံးရိပ်ရေပြင်ညို့ညို့ မန္တလေးအမှတ်အသား မန္တလေးပန်းချီကားလေးကိုလဲ အဲဒီတုန်းကတည်းက ခဏခဏငေးကြည့်မိရင်း အိပ်မက်ထဲအထိ မကြာမကြာမက်တတ်ခဲ့ဖူးပါတယ်။ ကျနော်မှတ်မိသမျှ ကျနော့်အမေလယ်သူမကြီးရဲ့တသက်တာမှာ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးပုံတချပ်နဲ့မဟာမြတ်မုနိဘုရားကြီးပုံတော်တချပ်ပြီးရင်၊ ပြက္ခဒိန်အဖြစ်ဝယ်ဖူးတာဆိုလို့ အဲဒီမန္တလေးရာပြည့် အထိမ်းအမှတ် မန္တလေးနန်းမြို့ရိုးနဲ့ကျုံးရေပြင်ညို့ညို့ပါ ပြက္ခဒိန်တခုပဲဝယ်ခဲ့ဖူးပါတယ်။ အမေခမျာ တော်တော်ကိုကြိုက်လွန်းလှလို့ဝယ်ခဲ့တာဖြစ်သလို၊ ကျနော့်ဘဝမှာလည်း ပထမဆုံး အိမ်မှာစမြင်ဖူးစွဲလန်းနှစ်သက်ဖူးတဲ့ပန်းချီကားဟာ အဲဒီမန္တလေးနန်းမြို့ရိုးပုံ ပန်းချီကားလေးပဲဖြစ်ခဲ့ပါတယ်။ ငယ်ငယ်တုန်းက ရောင်စုံခဲတံဗူးလေးစရတော့၊ ကိုယ့်ဟာကိုယ် မကြာမကြာလိုက်လိုက်ပြီး ကူးယူဆွဲကြည့်ခဲ့ဖူးတာဟာလည်း အဲဒီပြက္ခဒိန်ပေါ်က မန္တလေးနန်းမြို့ရိုးပန်းချီကားလေးပါပဲ။ ကျနော် ပထမဆုံးမန္တလေးကိုစရောက်တော့၊ နန်းရှေ့ဖက်ရောက်အောင်သွားပြီး၊ ငယ်ငယ်တုန်းကတည်းက အင်မတန်နှစ်သက်ခဲ့ဖူးတဲ့ မန်းရာပြည့်ပြက္ခဒိန်ပေါ်မှာပါခဲ့တဲ့ပန်းချီကားထဲက ရှုခင်းလေးနဲ့တူမယ့်နေရာသေချာရွေးပြီး တမေ့တမောထိုင်ကြည့်ခဲ့ဖူးပါတယ်။

မန္တလေးဟာ ရွှေဘိုနဲ့ဘာမှမဝေးလှပေမယ့် မန္တလေးကို ငယ်ငယ်ကတည်းက စွဲစွဲလန်းလန်းရှိခဲ့ပေမယ့်၊ ဘဝအခြေအနေအရ ကျနော့်ရဲ့လူငယ်ဘဝနှစ်ပေါင်းများစွာဟာ မန္တလေးကိုကျော်ပြီး ရန်ကုန်မှာ သွားကြီးပြင်းခဲ့ရပါတယ်။

အကြောင်းကြောင်းကြောင့် မန္တလေးကိုရောက်ဖြစ်ရင်လဲ တပတ်ဆယ်ရက်၊ ဆယ့်ငါးရက်တွေထက် မပိုခဲ့ရသလို ဖြစ်ခဲ့ရပြီး မချင့်မရဲ ခံစားခဲ့ရဖူးပါတယ်။ အဲဒီလို မချင့်မရဲခံစားခဲ့ရတဲ့ မန္တလေးကို ကြုံဆုံမယ့် ဆုံရတော့လည်း ဝရမ်းပြေးဘဝနဲ့ပဲ ရက်ပေါင်းများစွာ လရှည်၊ နှစ်ပေါက် ရင်ချင်းအပ်ပွေ့ဖက်နွေးထွေးခဲ့ရပါတော့တယ်။ ရှစ်လေးလုံးအရေးတော်ပုံကြီးအပြီး၊ အရေးတော်ပုံကြီးရဲ့အကျိုးဆက် နိုင်ငံရေးပါတီတွေ အလျှိုအလျှိုပေါ်ထွက်အပြီး၊ သိပ်တောင်များများစားစားမလှုပ်ရှားလိုက်ရပါဘူး။ နိုင်ငံရေးနဲ့ပဲ ဝရမ်းပြေးဘဝထပ်ရောက်ရပါတယ်။ ဟိုဟိုဒီဒီကနေ နောက်ဆုံးမှာမန္တလေးကိုရောက်လာရပါတော့တယ်။ ကျောင်းရိပ်၊ ကန်ရိပ်၊ သံဃာ့အရိပ်ပေါင်းစုံမှာခိုရင်း၊ ရဲဘော်တကာ မိတ်ဆွေတကာရဲ့ ခြံပေါင်းများစွာ အိမ်တကာမှာခိုရင်း၊ မန္တလေးမြို့ရဲ့နေရာပေါင်းစုံ လမ်းကြိုလမ်းကြား၊ ချောင်ကြားမကျန် အနှံ့ရောက်ရ၊ ကျင်လည်ရပါတော့တယ်။ လူက ဝရမ်းပြေးဖြစ်တဲ့အပြင် စက်ဘီးမြို့တော်ကြီးဖြစ်တဲ့ မန္တလေးမြို့ပေါ်မှာ စက်ဘီးမစီးတတ်တဲ့ကျနော်ဟာ မြေလျှောက်ဝိဇ္ဇာတပိုင်းဖြစ်ရပါတော့တယ်။ ဘယ်လောက်အထိတောင် မြေလျှောက်ဝိဇ္ဇာဖြစ်နေရသလဲဆိုတော့ ယူဂျီတပိုင်းအဖြစ် နေနေရတဲ့ကာလတချို့မှာ မန္တလေးက မိတ်ဆွေရဲဘော်တချို့က အထူးသဖြင့် ဟာသကြွယ်ကြွယ်လူငယ်တချို့က ကျနော့်ကွယ်ရာမှာ သူတို့အချင်းချင်း လျှို့ဝှက်နာမည်ပေးခေါ်နေကြတာက 'မြေလျှောက်ဝိဇ္ဇာကြီး'ဆိုတဲ့အထိပါပဲ။ နောက်ပိုင်းကျတော့ တချို့က 'ဝိဇ္ဇာ'ကြီးလို့ သူတို့ဟာသူတို့ နာမည်ပြောင်ပေးပြီး လျှို့ဝှက်ခေါ်ဆိုနေကြရာကနေ၊ 'ပထမံကြီး' လို့ ပြောင်းလဲခေါ်ဝေါ်တဲ့သူတွေလည်း ရှိခဲ့ရတဲ့အထိပါပဲ။ လူကလည်း ဟိုနေရာရောက်လိုက်၊ ဒီနေရာရောက်လိုက်နဲ့ မန္တလေးအနှံ့ ခြေစကြာပြန့်နေခဲ့ရပါတော့တယ်။ ကိုယ်ကိုတိုင်ကလည်း အညာသားဖြစ်တဲ့အပြင် အသားအရောင်ကလည်း ကြေးနီရောင်မက ကြေးညို၊ ကြေးမဲရောင်ပေါက်နေတော့ လွယ်အိတ်တလုံး ပခုံးပေါ်လွယ်ပြီး လမ်းတကာပေါ် ကုန်းကြောင်းလျှောက်နေတဲ့ ကျနော့်ကိုမြင်ရသူ မသိကြသူအပေါင်းကတော့၊ ဘယ်ကတောသား မြို့တက်ဈေးလာဝယ်သလဲလို့ပဲမြင်ကြလိမ့်မယ်ထင်ပါတယ်။ အဲဒီလိုတောင်ရောက်လိုက်၊ မြောက်ရောက်လိုက်နဲ့ မန္တလေး ရွှေမြို့တော်ကြီးရဲ့ နှလုံးသားတည့်တည့်ပေါ် မကြာမကြာ သွားလာလှည့်လည်နေတတ်တဲ့ကျနော်ဟာ မန္တလေးမြို့ကြီးရဲ့ အထင်ကရနေရာ (၈၄) လမ်းမကြီးပေါ်ကိုလည်း အကြိမ်ကြိမ်ဖြတ်သန်းခဲ့ရဖူးပါတယ်။

(၈၄) လမ်းမကြီးပေါ်ရောက်ရလို့ 'လူထု'တိုက်ရှေ့က မကြာခဏ ဖြတ်သန်းသွားရလေတိုင်း ဖျတ်ကနဲရင်ခုန်တတ်လေ့ရှိပါတယ်။ ဒီအနီးအနားဝန်းကျင်မှာ အမြဲလိုလို ထောက်လှမ်းရေးဒလျှိုဒလံတွေ ချထားတတ်တယ်လို့ပြောကြဆိုကြ သတိပေးကြဖူးတဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေအပေါင်းအသင်းတွေရဲ့စကားသံတွေကို ပြန်ပြန်ကြားမိ၊ သတိရမိနေတာကြောင့်တော့ မဟုတ်ပါ။

'လူထု'ဆိုတဲ့ စာလုံးလေးနှစ်လုံးနဲ့ရေးထိုးထားတဲ့ ကမ္ဗည်းဆိုင်းဘုတ်လေးဟာ ဆိုင်းဘုတ်အနေနဲ့ကတော့ ဘာမှ ကြီးကြီးကျယ်ကျယ်ခမ်းခမ်းနားနားမရှိပါ။ ဒုတိယမြို့တော်ကြီးဖြစ်နေတဲ့ မန္တလေးမြို့ကြီးပေါ်မှာ ဧရာမဆိုင်းဘုတ်ကြီးတွေ နေရာအနှံ့ရှိပါတယ်။ ထိုးမုန့်ဆိုင်တခုရဲ့ နာမည်ဆိုင်းဘုတ်၊ လဖက်ရည်ဆိုင်တခု၊ လွယ်အိတ်ဆိုင်တခုရဲ့အမည်ဆိုင်းဘုတ်လောက်တောင် ကြီးကြီးမားမား ထည်ထည်ဝါဝါ ဟိတ်နဲ့ဟန်နဲ့နေရာယူထားတာမရှိပေမယ့် တခြားတခြားသောဆိုင်းဘုတ်ကြီးတွေနဲ့ယှဉ်လိုက်ရင် ဆိုင်းဘုတ်လေးဟာ ခပ်သေးသေးပါပဲလို့တောင် ပြောရမှာဖြစ်ပေမယ့် 'လူထု'ဆိုတဲ့ စာလုံးလေးနှစ်လုံးဟာ ထူးထူးခြားခြား သက်ဝင်လှုပ်ရှားနေပါတယ်။

'လူ'ဆိုတဲ့ ပထမစာလုံးလေးကိုက 'လ'နဲ့တဆက်တည်းနှစ်ချောင်းငင်ဟာ တချောင်းနဲ့တချောင်း ခွဲမနေပဲ ခပ်သော့သော့လက်ရေးအသွင် တဆက်တည်းဆက်နေပါတယ်။ 'ထု'ဆိုတဲ့စာလုံးလေးက နောက်ဆုံးတချောင်းငင်လေးကလည်း လှိုင်းတွန့်လေးလိုကွေးတက်သွားပြီး ရိုးရိုးလေးနဲ့ ထူးထူးခြားခြားဖြစ်နေရင်း လူနဲ့အတူ ဟန်ချက်ညီအချိုးကျနေတယ်ထင်မိတယ်။ ဒါကိုက 'လူထု'တိုက်ရဲ့ လူထုအထိမ်းအမှတ် 'လူထု'လိုဂို၊ 'လူထု'မူပိုင် ထရိတ်မတ်လေးသဖွယ် လူထုကြားမှာ အသားကျနေခဲ့တာ နှစ်ပေါင်းနဲ့နဲ့နောနောမဟုတ်တော့။ 'လူထု'ဆိုတဲ့စာလုံးလေးက ရိုးရိုးလေးနဲ့အားပါနေသလို၊ 'လူထု'ဆိုတဲ့စာလုံးလေးနှစ်လုံးကို ဆက်ပြီးထွက်ပေါ်လာခဲ့တဲ့ ဗမာဝေါဟာရ၊ 'လူထု'ဆိုတဲ့ ဝေါဟာရရဲ့အနက်အဓိပ္ပါယ်ကလဲ ရိုးရိုးလေးနဲ့ အားမာန်ပြည့်နေရုံမက ကျယ်ကျယ်ပြန့်ပြန့်လေးလေးနက်နက်နဲ့ အခြေခံကျကျ အနှစ်သာရသဘောကို ဖော်ညွှန်းနေပါတယ်။ 'လူထု'ဆိုတာ အခြေခံအကျဆုံးသော၊ အကျယ်ပြန့်ဆုံးသော အများတကာ့အများစုကြီးဖြစ်သော ပြည်သူပြည်သားအားလုံးကို ကိုယ်စားပြုထားတဲ့ ဝေါဟာရမဟုတ်လား။

ကနေ့ကာလမှာတော့ 'လူထု'ဆိုတဲ့ ဝေါဟာရဟာ ရေပန်းအစားဆုံးဝေါဟာရတခုဖြစ်နေတာကြာပါပြီ။

'လူထုသဘောထား'၊ 'လူထုစစ်တမ်းကောက်ယူချက်'၊ 'လူထုတိုက်ပွဲ'၊ 'လူထုခေါင်းဆောင်'၊ 'လူထုထောက်ခံမှု'၊ 'လူထုဆန္ဒ'။

'လူထု'တိုက်နားက ဖြတ်သန်းသွားရလေတိုင်း၊ 'လူထု'ဆိုတဲ့ ဆိုင်းဘုတ်လေးဆီလှမ်းကြည့်မိလျက်သားဖြစ်တတ်ခဲ့ပြီး၊ နိုင်ငံရေး၊ ဝရမ်းပြေးတယောက်ဘဝပေမို့၊ တခါမှမဝင်ဖြစ်အောင် သတိထားရှောင်ကွင်းခဲ့ရပေမယ့်အဲဒီနားက ဖြတ်သန်းရတိုင်း ရင်ခုန်မိတတ်တာတော့ မှတ်မှတ်ထင်ထင်ပါပဲ။

ဒီ 'လူထု'ဆိုတဲ့ ဆိုင်းဘုတ်လေးနဲ့ 'လူထု'ဆိုတဲ့ တိုက်အိမ်လေးထဲမှာ အမေလူထုဒေါ်အမာရှိနေလိမ့်မယ်။

အမေဒေါ်အမာဟာ လူထုဒေါ်အမာဆိုတဲ့အတိုင်း လူထုရပ်တည်ချက်နဲ့ လူထုဖက်က လူထုအတွက် စာပေတွေကို အိုကြီးအိုမပေမယ့် ကလောင်မချ တက်တက်ကြွကြွရေးသားဖော်ကျူးနေလိမ့်မယ်ဆိုတာတွေကို မှန်းမျှော်တွေးဆကြည့်မိရင်း စိတ်ထဲကနေဂါရဝပြုမိခဲ့တာကလည်း အကြိမ်ကြိမ်ပါပဲ။ ကျနော်တို့ကိုယ်တိုင် နိုင်ငံရေးစာပေတွေကို အသည်းအသန်ဖတ်ရှုစအရွယ်က လူထုတိုက်ထုတ်စာအုပ်စာပေတွေကို ဖတ်ရှုခဲ့ရတာနဲ့ အမေလူထုဒေါ်အမာရဲ့ 'ဘဝချင်းမတူသည့်တရုတ်ပြည်'၊ 'အို ....ယန်းကီးတို့'၊ 'ငွေနဲ့လက်နက်'တို့အပါအဝင် လူထုဦးလှရဲ့ 'လှောင်ချိုင့်တွင်းက ငှက်ငယ်များ'၊ 'အားလုံးကောင်းကြရဲ့လား'၊ 'သတင်းစာများကပြောသောသမိုင်း' စတဲ့စာအုပ်တွေအကြောင်း ဖျတ်ကနဲ ဖျတ်ကနဲ သတိရမိတတ်ပါတယ်။

(၂)

ကျနော်တို့ဗမာပြည်စာပေသမိုင်းမှာ အလေးထားရမယ့် စံတင်လောက်တဲ့ အမျိုးသမီးကလောင်ရှင်တွေ ခေတ်အလိုက် ခေတ်အလိုက် ထွက်ပေါ်ခဲ့ဖူးပါတယ်။ ပဒေသရာဇ်ခေတ်တွေလောက်ဆီကို ခဏထား၊ အနီးခေတ်ကာလလောက်အထိပဲ ခွဲကန့်ကြည့်မယ်ဆိုရင် ဒေါ်ဒဂုန်ခင်ခင်လေး၊ ဂျာနယ်ကျော်မမလေး၊ ဒေါ်ခင်မျိုးချစ်၊ ဒေါ်ခင်နှင်းယုနဲ့ အမေလူထုဒေါ်အမာတို့ကို အားကောင်းမောင်းသန် တကယ့်ကလောင်ရှင်ကြီးတွေအဖြစ်တွေ့ရပါလိမ့်မယ်။

ဗမာစာပေအနု ပညာလောကမှာ

စာမျက်နှာ (၁၃) ကော်လံ (၁) သို့....

# စာရေးဆရာမကြီး လူထုဒေါ်အမာ၏ (၉၂) နှစ်ပြည့် မွေးနေ့ပွဲကျင်းပ



အသက် (၉၂) နှစ်ပြည့်မွေးနေ့တွင် သံဃာတော်များအား ဆွမ်းလောင်းလှူနေသည့် ဒေါ်အမာ



လူထုဒေါ်အမာ၏ မွေးနေ့အလှူ

ဗြိတိသျှကိုလိုနီဘဝမှစ၍ လက်ရှိနအဖ စစ်အစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်တွင် မတရားသည့်အမိန့်အာဏာမှန်သမျှဖီဆန်ရန် မပျက်ကွက်ခဲ့သူ လူထုဒေါ်အမာ၏မွေးနေ့ပွဲကို အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၌ ကျင်းပခဲ့သည်။

သံဃာတော်အပါး (၁၀၀၀) ကို ဆွမ်းကပ်လှူဒါန်းခဲ့သော အမေဒေါ်အမာ၏မွေးနေ့ပွဲတွင် မြန်မာပြည်နေရာအနှံ့အပြားမှ လူထုဒေါ်အမာအား ချစ်ခင်လေးစားသူပေါင်း (၃၀၀) ခန့် လာရောက်ဂါရဝပြုခဲ့ကြသော်လည်း ယမန်နှစ်ကတက်ရောက်ခဲ့သူအတော်များများ မလာရောက်နိုင်တော့သည့်အကြောင်း သားဖြစ်သူ ကိုညီပုလေးက ပြောသည်။ ယခုနှစ်တွင် လာရောက်ဂါဝရပြုနိုင်ခြင်းမရှိသူများမှာ အသက်အရွယ်ကြီးရင့်လာသူများ၊ စရိတ်စကကြီးမြင့်မှုဒဏ်ကို ခံစားနေကြရသူများနှင့် နိုင်ငံရေးအရ ထောင်သွင်းအကျဉ်းကျခံနေရသော နိုင်ငံရေးလှုပ်ရှားဆောင်ရွက်နေသူများဖြစ်ကြသည်။

လူထုဒေါ်အမာ၏မွေးနေ့တွင် အမရပူရရှိ တောင်လေးလုံးကျောင်းတိုက်တွင် မြန်မာနိုင်ငံအနှံ့အပြားမှ စာပေချစ်မြတ်နိုးသူများလာရောက်၍ နှစ်စဉ်မပျက် စာပေရေးရာဆွေးနွေးဖလှယ်လေ့ရှိသော်လည်း ၂၀၀၅ ခုနှစ်က (၈၈) ကျောင်းသားခေါင်းဆောင်များပါဝင်လာခဲ့သည့်အတွက် စစ်အစိုးရက ၂၀၀၆ ခုနှစ်၊ ယမန်နှစ်ကစ၍ ကန့်သတ်ချုပ်ချယ်လာသဖြင့် ကျင်းပနိုင်ခြင်းမရှိတော့ပေ။

မွေးနေ့တွင် ငြိမ်းချမ်းရေးအထိမ်းအမှတ်အဖြစ် ငှက် (၂) ကောင်လွှတ်ခဲ့သော လူထုဒေါ်အမာသည် စက်တင်ဘာအရေးအခင်းနှင့်ပတ်သက်၍ တွေ့ဆုံမေးမြန်းကြစဉ်က "ကျနော်တို့ငတ်နေပါတယ်ဆိုတာကို ရိုက်နှက်နေလို့တော့ တော်သလား၊ စဉ်းစားကြပေါ့"ဟု ပြောကြားခဲ့သည်။

မဲဆောက်တွင်ကျင်းပသော ဒေါ်အမာ၏မွေးနေ့ပွဲတွင် လူထုဒေါ်အမာ၏ အဝေးရောက်သားတဦးဖြစ်သူ ဖိုးသံ (လူထု) က မွေးနေ့အမှတ်တရကဗျာကို ရေးသားခဲ့ရာ ဗကသမှ ကိုမင်းနိုင်မှ ဖတ်ကြားပေးခဲ့သည်။

ဒုတိယကျောင်းသားသပိတ်မှစတင်၍ အမျိုးသားရေးလှုပ်ရှားမှုများတွင်ပါဝင်လာခဲ့သူ ဒေါ်အမာတို့ပိုင်ဆိုင်သော လွတ်လပ်ရေးမရမီ ၁၉၄၅ ခုမှ စတင်ထူထောင်လာခဲ့သော လူထုပုံနှိပ်တိုက်သည် လွတ်လပ်ရေးရရှိပြီး ၁၉၄၉ ခုနှစ် ဧပြီလတွင် ဗုံးထောင်ဖြိုခွဲခြင်းကိုခံခဲ့ရသော်လည်း နိုဝင်ဘာလဆန်းတွင် ပြန်လည်ထုတ်ဝေနိုင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင်လည်း ဒေါ်အမာ၏ လူထုသတင်းစာတိုက်အားချိပ်ပိတ်ခံခဲ့ရသည်။ ၁၉၇၈ ခုနှစ်တွင် ခင်ပွန်းသည် လူထုဦးလှ၊ သားကိုငြိမ်းချမ်းတို့နှင့်အတူ အဖမ်းခံခဲ့ရသည်။

လူထုဒေါ်အမာသည် လူထုသတင်းစာနှင့် လူထုဂျာနယ်ကိုထုတ်ဝေခဲ့သည့်အပြင် ဘာသာပြန်စာပေများ၊ နိုင်ငံရေးဆိုင်ရာ ဘာသာပြန်စာအုပ်များ၊ အနုပညာသည်များအကြောင်း စသည်ဖြင့် ပြည်သူလူထုအတွက် အကျိုးဖြစ်ထွန်းစေမည့် စာပေမျိုးစုံအား ကလောင်အမည်ခွဲများဖြင့် မပြတ်ရေးသားလာခဲ့သူလည်းဖြစ်သည်။ ယခုထိလည်း ကလျာ၊ ရွှေအမြုတေအပါအဝင် လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဆက်လက်ရေးသားနေဆဲဖြစ်ပြီး အလွမ်းပြေမှတ်စုများအမည်ရှိ ဆောင်းပါးပေါင်းချုပ်စာအုပ်ထုတ်ဝေရန် စီစဉ်နေကြောင်းသိရသည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်အပြည့်အစုံကို မြန်မာဘာသာဖြင့်ဖော်ပြမိသောဂျာနယ်များ တပတ်ရပ်နားခံရ

မစ္စတာဂမ်ဘာရီမှတဆင့် ထုတ်ပြန်လိုက်သည့် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်အား အစိုးရပိုင်မြန်မာ့အလင်းသတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့်ရေးသားဖော်ပြခဲ့သော်လည်း ပုဂ္ဂလိကဂျာနယ်များတွင်မူ ထိုသတင်းဖော်ပြမှုဖြင့် ထုတ်ဝေခွင့်ရပ်နားခြင်းခံခဲ့ကြရသည်။

မြန်မာဘာသာဖြင့်ရေးသားထားသည့် ကြေညာချက်အား ဓာတ်ပုံနှင့်တကွ ဖော်ပြခဲ့သော နယူးဝပ်ချ်နှင့် လျှပ်တပြက်ဂျာနယ်များအား ထုတ်ဝေခွင့်တပတ်ပိတ်ပင်လိုက်ပြီး ဆဲဗင်းဒေးဂျာနယ်၏ မျက်နှာဖုံးတွင် ရိုက်နှိပ်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ပုံကိုမူ ဆေးမဲသုတ်၍ အပေါ်တွင် အခြားသတင်းတပုဒ်အားရေးသားဖော်ပြခဲ့ရကြောင်း ရန်ကုန်အခြေစိုက် သတင်းထောက်တဦး၏အပြောအရသိရသည်။

ဤသို့ဖြစ်ရခြင်းမှာ အဆိုပါဂျာနယ်များက ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်အပြည့်အစုံကို ဘာသာပြန်၍ဖော်ပြခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သည့်အောက်တိုဘာလ (၁၉) ရက်နေ့ကမူ မြန်မာတိုင်းနှင့် လျှပ်တပြက်ဂျာနယ်တို့တွင် မျက်နှာဖုံးဆောင်းပါးအဖြစ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ဓာတ်ပုံနှင့်တကွဖော်ပြခွင့်ပြုခြင်းရှိခဲ့သည်။ ဝိကလီးဂျာနယ်တွင် အယ်ဒီတာ့အာဘော်ခန်းမှပင် ဖော်ပြခြင်းအားလည်း ခွင့်ပြုထားခဲ့သည်။ ရန်ကုန်တိုင်းဂျာနယ်တွင် ဝါရင့်နိုင်ငံရေးသမားကြီးများနှင့် အင်တာဗျူးများကို ဖော်ပြလျှက်ရှိခဲ့ရာတွင်လည်း စစ်အစိုးရ၏ ၁/၂၀၀၇၊ ၂/၂၀၀၇၊ တို့အားလည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မစ္စတာအီဗရာဟင်ဂမ်ဘာရီ၏မြန်မာ့အရေးဆောင်ရွက်ချက်များနှင့်ပတ်သက်၍လည်းကောင်း ဖော်ပြခြင်းများရှိခဲ့သည်။

ထိုအင်တာဗျူးများဖော်ပြခြင်းနှင့်ပတ်သက်၍ သခင်ချန်ထွန်းက "တွေ့ဆုံဆွေးနွေးဖို့ဆန္ဒရှိတာကို ကြိုဆိုပါတယ်။ ဝမ်းသာတယ်ဆိုတာကိုတော့ ဖော်ပြပါတယ်။ ကြေညာချက်အမှတ် ၂/၂၀၀၇ အရ အလုပ်သမား ဒုဝန်ကြီးကို ဆက်ဆံရေးဝန်ကြီးခန့်တာဟာ အချိန်ဆွဲတာဖြစ်တယ်လို့ပြောတာကိုကျတော့ ဂျာနယ်မှာမပါတော့ဘူး။ ကျနော်ပြောတာ မိနစ် (၄၀) စာလောက်ရှိပါတယ်။ နည်းနည်းပဲ ဖော်ပြတာတွေ့ရတယ်" ဟု ရေဝတီသို့ပြောသွားသည်။

ဒေါ်အောင်ဆန်းစုကြည်က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးဆောင်ရွက်နေချိန်တွင် ထိုသို့သောအပြုအမူမျိုးကို မလုပ်သင့်ကြောင်း အဲန်အယ်လ်ဒီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းကပြောသည်။

ထိုသို့အစိုးရသတင်းစာများအပါအဝင် ပုဂ္ဂလိကဂျာနယ်များတွင်ပါ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးအောင်ကြည်တို့ သုံးကြိမ်တွေ့ဆုံသည့်သတင်းတို့အား အကျယ်တဝင့်ရေးသားဖော်ပြခြင်းများလည်းရှိနေသည်။
❖

# မြန်မာပြည်တွင် အမေရိကန် ဆန့်ကျင်ရေး အရှိန်မြှင့်ဆောင်ရွက် တိုင်းရင်းသားများအား ညီလာခံထောက်ခံပွဲများတွင် လက်နက်သဖွယ်အသုံးချ

နိုဝင်ဘာ (၁၂)




မြန်မာပြည်တွင် ကျင်းပနေသည့် နအဖ၏ ညီလာခံထောက်ခံပွဲများ

နအဖ၏ ညောင်နှစ်ပင်ညီလာခံအား ထောက်ခံရန် မရမနေဆင့်ခေါ်ခြင်းခံထားရသည့်ကျေးရွာလူထုရှေ့တွင် အမေရိကန်သမတ၏ပုံကို မီးရှို့ဖျက်ဆီးခြင်းအား ကြံ့ဖွံ့နှင့်ရဲတပ်ဖွဲ့ဝင်များကပြုလုပ်ခဲ့ကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့တွင် ကျေးရွာပေါင်း (၃၇) ရွာမှ တိုင်းရင်းသား (၁၀,၀၀၀) ခန့်အား အဓမ္မဆင့်ခေါ်၍ ထိုထောက်ခံဆန္ဒပြပွဲကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ ဒေသခံတဦးက မဇ္ဈိမသို့ပြောရာတွင် "ပြည်သူတွေက အမေရိကန်ကို ဆန့်ကျင်တယ်ဆိုတာမျိုးဖြစ်အောင်လုပ်တာပါ။ တကယ်က မီးရှို့တဲ့သူတွေက အရပ်ဝတ်နဲ့ လိုက်လာတဲ့ရဲတွေ။ ဒီလိုလုပ်ဖို့အကြံပေးတာက ကြံ့ဖွံ့က ဦးကျော်မြင့်"ဟုသိရသည်။ ထို ဦးကျော်မြင့်ဆိုသူမှာ ဖရန်စစ်ဟိုတယ်ပိုင်ရှင်၊ နမ့်ခမ်းကြံ့ဖွံ့ခေါင်းဆောင်ဖြစ်သည်။

ညီလာခံထောက်ခံပွဲဖြစ်မြောက်ရန် နမ့်ခမ်းမယကဥက္ကဋ္ဌ ဦးတင်နိုင်မှ ဦးဆောင်ခဲ့ပြီး နိုဝင်ဘာ (၉) ရက်နေ့က ရယကဥက္ကဋ္ဌများနှင့်အစည်းအဝေးတွင် ရပ်ကွက်နှင့်ကျေးရွာတခုချင်းအလိုက် လူ (၅၀၀) မလိုက်မနေရဆင့်ခေါ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံတဦး၏အပြောအရသိရသည်။ အချို့ရပ်ကွက်နှင့်ကျေးရွာငယ်များတွင် အိမ်ခြေ (၂၀၀) မျှသာရှိ၍ လူ (၅၀၀) မပြည့်နိုင်ကြောင်း တင်ပြသော်လည်း အမိန့်ကိုနာခံရမယ်ဟု မယကဥက္ကဋ္ဌမှပြန်ပြောကြောင်း ၎င်းက ဆက်လက်ပြောကြားသွားသည်။

တရပ်ကွက်လျှင် (၅) ခုနှုန်းဖြင့် ဆန္ဒပြသူများကိုင်ဆောင်လာရသည့်ဆိုင်းဘုတ်များနှင့်ပတ်သက်၍လည်း နမ့်ခမ်းမြို့သားကိုအိုကမွန်က "ဆိုင်းဘုတ်တွေက သူတို့ရေးချင်တာ လျှောက်ရေးခဲ့တာပေါ့။ အသံလွှင့်ဌာနတွေကို ရှုတ်ချထားတာတွေလည်းပါတယ်။ ဘယ်သူကမှ စိတ်မဝင်စားပါဘူး" ဟုပြောသည်။ ချီတက်လမ်းလျှောက်နေစဉ်ရှေ့ဆုံးမှလိုက်ပါကြသည့် ကြံ့ဖွံ့များက နိုင်ငံရေးဦးတည်ချက်များကို တိုင်ပေးသော်လည်း နောက်မှလိုက်ဆိုမည့်သူလည်း မရှိကြောင်း ရယကနှင့် နီးစပ်သူတဦးကပြောခဲ့သည်။

ရန်ကုန်မြို့လည်များတွင်မူ "အမေရိကန်အားကိုး၊ ပုဆိန်ရိုး။ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ" ဟူသော ကြီးမားသည့်ဆိုင်းဘုတ်ကြီးများကို စိုက်ထူခြင်းဖြင့် ဝါဒဖြန့်နေသည်။

စက်တင်ဘာအရေးအခင်းကို အကြမ်းဖက်နှိမ်နင်းပြီးနောက် မစ္စတာဂမ်ဘာရီ၏ ခရီးစဉ်နှင့်တိုက်၍ ကချင်ပြည်နယ်တွင်လည်း ဤသို့ညီလာခံထောက်ခံပွဲကို အတင်းအကြပ်ကျင်းပခဲ့ပြီးသည့်နောက်တွင် စစ်အစိုးရသည် နယ်စွန်နယ်ဖျားဒေသများမှ တိုင်းရင်းသားလူမျိုးစုများအား ညီလာခံထောက်ခံပွဲကျင်းပရေးလက်နက်သဖွယ် အဆက်မပြတ် အသုံးချလျှက်ရှိသည်။ ❖

"စစ်မှန်သော ဒီမိုကရေစီများ၏ကျောရိုးသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများမှတဆင့် တင်မြှောက်ခြင်းခံထားရသော ပြည်သူ့လွှတ်တော်ဖြစ်ပါတယ်။ ထို့ကြောင့် ပြည်သူ့လွှတ်တော်ပေါ်ပေါက်ရေးနှင့် ဒီမိုကရေစီရေးကို မည်သို့မှ ခွဲခြား၍ မရပါ ...။"

ဒေါ်အောင်ဆန်းစုကြည် (ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (၉) နှစ်မြောက်နေ့)

# ဒေသတွင်းလူ့အခွင့်အရေးများကို ကာကွယ်မည့် အာဆီယံပဋိညာဉ်သည် မြန်မာ့အရေးဖြေရှင်းပေးနိုင်ဖွယ်မရှိ

အောက်တိုဘာ (၂၀)

အခြေခံလွတ်လပ်ခွင့်များကို လေးစားရန်နှင့် လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရုံသာမက လူ့အခွင့်အရေးမြှင့်တင်ပေးရန်ဆိုသည့် လူစိတ်ဝင်စားလောက်သော အချက်နှစ်ချက်ပါသော အာဆီယံ၏ ပထမဦးဆုံးပဋိညာဉ်သည် လက်တွေ့တွင်မူ မြန်မာ့အရေးကိုပင် ပြေလည်အောင်ဖြေရှင်းပေးနိုင်မည့်လက္ခဏာမရှိကြောင်း ဝေဖန်မှုများရှိနေသည်။

စာမျက်နှာ (၄၀) ပါဝင်ပြီး ရည်ရွယ်ချက်၊ အခြေခံမူ၊ ဥပဒေရေးရာ၊ လူ့အခွင့်အရေးနှင့် ပတ်သက်သည့်အချက်အလက်များစသဖြင့် ပြဌာန်းချက် အခန်း (၅၅) ခန်းပါဝင်သည့် ယင်းစာတမ်းကို အာဆီယံအသင်းဝင် (၁၀) နိုင်ငံက ခေါင်းဆောင်အားလုံး လက်မှတ်ရေးထိုးခဲ့ကြသည်။ ပဋိဉာဉ်စာတမ်းအားချိုးဖောက်ခဲ့ပါက အခန်း (၂၀) တွင်ပါသည့်အတိုင်း ထိပ်သီးညီလာခံတွင် တင်ပြရန်ဟုပါရှိသော်လည်း မည်သို့အရေးယူမည်ဆိုခြင်းကိုမူ ရှင်းရှင်းလင်းလင်းဖော်ပြထားခြင်းရှိပေ။

အာဆီယံဟုခေါ်သော အရှေ့တောင်အာရှတိုင်းပြည်များ၏ ခေါင်းဆောင်များသည် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးတို့ တိုးတက် ဖွံ့ဖြိုးရေးရှေ့ရှု၍ ထိုပဋိညာဉ်စာတမ်းကိုပြုစုကာ လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။ အာဆီယံအဖွဲ့ဝင်ဆယ်နိုင်ငံတို့၏ ထပ်တူကျသည့် သဘောတူညီချက်ဖြစ်သော၊ အာဆီယံ၏ အဓိကကျပြီး ယုံကြည်သက်ဝင်ရာဖြစ်သော၊ နှစ်လေးဆယ်အတွင်း ပထမဆုံးစည်းမျဉ်းများလည်းဖြစ်သော ထိုပဋိညာဉ်လက်မှတ်ထိုးပွဲအခမ်းအနားကို အဖွဲ့ဝင်မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးချိုးဖောက်နေသည့် ဖြစ်ရပ်မှန်များအလယ်တွင် ပုတ်ခတ်ဝေဖန်မှုများခြံရံလျက် ကျင်းပခဲ့ရခြင်းဖြစ်သည်။

လူ (၁၅) ယောက်ထက်မနည်းသေဆုံးခဲ့ရပြီး ထောင်ပေါင်းများစွာ အဖမ်းခံခဲ့ရသော စက်တင်ဘာတော်လှန်ရေးတွင် နအဖစစ်ဗိုလ်ချုပ်ကြီးများက အစိုးရအားဆန့်ကျင်သူများကို ရက်စက်ကြမ်းကြုတ်စွာ နှိမ်နင်းခဲ့ပြီးနောက် နိုင်ငံတကာ၏ဒေါသကို ဆွပေးခဲ့သည်။

ထိုမှ အငြင်းပွားမှုများသည် အိမ်ရှင်စင်ကာပူနိုင်ငံက ကုလ၏အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီအား မိန့်ခွန်းပြောရန် ဖိတ်ကြားခဲ့သော အာဆီယံအစည်းအဝေးသို့တိုင်အောင် မရပ်နားခဲ့ပေ။

ပဋိညာဉ်စာတမ်းလက်မှတ်ရေးထိုးပွဲ အခမ်းအနားကို စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လွန်းက ဖွင့်လှစ်ပေးခဲ့သော်လည်း မြန်မာ့အရေးတင်ပြဆွေးနွေးရန် အာဆီယံ၏အလှည့်ကျဉက္ကဋ္ဌအနေဖြင့် ၎င်းဖိတ်ကြားထားသည့် မစ္စတာဂမ်ဘာရီ၏ စကားပြောမည့်အစီအစဉ်မှာမူ မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၏ကန့်ကွက်မှုကြောင့် ပျက်ပြားခဲ့ရသည်။

ဗိုလ်ချုပ်ကြီးသိန်းစိန်က ပြည်တွင်းရေးပြဿနာကို ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းရှိသည်ဆိုသည့်အပေါ်တွင် ထိုအစီအစဉ်ပျက်ခဲ့ရသော်လည်း မစ္စတာဂမ်ဘာရီအနေနှင့် သီးခြားစိတ်ဝင်စားသောအုပ်စုများနှင့် တွေ့ဆုံရန် စီစဉ်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။

ယခုလက်မှတ်ရေးထိုးခဲ့သည့် ပဋိညာဉ်စာတမ်းကို အတည်ပြုနိုင်ရန် သက်ဆိုင်ရာနိုင်ငံအသီးသီး၏ ဥပဒေပြုလွှတ်တော်များမှ အတည်ပြုချက်ရယူရမည်ဖြစ်၍ တနှစ်ကြာဦးမည်ဖြစ်သည်။ ထိုအချိန်အတွင်း မြန်မာနိုင်ငံအတွင်းပြုပြင်ပြောင်းလဲမှုများမရှိ၊ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်မပေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကိုလည်း လုပ်မပေးပါက ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ထိုပဋိညာဉ်စာတမ်းအား အတည်ပြုပေးရန်မဖြစ်နိုင်ကြောင်း ဖိလစ်ပိုင်သမတဂလိုရီယာအာရိုယိုက အာဆီယံအစည်းအဝေးတွင် ပြောကြားခဲ့သည်။

အာဆီယံထိပ်သီးညီလာခံ၌ မြန်မာ့အရေး အစီရင်ခံရန်ကန့်ကွက်ခဲ့ရာတွင် အင်ဒိုနီးရှားနှင့် မလေးရှားတို့ပါဝင်ခဲ့ပြီး အင်ဒိုနီးရှားသမတက မြန်မာနိုင်ငံအား လမ်းပြမြေပုံ (၇) ချက်အရ ဆက်လက်လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားခဲ့ကြောင်းလည်း သိရသည်။

အာဆီယံဖြတ်သန်းလာခဲ့သည့် နှစ်လေးဆယ်ခရီး၏နောက်ပိုင်းတွင် မြန်မာ့အရေးသည် အာဆီယံအတွက် အဟန့်အတားဖြစ်လာစေလိမ့်မည်မဟုတ်ကြောင်း အာဆီယံခေါင်းဆောင်များက အလေးအနက်ပြောကြားသွားသည်။ လေ့လာသူများက မြန်မာ့အရေးကိုပြေလည်အောင် မည်သို့မှဆောင်ရွက်ပေးနိုင်စွမ်းမရှိမည့် စာရွက်ပေါ်က လက်မှတ်များသက်သက်သာဖြစ်နေမည့် ပဋိညာဉ်သာဖြစ်ကြောင်းပြောသည်။

အာဆီယံအစည်းအဝေးတွင် အဖွဲ့ဝင်ဆယ်နိုင်ငံအပြင် တရုတ်၊ ဂျပန်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်တို့လည်း တက်ရောက်ခဲ့ကြသည်။

လက်မှတ်ထိုးပွဲပြီးသွားသောအခါ စင်ကာပူဝန်ကြီးချုပ်လီရှန်လွန်းကလည်း အဖွဲ့ဝင်အချင်းချင်းကြားပို၍ ရင်းနှီးကျွမ်းဝင်လာစေမည့် လမ်းသွယ်ဖြစ်လာမည်ဟူ၍လည်းကောင်း၊ ‘အာဆီယံအဖွဲ့ကြီး ပိုမိုအားကောင်းလာပြီး ရင်းနှီးမှုတိုးပွားလာအောင် မြန်မြန်လုပ်ကြရမယ်။ ပြီးတော့လည်း ဒေသတွင်းဆက်ဆံရေးတွေကို ပိုပြီးတော့ မြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်အောင်ကြိုးစားရမယ်’ ဟုပြောသည်။

‘အာဆီယံပဋိညာဉ်ကတော့ ဒီခရီးကိုလျှောက်ဖို့ အဓိကကျတဲ့လမ်းတခုဖြစ်ပါတယ်’ ဟုလည်း ဖြည့်စွက်ပြောကြားသွားသည်။

❖

# အိန္ဒိယဝန်ကြီးချုပ်က ဗိုလ်ချုပ်သိန်းစိန်အား တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်လိုက်ရန် အာဆီယံအစည်းအဝေးတွင်တောင်းဆို



အိန္ဒိယဝန်ကြီးချုပ်ဒေါက်တာမန်မိုဟန်ဆင်း



မြန်မာဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်

နိုဝင်ဘာ (၂၁)

စင်ကာပူတွင်ကျင်းပပြုလုပ်ခဲ့သည့် အာဆီယံထိပ်သီးဆွေးနွေးပွဲ၏ပြင်ပတွင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်သိန်းစိန်မှ အိန္ဒိယဝန်ကြီးချုပ်အား မြန်မာပြည်တွင်းရှိ တိုးတက်မှုများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းပြခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက မြန်မာနိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် စစ်အစိုးရနှင့်ဒေါ်အောင်ဆန်းစုကြည်သာမက တိုင်းရင်းသားအားလုံးပါဝင်သည့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန် တောင်းဆိုခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ်၏ ထိုတောင်းဆိုချက်အား မြန်မာစစ်အစိုးရကို လက်နက်ကိုင်တော်လှန်နေသည့် တိုင်းရင်းသားအဖွဲ့အစည်းများက ကြိုဆိုထောက်ခံလိုက်သည်။ ချင်းအမျိုးသားတပ်ဦး (CNF) ၏ အထွေထွေအတွင်းရေးမှူး ပူးထန်ဆင်းက အိန္ဒိယဝန်ကြီးချုပ်၏တိုက်တွန်းချက်သည် မိမိတို့အဖွဲ့က ချမှတ်ထားသည့်နှင့် တထပ်တည်းကျကြောင်းနှင့်တဆက်တည်းမှာပင် “ဗမာပြည်မှာရှိတဲ့ နိုင်ငံရေးပြဿနာတွေဟာ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် အဖြေရှာနိုင်မယ်လို့ ခံယူထားတယ်။ အဲဒါကြောင့် စီအန်အက်ဖ်က သုံးပွင့်ဆိုင်ဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ပေါ်လစီချမှတ်ထားချိန်မှာ အိန္ဒိယက ဒီလိုမျိုးပြောလာတယ်ဆိုတော့ ပိုပြီးတော့ကောင်းစေတာပေါ့။ ကျနော်တို့ရဲ့ပေါ်လစီကို သူတို့ကလည်း တဖက်တလမ်းကနေ ထောက်ပံ့ပေးတာမျိုးလို့ ကျနော်တို့မြင်တယ်လေ။ သိပ်ပြီးတော့လည်းအားရတယ်။ ဒီမိုကရေစီနိုင်ငံတော် အကြီးဆုံးတနိုင်ငံအနေနဲ့ ဒီလိုပြောလာတာ ကျနော်တို့ရဲ့လှုပ်ရှားမှုအတွက် ခွန်အားတရပ်ဖြစ်တယ်လို့ ယုံကြည်တယ်” ဟုပြောဆိုခဲ့သည်။

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဗိုလ်မှူးခိုင်မျိုးမင်းကလည်း အိန္ဒိယဝန်ကြီးချုပ်၏ပြောဆိုချက်နှင့် မိမိတို့တောင်းဆိုနေသည့် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးရေးမှာ သဘောတူညီကြောင်းပြောသည်။ ဗမာပြည်နိုင်ငံရေးပြဿနာအတွင်း တိုင်းရင်းသားအားလုံးပါဝင်ရန်လိုအပ်သည်ဟု ပြောသည့်စကားအတွက်လည်း လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း ပြောဆိုခဲ့သည်။ ဗမာပြည်၏ အခြေခံနိုင်ငံရေးပြဿနာသည် ဒီမိုကရေစီပြဿနာဖြစ်ရုံသာမက တိုင်းရင်းသားပြဿနာလည်းဖြစ်ကြောင်းပြောသည်။

အိန္ဒိယနိုင်ငံ၏ အမြင့်ဆုံးအာဏာရှိသည့်ဝန်ကြီးချုပ်မှ မြန်မာနိုင်ငံနှင့်ပတ်သက်၍ ယခုကဲ့သို့ ပထမဦးဆုံး ထိထိရောက်ရောက်ပြောဆိုလိုက်ခြင်းသည် နိုင်ငံတကာနှင့်ပြည်တွင်းမှ အဆက်မပြတ်ဖိအားပေးမှုများကြောင့်ဖြစ်ကြောင်း လေ့လာသူများက ပြောဆိုကြသည်။ ထို့ပြင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာ့အရေးညှိနှိုင်းဖြေရှင်းရေးသံတမန် မစ္စတာဂမ်ဘာရီနှင့်အိန္ဒိယအစိုးရ တွေ့ဆုံဆွေးနွေးခဲ့ခြင်းများကြောင့်လည်းဖြစ်နိုင်သည်ဟု သိရှိရသည်။

❖

# ရက်စက်သည့် စစ်အစိုးရကို ကမ္ဘောဒီးယားဝန်ကြီးချုပ်ကာကွယ်

ဒီဇင်ဘာ ၁၃၊

ကုလသမဂ္ဂမှ မြန်မာစစ်အစိုးရ၏ လူ့အခွင့်အရေးချိုးဖောက်နေမှုများကို ဝေဖန်အပြစ်တင်ထားသည့် အစီအရင်ခံစာများ ထုတ်ပြန်ခဲ့သည့်နောက်တွင် ကမ္ဘောဒီယားဝန်ကြီးချုပ် ဟွန်ဆန်က ကုလသမဂ္ဂအနေဖြင့် မြန်မာစစ်အစိုးရ၏ တိုးတက်နေသည့် ဒီမိုကရေစီပြောင်းလဲရေးလုပ်ငန်းများအား နှောင့်ယှက်နေမှုကို ရပ်တန့်ရန်ပြောဆိုလိုက်သည်။ မြန်မာစစ်အစိုးရသည် ဒီမိုကရေစီအရေးကူးပြောင်းမှုကို ညင်သာချောမွေ့စွာ ရှေ့သို့တိုး၍လုပ်ဆောင်နေသည်ဟုလည်း ပြောဆိုခဲ့သည်။




မြန်မာစစ်အစိုးရအား ကာကွယ်ပြောဆိုခဲ့သည့် ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆင်

ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ် ပေါ်လိုဆာဂျီယိုပီညဲရိုးမှ ပြီးခဲ့သည့်သောကြာနေ့တွင်ထုတ်ပြန်ခဲ့သည့် အစီအရင်ခံစာနှင့်ပတ်သက်၍ ကမ္ဘောဒီးယားဝန်ကြီးချုပ်က ပြစ်တင်ပြောဆိုလိုက်ခြင်းဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ခေါင်းဆောင်တဦးဖြစ်သည့် ဝန်ကြီးချုပ်ဟွန်ဆင်က စက်တင်ဘာလအတွင်း ဆန္ဒပြသူများကို ရက်ရက်စက်စက်နှိမ်နင်းခဲ့ မြန်မာစစ်အစိုးရအား ပထမဦးဆုံး လူသိရှင်ကြားထုတ်ဖော်ချီးကျူးပြောဆိုလိုက်ခြင်းဖြစ်သည်။

ပြီးခဲ့သည့်သတင်းပတ်တွင် မြန်မာဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကမ္ဘောဒီးယားနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး ဝန်ကြီးချုပ်ဟွန်ဆင်နှင့်တွေ့ဆုံကာ မြန်မာနိုင်ငံအား ပိတ်ဆို့အရေးယူမှုများနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုခဲ့သည်။

ဝန်ကြီးချုပ်ဟွန်ဆင်က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုအား ဆန့်ကျင်ကြောင်း၊ ယခုကဲ့သို့ ပိတ်ဆို့မှုပြုလုပ်ခြင်းအားဖြင့် မည်သည့်အကျိုးရလဒ်မှရမည်မဟုတ်ပဲ ဆင်းရဲသည့်ပြည်သူလူထုကိုသာ အခက်အခဲဖြစ်စေကြောင်း ပြောကြားခဲ့သည်။ မြန်မာစစ်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးတို့ကို လေးစားလိုက်ရန် လိုလိုလားလားရှိကြောင်း၊ ၎င်းတို့၏လုပ်ငန်းများကို အေးဆေးစွာလုပ်ဆောင်စေရန် မိမိအနေဖြင့်တောင်းဆိုကြောင်း ဟွန်ဆင်က ပြောဆိုခဲ့သည်။ အကယ်၍ မြန်မာနိုင်ငံအား ဆက်လက်ဆန့်ကျင်ဖိအားပေးနေဦးမည်ဆိုလျှင်လည်း တခြားကိုယ်ပိုင်ပြဿနာများအား မည်သို့ဖြေရှင်းသွားမည်နည်းဟုလည်း ပြောဆိုခဲ့သည်။

ဝန်ကြီးချုပ်ဟွန်ဆင်နှင့် ကုလသမဂ္ဂအကြားဆက်ဆံရေးသည် မပြေမလည်ရှိခဲ့ပြီး ကမ္ဘောဒီးယားအစိုးရသည်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်၍ မကြာခဏ ဝေဖန်ခံရလေ့ရှိသည်။

❖

# ကုလသမဂ္ဂမှ မြန်မာစစ်အုပ်စု၏လုပ်ရပ်များကို ပြစ်တင်ရှုံ့ချသည့်ဆုံးဖြတ်ချက်မူကြမ်းအား မဲခွဲဆုံးဖြတ်

နိုဝင်ဘာ (၂၁)

ကုလသမဂ္ဂအထွေထွေညီလာခံ၏ လူ့အခွင့်အရေးကော်မတီတွင် မြန်မာစစ်အစိုးရ၏ အကြမ်းဖက်လုပ်ရပ်များနှင့် မတရားဖမ်းဆီးခံထားရသူများကို ချက်ချင်းလွှတ်ပေးရေးတောင်းဆိုသည့် (Non-Binding) ခေါ် စည်းနှောင်မှုမပါသည့် ဆုံးဖြတ်ချက်မူကြမ်းကို မဲခွဲဆုံးဖြတ်ရာ ထောက်ခံသူတို့ဘက်မှ အနိုင်ရရှိခဲ့သည်။

မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို စနစ်တကျဖောက်ဖျက်ကျူးလွန်နေမှုနှင့် တရားလက်လွတ်ဖမ်းဆီးနေခြင်းတို့အား စိုးရိမ်ပူပန်မိကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖမ်းဆီးခံထားရသည့် နိုင်ငံရေးအကျဉ်းသားများကို ခြွင်းချက်မရှိအမြန်ဆုံးပြန်လွှတ်ပေးရန်၊ မစ္စဂမ်ဘာရီအား တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ ကျောင်းသားခေါင်းဆောင်များ၊ ဆန္ဒပြရဟန်းများနှင့် တွေ့ခွင့်ပြုရန်တို့ကို ဆုံးဖြတ်ချက်မူကြမ်းတွင် တောင်းဆိုထားသည်။ လွတ်လပ်စွာဆန္ဒဖော်ထုတ်ခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်၊ အသင်းအပင်းဖွဲ့စည်းခွင့်စသည့် ရပိုင်ခွင့်အခွင့်အရေးများနှင့်အညီ လုပ်ဆောင်ကြသည့် ငြိမ်းချမ်းစွာဆန္ဒပြသူများကို အကြမ်းဖက်နှိမ်နင်းခြင်းကိုလည်း ပြင်းပြင်းထန်ထန်ရှုတ်ချသည့်အကြောင်းလည်း ဆုံးဖြတ်ချက်တွင်ပါဝင်သည်။



ဆုံးဖြတ်ချက်မူကြမ်းအား အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် ဥရောပနိုင်ငံများမှ ထောက်ခံခဲ့ကြပြီး တရုတ်၊ ရုရှ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ကျူးဘား၊ ဗင်နီဇွဲလား၊ မလေးရှား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကန့်ကွက်ခဲ့ကြသည်။ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဘရူနိုင်းတို့က ကြားနေခဲ့ကြသည်။ ထူးခြားသည်မှာ မြန်မာပြည်နှင့်ပတ်သက်သည့် ယင်းဆုံးဖြတ်ချက်မူကြမ်းအား ထောက်ခံသူစာရင်းတွင် အာဆီယံ (၁၀) နိုင်ငံမှ မပါဝင်ခဲ့ပေ။

ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေက ဤဆုံးဖြတ်ချက်မူကြမ်းအား လုပ်ထုံးလုပ်နည်းကိုရော အနှစ်သာရကိုပါ ကန့်ကွက်ကြောင်း၊ ယခုကိစ္စကိုကိုင်တွယ်ရန်လိုအပ်ပါက အစဉ်အလာအရ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၌သာ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယခုဆုံးဖြတ်ချက်မူကြမ်းအား ရှေ့လတွင်ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင်အတည်ပြုရန် ထောက်ခံချက်ရယူမည်ဖြစ်သည်။ အထွေထွေညီလာခံတွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပါက ယင်းဆုံးဖြတ်ချက်သည် မလိုက်မနေရ ဆုံးဖြတ်ချက်မျိုးမဟုတ်သော်လည်း မြန်မာ့အရေးအား ကမ္ဘာ့သဘောထားကို ထင်ဟပ်စေမည်ဖြစ်သည်။

ယင်းဆုံးဖြတ်ချက်မူကြမ်းကို အနိုင်ရရှိခဲ့သော်လည်း ထောက်ခံမဲ (၈၈) မဲ၊ ကန့်ကွက်မဲ (၂၄)မဲ၊ ကြားနေမဲ (၆၆) မဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည့်အတွက် ကန့်ကွက်သူဦးရေမှာ ထင်ထားသည်ထက် ပိုမိုများပြားနေခဲ့ကြောင်းသိရသည်။ ❖

# မိသားထဲစုမှ သားဆိုးအား အိမ်မှ မောင်းမထုတ်နိုင်ကြောင်းဖြင့် နှစ်မြို့ဖွယ်မရှိသည့် မြန်မာစစ်အုပ်စု၏လုပ်ရပ်များကို အာဆီယံကာဝန်ခံ

နိုဝင်ဘာ (၁၉) ရက်။

စက်တင်ဘာလအတွင်းက အကြမ်းဖက်နှိမ်နင်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်နေသော မြန်မာနိုင်ငံကို အာဆီယံအဖွဲ့ဝင်အဖြစ်မှရပ်စဲရန် အမေရိကန်လွှတ်တော်၏ တောင်းဆိုချက်ကို အာဆီယံအဖွဲ့က ပယ်ချလိုက်သည်။



စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေး

စင်္ကာပူတွင်ကျင်းပသော အာဆီယံ၏ နှစ်ပတ်လည်အစည်းအဝေးအကြိုနေ့တွင် အထွေထွေအတွင်းရေးမှူး မစ္စတာအွန်ကင်းယောင် (Ong Keng Yong) က ထိပ်တိုက်တွေ့ရေးလမ်းစဉ်ကို မထောက်ခံကြောင်း ပြောလိုက်သည်။ “ဘယ်အရာက ကျနော်တို့အားလုံးအတွက် အကောင်းဆုံးဖြစ်မလဲဆိုတာကို ကျန်တဲ့ကမ္ဘာ့နိုင်ငံအသီးသီးကလည်း သိနေပြီးသားပါ”ဟု သူက ဖြည့်စွက်ပြောခဲ့သည်။

မစ္စတာအွန်က မြန်မာပြည်အနေနှင့် ဒီမိုကရေစီရေးဖွံ့ဖြိုးအားကောင်းစေရန်နှင့် လူ့အခွင့်အရေးတို့အား ကာကွယ်စောင့်ရှောက်ရန်တို့နှင့်သက်ဆိုင်သော သဘောတူညီချက်ကို အဖွဲ့ဝင်ဆယ်ဦးနှင့်အတူ ဤသီတင်းပတ်အတွင်းတွင် လက်မှတ်ရေးထိုးလိမ့်မည်ဖြစ်ကြောင်းပြောခဲ့သည်။ သို့ရာတွင် သူက ထိပ်တိုက်ရင်ဆိုင်မှုများနှင့် မြန်မာပြည်အား အထီးကျန်စေမည်မဟုတ်ကြောင်းကိုမူ သတိပေးလိုက်သည်။

“မြန်မာပြည်က ကျုပ်တို့ရဲ့မိသားစုဝင်ပဲ။ အဲဒါကိုက အဓိကကျတဲ့ပတ်သက်မှုဖြစ်နေတာ”ဟု သတင်းထောက်များကိုပြောသည်။ ဆက်လက်၍ “ခင်ဗျားဟာ ကလေးဆိုးတယောက်ရဲ့ မိဘဖြစ်နေပြီဆိုပါတော့။ ‘ငါ ….မင်းနဲ့ဖက်မပြောချင်ဘူး။ ငါ့မျက်စေ့ရှေ့ကထွက်သွားစမ်း’ဆိုတဲ့ စကားမျိုးကို ခင်ဗျားပြောမလား”ဟု မေးခွန်းထုတ်ခဲ့သည်။

အမေရိကန်ဒီမိုကရက်တစ်လွှတ်တော်အမတ် ဘာဘရာဘောက်ဆာကမူ “အခုက အာဆီယံအတွက် စကားအရာနဲ့သာမက အလုပ်နဲ့ပါ မြန်မာ့အရေးပြောင်းလဲဖို့ ထောက် ခံသင့်တဲ့အချိန်ပါ” ဟု ပြောသည်။

အမေရိကန်လွှတ်တော်အမတ်များသည် လူ့အခွင့်အရေးလှုပ်ရှားဆောင်ရွက်မှုများအား အရေးယူဆောင်ရွက်သည့်အနေဖြင့် မြန်မာပြည်အား ပိတ်ဆို့အရေးယူရန်၊ အာဆီယံအဖွဲ့ဝင်အဖြစ်မှထုတ်ပယ်ရန် တောင်းဆိုထားခဲ့သည်။

ကမ္ဘာ့နိုင်ငံများသည် ဒီမိုကရေစီကို ထောက်ခံအားပေးသည့်နိုင်ငံများဖြစ်သော်လည်း ၎င်းတို့၏အကြံဉာဏ်များကသာလျှင် အလုပ်ဖြစ်ထွန်းလိမ့်မည်ဟုပြောဆိုနေခြင်းသည် တရားမျှတမှုရှိရဲ့လားဟုလည်း အွန်ကင်းယောင်က မေးခွန်းထုတ်ခဲ့သည်။

စင်္ကာပူနိုင်ငံတွင်ကျင်းပနေသည့် (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးကျင်းပနေချိန်တွင် (၈၈) မျိုးဆက်ကျောင်းသားများကလည်း နအဖ၏လမ်းပြမြေပုံကို အတိအလင်းကန့်ကွက်ဆန့်ကျင်ပေးပါရန် စာရေးတောင်းဆိုလိုက်သည်။

ကိုထွန်းမြင့်အောင်၊ ကိုစိုးထွန်းနှင့် မနီလာသိန်းတို့ လက်မှတ်ရေးထိုးထားသည့် ထိုတောင်းဆိုချက်တွင် “ငွေကြေးထောက်ပံ့မှုတွေ၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို နအဖနဲ့မလုပ်ဘဲ မြန်မာ့ပြဿနာအဖြေရှာဖို့အတွက် ကုလသမဂ္ဂ၊ အမေရိကန်၊ အီးယူအပြင် တခြားနိုင်ငံတွေနဲ့ပါ ပူးပေါင်းဆောင်ရွက်ဖို့ အာဆီယံကို ကျနော်တို့တိုက်တွန်းပါတယ်”ဟု ထိုစာတွင် ရေးသားဖော်ပြထားသည်။

အာဆီယံကရေးဆွဲထားသည့် အာဆီယံပဋိညာဉ်ကိုယုံကြည်ကြောင်း၊ ထိုပဋိညာဉ်သည် ဒေသတွင်းနေထိုင်သူအားလုံး၏ လူ့အခွင့်အရေးတို့ကို ကာကွယ်ပေးရာတွင် အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ကြောင်းတို့လည်းပါဝင်သည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်စတင်နိုင်ရေး၊ မြန်မာစစ်အစိုးရကိုဖိအားပေးရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ အားထုတ်ကြိုးပမ်းမှုများအား စစ်အစိုးရက ဆက်လက်လျစ်လျူရှုနေပြီး သိသာထင်ရှားသည့်ရလဒ်ကိုမတွေ့ရပါက နအဖအား အာဆီယံအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ထားရန်ကိုလည်း တိုက်တွန်းထားသည်။

အာဆီယံအဖွဲ့သည် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းလန်နှင့် ဗီယက်နမ်တို့ဖြင့် ဖွဲ့စည်းထားသည့် အဖွဲ့ဖြစ်သည်။

သက်တမ်း (၄၀) နှစ်ပြည့်ခဲ့ပြီဖြစ်သော အာဆီယံအဖွဲ့ကြီးသည် (၁၃) နှစ်မြောက် ထိပ်သီးညီလာခံနှင့် အခြားဆက်နွယ်သည့် အစည်းအဝေးများကို စင်္ကာပူနိုင်ငံတွင် နိုဝင်ဘာလ (၁၉) ရက်မှ (၂၂) ရက်အထိ ကျင်းပမည်ဖြစ်သည်။ ❖

# အာဆီယံထိပ်သီးအစည်းအဝေးကျင်းပနေချိန်တွင် စင်ကာပူနှင့် မလေးရှားရောက်မြန်မာများ ဆန္ဒပြ

၂၀ နိုဝင်ဘာ၊

နိုဝင်ဘာ (၁၇) ရက်နေ့က စတင်ကျင်းပနေသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာ့အရေးကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းမှုမရှိခြင်းအား မကျေနပ်သည့်အတွက် စင်ကာပူနှင့် မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသားတချို့မှ ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသည့်သူများသည် အာဆီယံအစည်းဝေးကျင်းပနေသည့် ဟိုတယ်အနီးတွင် Peace, Justice and Democracy for Burma စသည့်စာတမ်းများပါဝင်သည့် အင်္ကျီအနီများဝတ်ဆင်ထားပြီး Listen to Burma's Desire. Don't Follow to Junta's Order. များရေးသားထားသည့် ဆိုင်းဘုတ်များကိုင်ဆောင်၍ ငြိမ်းငြိမ်းချမ်းချမ်းဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။




မလေးရှားရောက်မြန်မာများဆန္ဒပြနေစဉ်




စင်ကာပူရောက်မြန်မာများဆန္ဒပြနေစဉ်

မြန်မာပြည်သူလူထု၏ ဆန္ဒအမှန်ကိုသာ လိုက်လျော၍ နအဖစစ်အစိုးရ၏ လိမ်လည်မှုများကို နားမထောင်ပါရန် အစည်းအဝေးခန်းမထဲမှ အာဆီယံခေါင်းဆောင်များ သိရှိစေရေးရည်ရွယ်၍ ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

ယခုလက်ရှိအာဆီယံအလှည့်ကျသဘာပတိအဖြစ် တာဝန်ယူထားရသည့် စင်ကာပူနိုင်ငံသည် အချုပ်အချယ်အကန့်အသတ်များရှိသည့်တိုင်းပြည်အဖြစ် သတ်မှတ်ထားကြသည်။ ထို့အပြင် စင်ကာပူနိုင်ငံသည် မြန်မာစစ် အစိုးရနှင့်စီးပွားရေးဖက်စပ်လုပ်ကိုင်မှုများရှိနေသဖြင့် ယခုကဲ့သို့ အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုမျိုးသည် မဖြစ်နိုင်သည့်အခြေအနေမျိုးဖြစ်သော်လည်း စင်ကာပူရောက်မြန်မာနိုင်ငံသားများမှ မိမိတို့ယုံကြည်ရာကို ဆက်လက်လုပ်ကိုင်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

တချိန်တည်းတွင် စင်ကာပူ၏အိမ်နီးချင်းနိုင်ငံဖြစ်သည့် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင်လည်း မြန်မာ့အရေးလှုပ်ရှားသူများမှ မြန်မာနှင့်စင်ကာပူသံရုံးရှေ့တို့တွင် ဆန္ဒပြလှုပ်ရှားမှုများရှိခဲ့သည်ဟု သိရသည်။

❖

# ပြုန်းတီးနေသည့် မြန်မာ့သစ်တောများအကြောင်း

## အာရှနိုင်ငံများ သစ်တောထိန်းသိမ်းမှု နစ်ပတ်လည်အစီအရင်ခံစာတွင် ဖော်ပြ


တရုတ်နိုင်ငံသို့ရောက်ရှိမည့်မြန်မာ့အဖိုးတန်ကျွန်းသစ်များ

နိုဝင်ဘာ (၂၂)

မြန်မာ့အိမ်နီးချင်းတရုတ်နိုင်ငံသည် မြန်မာ့သစ်များအား ဝယ်ယူတင်သွင်းနေခြင်းကြောင့် သစ်တောများ နှစ်စဉ်ပြုန်းတီးနေချိန်တွင် တရုတ်နိုင်ငံ၌မူ သစ်တောများ ပိုမိုတိုးများလာကြောင်း နိုင်ငံတကာစီးပွားရေးမဂ္ဂဇင်း (The Economist) ၏ အာရှနိုင်ငံများသစ်တောထိန်းသိမ်းမှု နှစ်ပတ်လည်အစီအရင်ခံစာတွင် ရေးသားဖော်ပြထားသည်။

လာမည့်နှစ်တွင် မြန်မာနိုင်ငံမှ သစ်တောများ (၁) ရာခိုင်နှုန်းမှ (၁) ဒသမ (၅) ရာခိုင်နှုန်းအထိပြုန်းတီး၍ သစ်တောများ ထိန်းသိမ်းမှုလျော့ကျဖွယ်ရှိကြောင်းနှင့် တရုတ်နိုင်ငံသည် သစ်တောပြုန်းတီးမှုကွာဝေး၍ (၁) ရာခိုင်နှုန်းနှင့်အထက် သစ်တောထိန်းသိမ်းမှုတိုးတက်လာကြောင်း The World in 2008 ခေါင်းစဉ်ဖြင့် ၎င်းစီးပွားရေးမဂ္ဂဇင်းက ကြိုတင်ခန့်မှန်းထားသည်။

တရုတ်နိုင်ငံသည် မြန်မာ့သစ်နှင့် သစ်တောထွက်ပစ္စည်းများကို နည်းမျိုးစုံဖြင့် အများဆုံးဝယ်ယူတင်သွင်းသည့်နိုင်ငံဖြစ်ပြီး တနင်္သာရီတိုင်း၊ ကရင်နီ၊ ချင်း၊ ကချင်၊ ရှမ်းပြည်နယ်များရှိ တောင်ကြားဒေသများတွင် တွေ့ရသည့် ရေထင်းရှူးပင်နှင့် အချို့သစ်ပင်များကို အပင်လိုက်ဝယ်ယူခြင်းများလည်းရှိသည်။

မြန်မာနှင့်ကမ္ဘောဒီယားနိုင်ငံများကဲ့သို့ အာရှနိုင်ငံအများစုသည် စာရွက်ပေါ်ရှိ ဥပဒေကိုသာ အလေးထားတတ်ပြီး လက်တွေ့တွင်မူ တရားမဝင်သစ်ထုတ်လုပ်မှုများကို အတားအဆီးမဲ့စွာပြုလုပ်ကြောင်းကိုလည်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၁၉၉၀ ခုနှစ်များအတွင်း အာရှ-ပစိဖိတ်ဒေသတွင် စတုရန်းကီလိုမီတာ (၁၃,၀၀၀) ခန့်ရှိသည့် သစ်တောများသည် ယခုလာမည့် ၂၀၀၈ ခုနှစ်သို့ရောက်ပါက စတုရန်းကီလိုမီတာ (၆,၀၀၀) ခန့်အထိ ပြုန်းတီးသွားနိုင်ဖွယ်ရှိသည်ဟု ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ကို ကိုးကား၍ အစီရင်ခံစာတွင် ဖော်ပြထားသည်။

လန်ဒန်အခြေစိုက် ကမ္ဘာ့မျက်မြင်သက်သေအဖွဲ့၏ထုတ်ပြန်ချက်အရ သဘာဝသယံဇာတနှင့်ပတ်သက်၍ နိုင်ငံတကာကုန်သန်းရောင်းဝယ်ရေးစနစ်တွင် ကိုယ်ကျိုးရှာစီးပွားရေးသမားများမှ အကျိုးအမြတ်များစွာဖြစ်ထွန်းနေကြောင်းနှင့် မြန်မာနိုင်ငံ တရားမဝင်သစ်ထုတ်လုပ်မှု၏ (၉၅) ရာခိုင်နှုန်းဖြစ်သော သစ်ကုဗမီတာ (၁) သန်းကျော်သည် မြန်မာနိုင်ငံမြောက်ပိုင်းမှ တရုတ်နိုင်ငံယူနန်ပြည်နယ်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

စစ်အစိုးရ၏စာရင်းဇယားများအရ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းက နိုင်ငံခြားသို့တရားဝင်သစ်တင်ပို့ ရောင်းချခြင်းမှရရှိသောဝင်ငွေသည် ပြည်ပပို့ကုန်ဝင်ငွေတွင် ဒုတိယဖြစ်ပြီး ၂၀၀၆ နှင့် ၂၀၀၇ ခုနှစ်များအတွင်း သစ်ရောင်းချမှုမှရရှိခဲ့သည့် နိုင်ငံခြားငွေပမာဏမှာ အမေရိကန်ဒေါ်လာ (၅၉၂) သန်းရှိကြောင်းသိရသည်။

နအဖစစ်အစိုးရပိုင် မြန်မာ့အလင်းသတင်းစာတွင် မြန်မာနိုင်ငံတဝန်းသစ်တောများ ရှင်သန်ဖြစ်ထွန်းရေးအတွက် ကြိုးဝိုင်းတော၊ ကြိုးပြင်ကာကွယ်တောနှင့် သဘာဝနယ်မြေဇရိယာ စတုရန်းမိုင် (၆၀,၀၀၀) ကျော်ကို ကာကွယ်ပေးလျက်ရှိကြောင်း၊ ကျွန်းအထူးစိုက်ခင်း၊ စီးပွားရေးစိုက်ခင်း၊ ကျေးရွာသုံးထင်းစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများအပါအဝင် သစ်တောစိုက်ခင်း ဧကပေါင်း (၁) သန်းကျော်ကို အစိုးရကထူထောင်ထားရှိပြီးဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။ ❖

# စက်တင်ဘာတော်လှန်ရေးအတွင်း

## ဖမ်းဆီးခံရသူ အမျိုးသမီးပေါင်း (၁၀၆) ဦး ရှိနေဆဲဟု အန်တုရဲသောသတ္တိ အစီရင်ခံစာတွင် ဖော်ပြထား

နိုဝင်ဘာ (၂၅)

မြန်မာစစ်အစိုးရသည် အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများအား ဆန္ဒပြသံဃာတော်များနှင့်ပတ်သက်ရင်းနှီးမှုရှိကြောင်း ဝန်ခံချက်ရရန် အဓမ္မစေခိုင်းခဲ့ကြောင်း သောကြာနေ့က ဘန်ကောက်မြို့ရှိ နိုင်ငံခြားသားသတင်းထောက်များကလပ်တွင်ကျင်းပသော သတင်းစာရှင်းလင်းပွဲ၌ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ ထုတ်ဖော်ပြောကြားလိုက်သည်။

ထိုအမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ယူအဲန်လူ့အခွင့်အရေးကောင်စီအားမြန်မာ့အရေးနှင့် အကျဉ်းကျခံနေရသော မြန်မာနိုင်ငံမှ အမျိုးသမီးနိုင်ငံရေးအကျဉ်းသားများအား ပိုမိုအာရုံစိုက်၍ ဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုက်သည်။

“ကျမတို့ မကြာသေးခင်ကမှဖမ်းဆီးခံ၊ ထောင်ချခံထားရတဲ့ သီလရှင်တွေအပါအဝင် မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်သူ အမျိုးသမီးတွေကို ကျားမခွဲခြားမှုအရ ထိပါးနှောက်ယှက်ခံရတဲ့ကိစ္စမျိုးတွေနဲ့ တခြားလက်ခံနိုင်စရာမရှိတဲ့ စုံစမ်းစစ်ဆေးတဲ့နည်းစနစ်တွေအတွက် တကယ်ကိုပဲစိုးရိမ်ပူပန်မိပါတယ်” ဟု WLB ၏ အထွေထွေအတွင်းရေးမှူး (၁) ဖြစ်သူ နော်ဖောသက်ထား (Naw Paw Hset Hser) ကပြောသည် ၎င်းတို့က ကုလသမဂ္ဂ၏ အမျိုးသမီးရေးရာအထူးကိုယ်စားလှယ် ရက်ကင်အာတပ်ခ်နှင့် အထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် လူ့အခွင့်အရေးကာကွယ်သူ ဟင်နာဂျယ်လာနီတို့အား ဖိတ်ကြားခဲ့သည်။။

သတင်းစာရှင်းလင်းပွဲသည် အန်တုရဲသည့်သတ္တိအမည်ရှိ အစီရင်ခံစာတစောင်ထုတ်ဝေရန်အတွက် ကျင်းပခဲ့ခြင်းဖြစ်သည်။ ဤအစီရင်ခံစာ၌ မြန်မာ့အရေးလှုပ်ရှားနေသူအမျိုးသမီးများအား ဥပဒေမဲ့ လိုက်လံဖမ်းဆီးခြင်း၊ စော်ကားခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်း၊ အမှုဆင်၍ တရားစွဲခြင်းတို့နှင့် ၎င်းတို့၏မိသားစုဝင်များအား ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်းတို့ပါဝင်သည်။

“ကျမတို့ မကြာသေးခင်ကမှ ဖမ်းဆီးခံ၊ ထောင်ချခံထားရတဲ့ သီလရှင်တွေအပါအဝင် မြန်မာ့အရေးလှုပ်ရှားဆောင်ရွက်သူ အမျိုးသမီးတွေကို ကျားမခွဲခြားမှုအရ ထိပါးနှောက်ယှက်ခံရတဲ့ကိစ္စမျိုးတွေနဲ့ တခြားလက်ခံနိုင်စရာမရှိတဲ့ စုံစမ်းစစ်ဆေးတဲ့ နည်းစနစ်တွေအတွက် တကယ်ကိုပဲ စိုးရိမ်ပူပန်မိပါတယ်”ဟု WLB ၏ အထွေထွေအတွင်းရေးမှူး (၁) ဖြစ်သူ နော်ဖောသက်ထားကပြောသည်။

စက်တင်ဘာတော်လှန်ရေးအတွင်းတွင် အမျိုးသမီး (၁၃၁) ယောက် အဖမ်းခံခဲ့ကြရပြီး (၁၉) ယောက်ပျောက်ဆုံးနေခဲ့သည်။ အချို့ကို ပြန်လွှတ်ပေးခဲ့သော်လည်း သီလရှင် (၆) ပါးအပါအဝင် (၁၀၆) ယောက်မှာမူ ဆက်လက်ချုပ်နှောင်ထားဆဲဖြစ်ပြီး ဒါဇင်အနည်းငယ်မျှသောအမျိုးသမီးများမှာ ထွက်ပြေးပုန်းရှောင်နေရကြောင်းတို့ အစီရင်ခံစာတွင် နေရပ်လိပ်စာနှင့်တကွဖော်ပြထားသည်။

မြန်မာအမျိုးသမီးများသမဂ္ဂမှ ပြောရေးဆိုခွင့်ရှိသူ ခင်ဥမ္မာကလည်း စက်တင်ဘာ (၂၆) တွင် ဝင်ရောက်စီးနင်းခြင်းခံခဲ့ရသော ငွေကြာယံကျောင်းတိုက်နှင့် နန်းဦးကျောင်းတိုက်တို့နှင့် ဆက်စပ်ဖမ်းဆီးခံခဲ့ကြရသည့် နှင်းနှင်းနှင့်အိအိတို့အကြောင်းရှင်းလင်းတင်ပြခဲ့သည်။

“နအဖအရာရှိတွေက ဗွီဒီယိုကင်မရာတွေရှေ့မှာ သူတို့ကိုထားပြီး သူတို့က ဘုန်းကြီးတွေနဲ့အတူနေနေတယ်လို့ အတင်းအဓမ္မပြောခိုင်းတာခံခဲ့ရပါတယ်”ဟု ခင်ဥမ္မာကပြောသည်။ ထိုသို့ ဗွီဒီယိုရှေ့တွင်ဖြောင့်ချက်ပေးခဲ့ရပြီးနောက် ပြန်လွှတ်ပေးလိုက်သည့် ဆိုသောမအိအိသည် ယခုထိ အိမ်ပြန်ရောက်မလာသေးကြောင်းကိုလည်း ဆက်လက်ပြောသွားခဲ့သည်။ နှင်းနှင်းမှာမူ အင်းစိန်ထောင်တွင် ချုပ်နှောင်ထားခံရဆဲဖြစ်သည်။

ထိုအစီရင်ခံစာတွင်ဖော်ပြထားသည့် နောက်ထပ်အမျိုးသမီးတယောက်မှာ ရွှေတောင်ကျောင်းတိုက်မှ ကျောင်းထိုင်ဘုန်းကြီးနှင့်ညီစွန်းနေကြောင်း ဝန်ခံရန်အတွက် နှိပ်စက်ညှဉ်းပန်းမှုကိုခံခဲ့ရသည်။ ထိုသတင်းကို မြန်မာ့အလင်းသတင်းစာတွင် အကျယ်တဝင့်ရေးသားဖော်ပြထားခဲ့သည်။ ဖြစ်ရပ်မှန်မှာ ထိုကျောင်းထိုင်ကိုယ်တော်၏ တူမတော်သူဖြစ်ပြီး၊ လေဖြတ်နေသော ဘုန်းကြီး၏မယ်တော်အားပြုစုစောင့်ရှောက်ရန် လာရောက်နေထိုင်နေသူသာဖြစ်ကြောင်း WLB က ရှင်းလင်းထားသည်။

မြန်မာနိုင်ငံ၊ ရန်ကုန်မြို့တွင် နိုင်ငံတကာအမျိုးသမီးများနေ့၌ အမျိုးသမီး (၂၇) ဦးတို့သည် မိမိတို့ဆန္ဒများကိုထုတ်ဖော်ပြသသည့်အနေနှင့် ငြိမ်းချမ်းစွာချီတက်လမ်းလျှောက်ဆန္ဒပြခဲ့ကြသည်။ ကျောင်းသူများရော၊ အသက်အရွယ်ကြီးသူများပါ ပါဝင်သည့် ထိုဆန္ဒပြသူများသည် စက်တင်ဘာတိုက်ပွဲအတွင်း ကျဆုံးသွားရ၊ အဖမ်းခံခဲ့ရသောသူအားလုံးအားရည်စူး၍ မေတ္တာပို့ချီတက်ဆန္ဒ ပြခဲ့ကြခြင်းဖြစ်ကြောင်း၊ ကြံ့ဖွံ့များက လိုက်လံကြည့်နေသည့်တိုင်အောင် လုံးဝမကြောက်ရွံ့ကြောင်းနှင့် နောင်လည်း အလျှဉ်းသင့်သလို ဆက်လက်၍ ငြိမ်းချမ်းစွာဆန္ဒပြသွားမည်ဖြစ်ကြောင်းတို့ကို ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် ကျောင်းသူလေးများက အာရ်အက်ဖ်အေသို့ ပြောခဲ့သည်။ ဒဗလျူအယ်လ်ဘီက နိုဝင်ဘာလ (၂၅) ရက်နေ့တွင်ကျရောက်သော နိုင်ငံတကာအမျိုးသမီးများ အကြမ်းဖက်ခံရမှုတိုက်ဖျက်ရေးနေ့၊ နိုင်ငံတကာအမျိုးသမီးများကွန်ယက်အဖွဲ့က မြန်မာပြည်အတွင်းရှိ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ချွင်းချက်မရှိပြန်လွှတ်ပေးရန်တောင်းဆိုလိုက်သည်။

❖

# စစ်ဖိနပ်အောက်က ရွှေလီမြစ်အစီအရင်ခံစာတစောင်ထုန်ပြန်

ဒီဇင်ဘာ (၃)

ရွှေလီမြစ်ပေါ်တွင်တည်ဆောက်နေသည့် အမှတ် (၁) ရေကာတာသည် ဒေသခံပြည်သူများအတွက် မည်သည့်အကျိုးအမြတ်မှမရှိသည့်အပြင် သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများကိုသာခံစားရမည်ဖြစ်ကြောင်း အစီရင်ခံစာတစောင်နှင့် ထုတ်ပြန်ချက်တစောင်တို့ကို ပလောင်လူငယ်လုပ်ငန်းကွန်ယက်အဖွဲ့မှ ယနေ့ထုတ်ဝေလိုက်သည်။

ရေကာတာ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှရလာမည့် လျှပ်စစ်ဓာတ်အားပမာဏ မီဂါဝပ် (၆၀၀) မှ ထက်ဝက်ကို တရုတ်နိုင်ငံသို့တင်ပို့ပေးရမည်ဖြစ်ပြီး ကျန်ထက်ဝက်အား စစ်အစိုးရ၏စက်ရုံအလုပ်ရုံများနှင့်ကုမ္ပဏီများ အထူးသဖြင့် နမ္မတူသပိတ်ကျင်းနှင့် မုံရွာသတ္တုတွင်းများသို့ပေးပို့မည်ဖြစ်သောကြောင့် ဒေသခံပြည်သူများအတွက် စစ်အစိုးရမှ ထည့်သွင်းစဉ်းစားပေးချက် ဘာမှမရှိကြောင်းကို ပလောင်လူငယ်လုပ်ငန်းကွန်ယက်၏ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်ခံ မိုင်အောင်ကိုက သတင်းစာရှင်းလင်းပွဲအပြီး မေးမြန်းခန်းတွင် ပြောကြားသွားခဲ့သည်။

“ဒေသဖွံ့ဖြိုးရေးစီမံကိန်းတွေလုပ်ဆောင်ဖို့ပေါ့နော်။ တကယ့်ကိုဆိုးဝါးတဲ့လူ့ အခွင့်အရေးချိုးဖောက်မှုတွေခံစားရတယ်။ နောက်ပြီးတော့ အတင်း အဓမ္မ လယ်ယာမြေသိမ်းပိုက်တာတွေလည်း ခံရတယ်။ ကျနော်တို့ ဒေသခံပြည်သူတွေရဲ့နစ်နာမှု၊ ခံစားရမှုတွေကို သူတို့ရဲ့ရင်ဖွင့်သံတွေကို ကြားသိစေဖို့နဲ့၊ ရေကာတာလာဆောက်တဲ့ တရုတ်အစိုးရ၊ နအဖအစိုးရနဲ့နိုင်ငံတကာက သိရှိနားလည်ပြီးတော့မှ အရေးယူဆောင်ရွက်ပေးဖို့ပေါ့နော်။ အဲဒါကိုရည်ရွယ်ပြီးတော့ ကျနော်တို့ ဒီအစီရင်ခံစာကို ထုတ်ရခြင်းဖြစ်ပါတယ်” ဟု မိုင်အောင်ကိုမှ မိုးကြိုးသတင်းဌာနသို့ပြောသည်။




စစ်ဖိနပ်အောက်က ရွှေလီမြစ်အစီရင်ခံစာကို ရေးသားထုတ်ဝေနိုင်ရန်အတွက် အဖွဲ့ဝင်ရှစ်ဦးပါဝင်သည့် အဖွဲ့ငယ်တခုဖြင့် ၂၀၀၃ ခုနှစ်ကတည်းက စတင်ခဲ့ရခြင်းဖြစ်သည်ဟုလည်း ၎င်းက ဆက်လက်ပြောပြသွားခဲ့သည်။

လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်တင်ထွဋ်က ရေကာတာဖွင့်ပွဲအခမ်းအနားတွင် ၂၀၀၁ ခုနှစ်မှစ၍ ယူနန်ပြည်နယ် အကြီးစားစက်မှုပစ္စည်းသွင်းကုန်-ထုတ်ကုန်ကုမ္ပဏီလီမိတက် (ဝိုင်အမ်အီးစီ) နှင့် သဘောတူညီချက်များစတင်ခဲ့ပြီး စီမံကန်းမှရလာသည့် လျှပ်စစ်ဓာတ်အားကို အစိုးရဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဒေသခံပြည်သူများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း တရားဝင်ပြောကြားခဲ့သည်။ ထို့အပြင် အကယ်၍ ဒေသခံပြည်သူများ၏ ပူးပေါင်းကူညီမှုကိုသာမရခဲ့ပါက ဤသို့လျှင်မြန်ချောမွေ့စွာပြီးစီးနိုင်လိမ့်မည်မဟုတ်ကြောင်းကိုလည်း တရားဝင်ထုတ်ဖော်ပြောခဲ့ခြင်းလည်းရှိခဲ့သည်။

ရွှေလီမြစ်သည် (၆) မိုင်ခန့်သာ ရှည်လျားသော်လည်း ရေတံခွန်များပေါများမှုကြောင့် ရေအားလျှပ်စစ်ထုတ်လုပ်ရန် အရင်းအမြစ်ကောင်းတခုဖြစ်နေခဲ့သည်။ ထို့ကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်း၊ တရုတ်နိုင်ငံမှ ကီလိုမီတာ (၉၀) ခန့်အကွာရှိ လူဦးရေ (၇၀၀) မျှသာရှိသော ရွှေလီမြစ်နဘေးမှ မန်တပ်ကျေးရွာအနီးတွင် စစ်အစိုးရက ရွှေလီအမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ရန် ရွေးချယ်ခဲ့သည်။ ထိုမျှသောလူဦးရေ (၇၀၀) ခန့်သာရှိသောကျေးရွာသို့ စီမံကိန်းစမည့် ၂၀၀၀ ခုနှစ်တွင် စစ်သား (၃၀၀) စတင်ဝင်ရောက်လာသည်မှစ၍ ဒေသခံပြည်သူများတွင် စားစရိတ်မြင့်မားမှုဒဏ်ကို စတင်ခံစားခဲ့ရကြောင်း မိုင်အောင်ကိုမှ ပြောသည်။

စီမံကိန်းအဆင်ပြေစေရေးအတွက် လမ်းဖောက်ခြင်းကို ၂၀၀၁ ခုနှစ် စတင်ချိန်မှစ၍ အောက်ခံမြေသားဖို့ပေးရန် ဒေသခံပြည်သူများအား အဓမ္မစေခိုင်းမှုနှင့် မြေယာသိမ်းမှုများကို စတင်ကျူးလွန်လာခဲ့သည်။ ၂၀၀၁ ခုနှစ်၊ ဧပြီလတွင် စီမံကိန်းလုပ်ငန်း၏ (၅၁) ရာခိုင်နှုန်းခန့်ပြီးစီးခဲ့သည်။ ၂၀၀၈ ခုနှစ်ကုန်ပိုင်းတွင် ပထမရေအားလျှပ်စစ်ထုတ်တာဘိုင်မှ လျှပ်စစ်စတင်ထုတ်နိုင်တော့မည်ဖြစ်သည်ဟု အစီရင်ခံစာတွင်ဖော်ပြထားသည်။ ❖

"ကြောက်ရွံ့မှုသည် ယဉ်ကျေးသော လူသား၏ သဘာဝမဟုတ်သောကြောင့် အဖိနှိပ်ဆုံးသော အစိုးရယန္တရားအောက်၌ပင် သတ္တိသည် ထပ်ခါတလဲလဲထကြွလာပါသည်"

ဤဆွဲဆောင်မှုအားပြင်းလှသော စကားလုံးများကား အလွန်သတ္တိပြောင်မြောက်သော အမျိုးသမီးတဦးမှရေးသားခဲ့ခြင်းဖြစ်လေသည်။ ယနေ့ အောက်တိုဘာ (၂၄) ရက်နေ့သည် ၎င်းအမျိုးသမီး ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ်အဖြစ် အထိန်းသိမ်းခံရခြင်း (၁၂) နှစ် ပြည့်သည့်နေ့ဖြစ်သည်။ ဤ (၁၂) နှစ်ပြည့်သောကာလသည် တကယ်၌ သူမဘဝ တစိတ်တပိုင်းမျှသာဖြစ်သေးသည်။ အနာဂတ်ဗမာပြည် ကောင်းစား

ထက် အဆပေါင်းများစွာဖြစ်လိမ့်မည်ဟု ကျနော်တို့ယူဆသည်။ ဘုန်းတော်ကြီးပေါင်း (၂၀၀၀) အထက်နှင့် အခြားဆန္ဒပြသူများလည်း အကျဉ်းချခံနေကြရသည်။ မူလကလည်း နိုင်ငံရေးအကျဉ်းသား (၁၀၀၀) နှင့် အထက်ရှိခဲ့ပြီးဖြစ်သည်။ ကျနော်တို့ မျက်မြင်သက်သေများဆီမှရရှိသော အစီရင်ခံစာများထဲတွင် အလွန်ကြောက်စရာကောင်းသော အချက်အလက်များပါရှိသည်။ ဘုန်းတော်ကြီးများကို သင်္ကန်းများဆွဲချွတ်၍ ပြင်းပြင်းထန်ထန်ရိုက်နှက်ခြင်း၊ အဖမ်းခံရသူများ ထောင်ထဲ၌သေဆုံးခြင်း၊ လူ့အညစ်အကြေးများဖြင့်ပြည့်နှက်နေသော အကျဉ်းခန်းငယ်လေးများအတွင်း လူပေါင်းရာနှင့်ချီ၍ ရေ

တစောင်ကို အခိုင်အမာထုတ်ပြန်ခဲ့သည်။ ၎င်းကြေညာချက်တွင် စစ်အစိုးရ၏လုပ်ရပ်များကို ရှုတ်ချခြင်း၊ အချိန်အပိုင်းအခြားပါဝင်သော နိုင်ငံရေးညှိနှိုင်းမှုလုပ်ငန်းစဉ်တရပ် တောင်းဆိုခြင်းနှင့် ဘန်ကီမွန်း၏ ကုလအထူးကိုယ်စားလှယ် အီဗရာဟင်ဂမ်ဘာရီ၏ သံတမန်ခွင့်ကောင်းများကို အခိုင်အမာထောက်ခံခြင်းတို့ပါဝင်သည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှရလဒ်များကို ပြန်လည်ဆန်းစစ်ရန်အတွက် နောက်တကြိမ်တွေ့ဆုံရဦးမည်။ တိုးတက်မှုတစုံတရာမရှိသေးပါက စီမံကိန်းအသစ်များကို ထပ်မံချမှတ်ရန်ဖြစ်သည်။ ဥရောပသမဂ္ဂသည်လည်း စစ်အစိုးရအတွက် အခွန်ဘဏ္ဍာဖြစ်စေနိုင်သောကဏ္ဍများအ

လမ်းများကိုမကျင့်သုံးဘဲ စစ်မှန်သောအမျိုးသားရင်ကြားစေ့ရေးနှင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးတို့ကိုသာလျှင် ဦးတည်ရန်ရှင်းလင်းစွာတောင်းဆိုခဲ့ကြသည်။ ကျနော်တို့အနေဖြင့် အစိုးရအတွင်းပိုင်း၌ဖြစ်စေ ပြင်ပနှင့်ဖြစ်စေဆက်စပ်သော ဗမာပြည်သူတိုင်းကို နားလည်စေချင်ပါသည်။ ဗမာပြည်တွင် စစ်မှန်သောနိုင်ငံရေးအပြောင်းအလဲသာဖြစ်လာခဲ့မူ နိုင်ငံတကာအသိုင်းအဝိုင်းမှ ဗမာပြည်ပြန်လည်ထူထောင်ရေးအတွက် စီးပွားရေးနှင့်တကွ လိုအပ်သမျှသော အကူအညီများပေးရန် အသင့်ရှိပါသည်။ လွန်ခဲ့သောအပတ်က ကျနော် (G7) ခေါင်းဆောင်များ ဝန်ကြီးချုပ်ဆော့ခရေးတီး (စ်)၊

ရုံးချုပ်၌ ဤအရေးကို စိတ်ဝင်တစားရှိသော နိုင်ငံများနှင့် စည်းဝေးပွဲတခုပြုလုပ်ခဲ့သည်။ လက်ရှိစစ်အစိုးရသည် သူ့ကိုယ်သူ ပြည်ပဝင်ရောက်စွက်ဖက်မှုများကို ခံနေရသည့် သနားစရာသတ္တဝါကဲ့သို့ ကိုယ့်ကိုယ်ကို ရုပ်လုံးဖော်နေသည်။

သို့သော် လုံးဝရှင်းရှင်းပြောကြပါစို့။ တည်ငြိမ်သာယာတိုးတက်ကောင်းမွန်သော ဗမာပြည်ဖြစ်ရန်အတွက် အတားအဆီးအဟန့်အတားဖြစ်နေသည်မှာ စစ်အစိုးရတခုထဲကိုယ်တိုင်သာလျှင်ဖြစ်သည်။

Alan Clements နှင့် အင်တာဗျူးတွင် ဒေါ်အောင်ဆန်းစုကြည်က "*ကြောက်စရာကောင်းလှချေရဲ့ဆိုပြီး လက်ဝါးနှစ်ဖက်ပွတ်*

# တကမ္ဘာလုံး အရေးပေးဆောင်ရွက်ကြရမည်....



PHILO CHARITY

ကျနော်တို့အနေဖြင့်
အစိုးရအတွင်းပိုင်း၌ဖြစ်စေ
ပြင်ပနှင့်ဖြစ်စေဆက်စပ်သော
ဗမာပြည် သူတိုင်းကို နားလည်စေချင်ပါသည်၊
ဗမာ ပြည်တွင် စစ်မှန်သောနိုင်ငံရေး
အပြောင်း အလဲသာ ဖြစ်လာခဲ့မူ
နိုင်ငံတကာအသိုင်းအဝိုင်းမှ
ဗမာပြည်ပြန်လည်ထူထောင်ရေးအတွက်
စီးပွားရေးနှင့်တကွ လိုအပ်သမျှသော
အကူအညီများပေးရန်
အသင့်ရှိပါသည်။

ရေးအတွက် ဘဝတခုလုံးကိုမြှုပ်နှံခဲ့သော သူမသည် ရင်သွေးများကို အဝေးမှသာ စောင့်ရှောက်ခဲ့ရသည်။ သူမကိုထောက်ခံအားပေးသော လူအယောက် (၈၀) အား သေသွားသည်အထိ အရိုက်အနှက်ခံရသော တိုက်ခိုက်မှုမျိုးကိုလည်း ကျော်လွှားခဲ့ရသည်။ ကျနော် သူမအမျိုးသားကို သူ့ဘဝနေဝင်ခါနီးအချိန်တွင် ခေတ္တခဏတွေ့ခွင့်ရခဲ့သည်။ ထိုအချိန်တွင် သူသည် ကျန်းမာရေးဆုတ်ယုတ်လာမှုနှင့်အတူ နောက်ဆုံးခရီးတွင် ဇနီးသည်နှင့်တွေ့ဆုံရန် ပိတ်ပင်တားမြစ်ထားသော ဗမာအစိုးရ၏ မာရေကျောရေ သဘောထားကို သတ္တိနှင့်ရင်ဆိုင်နေရချိန်ဖြစ်သည်။

ယနေ့ဗမာပြည်ကိုမည်သည့်အခါမျှ မေ့ပျောက်၍ရမည်မဟုတ်သည့် အချက်တချက်ကျန်ပါသေးသည်။ လွန်ခဲ့သော ရက်သတ္တပတ်အနည်းငယ်က ဗမာပြည်သူများသည် ဒေါ်အောင်ဆန်းစုကြည်ရေးခဲ့သော ထိုသတ္တိမျိုးကို ဇွဲနဘဲကြီးစွာ ပြသခဲ့ကြသည်။ ကြမ်းတမ်းခက်ထန်သော စစ်အစိုးရမျက်စိရှေ့တွင် ထောင်နှင့်သောင်းနှင့်ချီသည့် ပြည်သူများသည် လူထုလွတ်မြောက်ရေးနှင့် ဂုဏ်သိက္ခာအတွက် လမ်းများပေါ်တွင် ချီတက်ဆန္ဒပြခဲ့ကြသည်။ သူတို့သည် နံပါတ်တုတ်များ၊ ကျည်ဆံများကိုရင်ဆိုင်ကြသည်။ သူတို့ ဘယ်ရွေ့ဘယ်မျှ အသတ်ခံကြရသည်ကို ကျနော်တို့ တိတိကျကျမသိရပါ။ သို့သော် စစ်အစိုးရဝန်ခံပြောဆိုသော ကိန်းဂဏန်း

အစရှိသော အခြေခံလိုအပ်ချက်များမပေးဘဲ သွတ်သွင်းထားခြင်း၊ ညအချိန်မတော် စစ်ဆေးထောက်လှမ်းခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုမရှိခြင်း၊ အသက် (၇) နှစ်သာရှိသေးသော ကိုရင်လေးများကို ထောင်ချထားခြင်း အစရှိသည့် အစီရင်ခံချက်များကို တွေ့ရှိရသည်။ ဤမျှရက်စက်လွန်းလှသည်များကို မည်သည့်အခါမျှမမေ့အပ်သကဲ့သို့ မေ့လည်းမေ့မည်မဟုတ်ပါ။

ယခု စစ်အစိုးရအဆင့်ဆင့် လုပ်ဆောင်ရမည့်အချက်များမှာ ရှင်းလင်းပါသည်။ အကြမ်းဖက်မှုများကို ရပ်ဆိုင်းပါ။ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးပါ။ ဗမာပြည်အတွက် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ ဆာဂျီယိုပီညဲရိုးနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီအဖွဲ့ကြီးတို့ဝင်ရောက်မှုကို လက်ခံပါ။ ကုလသမဂ္ဂမှကြီးမှူး၍ ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအတိုက်အခံခေါင်းဆောင်များနှင့် တိုင်းရင်းသားခေါင်းဆောင်များ ပါဝင်သော အမျိုးသားရင်ကြားစေ့ရေးအတွက် စေ့စပ်ရေးလမ်းကြောင်းဖွင့်ပါ။

စစ်အစိုးရသည် ယခင်က အမြဲရင်ဆိုင်နေရသည်နှင့်မတူ ယခုအခါ ပြတ်ပြတ်သားသားရွေးချယ်ရန် လိုအပ်လာသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီက ပထမဆုံးအကြိမ် ဗမာစစ်အစိုးရကို တရားဝင်အရေးယူဆောင်ရွက်သည့်အနေဖြင့် ကြေညာချက်

ပေါ်တွင် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုများကို ပိုမိုတိုးမြှင့်လိုက်သည်။ ဒါတွင်မှ တိုးတက်မှုမရှိသေးလျှင် ရင်းနှီးမြှုပ်နှံမှုအသစ်များ၏ပိတ်ပင်မှုများအပါအဝင် ပိုမိုပြင်းထန်သော ပိတ်ဆို့အရေးယူမှုများကို ထပ်ဆင့်ပြုလုပ်ဦးမည်ဖြစ်သည်။ သောကြာနေ့က သမတဘုရှ်ကလည်း အလားတူပိတ်ဆို့အရေးယူမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် အာဆီယံကလည်း စစ်အစိုးရ၏လုပ်ရပ်များကို စက်ဆုပ်ရွံရှာပါသည်ဟု လူသိရှင်ကြား ကမ္ဘာသို့ ထုတ်ဖော်ပြောဆိုခဲ့သည်။ ဗမာနှင့်ဆက်စပ်သော အိမ်နီးချင်းနိုင်ငံများကလည်း ၎င်းတို့ဒေသအကျိုးနှင့် ဗမာပြည်သူတို့အကျိုးကိုရှေးရှုပြီး စစ်အစိုးရသည် ယခင်နည်း

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဘန်ကီမွန်း၊ ဝန်ကြီးချုပ် မန်မိုဟန်ဆင်း၊ ဝန်ကြီးချုပ်ဝမ်ကျားပေါင်၊ ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌနှင့် နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့မှ စီမံခန့်ခွဲမှုဒါရိုက်တာတို့အား ဗမာပြည်နာလန်ထူရေးအတွက် စီးပွားရေးအရအကူအညီပေးရေး ဆွေးနွေးပွဲတခုပြုလုပ်ရန် အဆိုပြုသည့်စာတစောင်တင်ပြထားသည်။ သို့သော် စစ်မှန်သော အမျိုးသားရင်ကြားစေ့ရေး၊ ဒီမိုကရေစီနှင့် အထူးတိုးတက်မှုဖြစ်စဉ် ဖြစ်ပေါ်လာမှသာလျှင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။ ၎င်းရက်သတ္တပါတ်နောက်ဆုံးရက်တွင် ဒေါက်ဂလပ် (စ) အလက်ဇန္ဒားက ဝါရှင်တန်မြို့ရှိ ကမ္ဘာ့ဘဏ်

*မတ်တပ်ရပ် ဘုရားတနေရုံနဲ့ဘာမှဖြစ်မလာပါဘူး။ လူတိုင်းဟာ သူတို့လုပ်နိုင်တာကို စပြီးကြိုးစားကြည့်ရပါမယ်*" ဟုပြောခဲ့ပါသည်။

မိတ်ဆွေတို့က မည်သို့ပင်သတ်မှတ်ပါစေ။ ထို (၁၂) နှစ်ပြည့်နေ့အတွက် ကျနော်ကြွေးကြော်ချင်သည်မှာ "တကမ္ဘာလုံးက တကယ်အလေးထားလုပ်ဆောင်သင့်သည်" ဟုသာ ....။

(၂၀၀၇ ခုနှစ်၊ အောက်တိုဘာ (၂၄) ရက်နေ့ Guardian သတင်းစာတွင်ရေးသားဖော်ပြခဲ့သော Gordon Brown ၏ "The Whole World Must Act" ကို Philo Charity မှ ဆီလျော်သလို မြန်မာဘာသာပြန်ဆိုပါသည်။) ❖

## ကမ္ဘာသူ ကမ္ဘာသားအားလုံး မြန်မာစစ်အုပ်စုအပေါ် သည်းခံနိုင်စွမ်းမရှိတော့ကြောင်း ကုလအတွင်းရေးမှူးချုပ်မှ တရားဝင်ပြော



ကုလအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘမ်ကီမွန်းက မြန်မာစစ်အုပ်စုအပေါ်ထားရှိသော နိုင်ငံတကာ၏ စိတ်ရှည်သည်းခံနိုင်စွမ်းတို့ ကုန်ဆုံးသွားပြီဖြစ်ကြောင်း နအဖစစ်အုပ်စုအားသတိပေးစကားပြောလိုက်သည်။

ပြောလေ့ပြောထမဟုတ်သော အထွေထွေအတွင်းရေးမှူး၏မှတ်ချက်စကားတွင် စစ်အုပ်စုအနေနှင့် အထီးကျန်တခါးပိတ်ဝါဒကိုစွန့်လွှတ်ပြီး မြန်မာပြည်သူများအား ဒီမိုကရေစီနှင့်လွတ်လပ်ခွင့်ကို အချိန်မနှောင့်နှေးစေဘဲ ပေးရမည်ဟု ထည့်သွင်းပြောကြားသွားသည်။ မစ္စတာဘမ်ကီမွန်းက ဒေါ်အောင်ဆန်းစုကြည်သည် ယခုလက်ရှိစစ်ခေါင်းဆောင်များနှင့်တွေ့ဆုံဆွေးနွေးလိုခြင်းအား နအဖစစ်ဗိုလ်ချုပ်များအနေနှင့်လိုက်လျောခွင့်ပြုစေလိုကြောင်း ထိုင်းနိုင်ငံခရီးစဉ်အတွင်းတွင် ပြောကြားခဲ့သည်။

ထို့အတူ ၎င်းက အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အား အဖွဲ့ဝင်ဖြစ်သော မြန်မာပြည်အတွင်း နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ ဖြစ်ပေါ်လာစေရေးတွန်းအားပေးရန် တိုက်တွန်းတောင်းဆိုထားသည်။ ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ရှိ ကုလသမဂ္ဂရုံးရှေ့တွင် စက်တင်ဘာတော်လှန်ရေးကာလအတွင်း ဒီမိုကရေစီရေးလှုပ်ရှားသူများအား အကြမ်းဖက်နှိမ်နင်းခဲ့ခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂမှ ထိရောက်စွာအရေးယူပေးပါရန် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားနေသူများက စုရုံးတောင်းဆိုခဲ့ကြသည်။ ❖

# မြန်မာပြည်နှင့် စီးပွားဖက်ပြုခြင်းသည် စစ်အုပ်စုအကျိုးသက်သက်သာဖြစ်ကြောင်း

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကြေညာချက်ထုတ်ပြန်

နိုဝင်ဘာ (၂၉)

အကယ်၍ စီးပွားရေးပိတ်ဆို့မှုက စစ်အုပ်စုအား မည်သို့မှမထိခိုက်ပါက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံရေးကိုလက်ခံရမည်ဆိုလျှင် ပိတ်ဆို့မှုအားထောက်ခံထားသည့် ဒေါ်အောင်ဆန်းစုကြည်၏သဘောထားကို ပြောင်းလဲပါမည့်အကြောင်းတရားဝင်ကြေညာပေးရမည်ဟု တောင်းဆိုစရာအကြောင်းမရှိကြောင်း အဲန်စီယူဘီမှ ကြေညာချက်တစောင်ထုတ်ပြန်ထားသည်။

နအဖ၏ ထိုတောင်းဆိုချက်အား ဒေါ်အောင်ဆန်းစုကြည်၏ အဲန်အယ်လ်ဒီ (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) မှ အခြေအမြစ်မရှိကြောင်းပြောကာ ချက်ခြင်းပင်ပယ်ချခဲ့ပြီးလည်းဖြစ်သည်။ အဲန်စီယူဘီသည် အဲန်အယ်လ်ဒီ၏ရပ်တည်ချက်ကို အပြည့်အဝယုံကြည်ထောက်ခံပါကြောင်းနှင့် ကမ္ဘာသူ၊ ကမ္ဘာသားအပေါင်းကလည်း မိမိတို့နှင့်ထပ်တူ ထောက်ခံအားပေးသွားကြပါရန် တိုက်တွန်းထားသည်။

ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားကောင်စီ၏ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်က "လူတွေကပြောနေကြတယ်။ (Sanction) လုပ်တာ ဘာမှအကျိုးသက်ရောက်မှုမရှိပါဘူး။ ပြည်သူတွေပဲ နစ်နာတာပါလို့။ အခုကြည့်ပါ။ စီးပွားရေးပိတ်ဆို့မှုကြောင့် တေဇရဲ့အဲယားပုဂံလိုင်းပိတ်သွားရတာ ပြည်သူကိုထိခိုက်သွားသလား။ နအဖရဲ့အကြီးအကျယ်ဆုံးရှုံးမှုလားဆိုတာ။ နောက်တခု အရင်က ပြည်သူတွေမစားနိုင်တဲ့ ငါးတွေ၊ ပုဇွန်တွေကို မြန်မာပြည်ဈေးတွေထဲမှာ ပြန်ပြီးမြင်လာရတာကရော ဒီပိတ်ဆို့မှုရဲ့ အောင်မြင်မှုပဲလို့ ကျနော်ပြောချင်တယ်။ ဒါဟာ ပြည်သူကိုထိခိုက်စေတာမဟုတ်ပါဘူး။ နအဖရဲ့ဝင်ငွေကို ရပ်တန့်ပစ်လိုက်တာပါ"ဟု မိုးကြိုးသတင်းစာသို့ပြောသည်။

ဥရောပသမဂ္ဂမှ ဆောင်ရွက်ပေးလိုက်သော စီးပွားရေးပိတ်ဆို့မှု၊ ရင်းနှီးမြှုပ်နှံမှုများအားရပ်ဆိုင်းခြင်းနှင့် ဥရောပအခြေစိုက်စီးပွားရေးကုမ္ပဏီကြီးများအား ငွေရင်းမြှုပ်နှံမှုကို တားမြစ်ခြင်း၊ ငွေရင်းများကို ပြန်လည်နုတ်ယူခြင်း၊ မြန်မာပြည်နှင့်ဆက်စပ်သော စီးပွားရေးလုပ်ငန်းမှန်သမျှကို ရပ်စဲလိုက်ခြင်းတို့အား ကျေနပ်နှစ်သက်မိကြောင်း ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ (အဲန်စီယူဘီ) က ထုတ်ဖော်ပြောကြားလိုက်သည်။ ထိုတားမြစ်လိုက်သော စီးပွားရေးလုပ်ငန်းအားလုံးမှ ရရှိလာသည့်ဝင်ငွေသည် မြန်မာပြည်သူပြည်သားများအတွက် အကျိုးကျေးဇူးတစုံတရာမရှိဘဲ နအဖစစ်အုပ်စုအတွက်သက်သက်မျှသာဖြစ်ကြောင်း ထိုကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အကယ်၍ မြန်မာပြည်အား စီးပွားရေးပိတ်ဆို့လိုက်သည့်အတွက် အလုပ်သမားသုံးသောင်းခန့် အလုပ်လက်မဲ့ဖြစ်လျှင်ဖြစ်သွားနိုင်ကြောင်း၊ သို့သော် မြန်မာ့လူဦးရေသန်းပေါင်း (၃၀) ကျော်အတွက်ကို စဉ်းစားသည့်အခါတွင် ဤမျှသောဆုံးရှုံးမှုကို မလွှဲမသွေ ရင်ဆိုင်ကြရမည်သာဖြစ်ကြောင်းကိုလည်း ပြောသည်။

"ပိတ်ဆို့မှုကြောင့် ပြည်သူတွေနစ်နာပျက်စီးရလိမ့်မယ်ဆိုတဲ့ပိတ်ဆို့မှုကို တန်ပြန်ဆန့်ကျင်တဲ့ စစ်အုပ်စုရဲ့ဝါဒဖြန့်မှုတွေကို မယုံကြည်ပါနဲ့။ တောင်အာဖရိကကို သတိရပါ" ဟု ကြေညာချက်တွင် ထည့်သွင်းရေးသားထားသည်။

"စစ်အုပ်စုက ကျနော်တို့ကို အကြမ်းဖက်သမားတွေ၊ တိုင်းပြည်ကိုဖျက်ဖို့ကြိုးစားနေတဲ့သူတွေ စသည်ဖြင့် တခါထပ်ပြီး တံဆိပ်အမျိုးမျိုးတပ်နေမယ်ဆိုတာ ကျနော်တို့သိတယ်။ ပြည်သူတွေကို သေနတ်နဲ့ပစ်သတ်တာစစ်အစိုးရပဲဆိုတာ ဒီမိုကရေစီရေးလှုပ်ရှားခဲ့တဲ့ စက်တင်ဘာတော်လှန်ရေးအတွင်းမှာ အားလုံးသိပြီးဖြစ်ပါတယ်။ အဲဒီပြည်သူကိုသတ်တဲ့သေနတ်တွေကို နိုင်ငံတကာက မြန်မာပြည်ကိုလာပြီး ရင်းနှီးမြှုပ်နှံလိုက်တဲ့ အမြတ်အစွန်းတွေကနေဝယ်နေတာဖြစ်ပါတယ်"ဟု ကြေညာချက်တွင်ဖော်ပြထားသည်။

ဆက်လက်၍ ကျနော်တို့တိုက်ပွဲဝင်နေသည်မှာ ကျနော်တို့၏ မိဘများ၊ ကျနော်တို့ကရင်သွေးများနှင့် ကျနော်တို့မျိုးဆက်သစ်များ၏ အနာဂတ်များ၊ ရှင်သန်မှုများအတွက်ဖြစ်ကြောင်း၊ မြန်မာလူမျိုးများသည်လည်း အခြားဒီမိုကရေစီဖွံ့ဖြိုးသောနိုင်ငံများနည်းတူ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို တန်းတူညီမျှခံစားသင့်ကြောင်း၊ လွန်ခဲ့သောနှစ်များစွာကပင် ဒေါ်အောင်ဆန်းစုကြည်က သင်တို့အား တိုက်တွန်းခဲ့သည့်စကားအတိုင်း "သင်တို့၏ကိုယ်ပိုင်လွတ်လပ်ခွင့်များနှင့် ကျွန်ုပ်တို့အား ကာကွယ်ပေးပါ"ဟု တိုက်တွန်းလိုပါကြောင်း အဲန်စီယူဘီ၏သဘောထားကို ထည့်သွင်းရေးသားထားသည်။

အဆိုပါကြေညာချက်တွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဒါဇင်ပေါင်းများစွာသော တိုင်းပြည်များနှင့် လူမျိုးအသီးသီးတို့သည်လည်းကောင်း၊ မြန်မာပြည်တွင်းစစ်အစိုးရ၏ အကြမ်းဖက်မှုကို ခံခဲ့ကြရသော မြန်မာပြည်သူပြည်သားအပေါင်းအား အံ့ဖွယ်သူရဲ နားလည်စာနာမှု ပြခဲ့ကြသော ကမ္ဘာတဝှမ်းရှိ လူမျိုးအသီးသီးအားလည်းကောင်း၊ အရပ်သားအဖွဲ့အစည်းများအားလည်းကောင်း၊ ကုန်သည်ကြီးများအသင်းအားလည်းကောင်း၊ ကမ္ဘာ့အစိုးရအသီးသီးအားလည်းကောင်း မြန်မာ့အရေးတွင် အင်တိုက်အားတိုက်ပါဝင်လာခဲ့ကြပြီး ချီတက်ဆန္ဒပြပွဲများ၊ ဝတ်ပြုဆုတောင်းမှုများ၊ လက်မှတ်ရေးထိုးသည့်လှုပ်ရှားမှုများ၊ အခြားနည်းမျိုးစုံဖြင့် စုစည်းပါဝင်ခဲ့ကြသည်ကို ချီးကျူးဂုဏ်ပြုလျက် ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့်ထိုအရာများသည်အထူးပင်ခက်ခဲကြမ်းတမ်းလှသည့်အခြေအနေဆိုးတွင်ရောက်နေသော ကျနော်တို့အားလုံးအတွက် အဖိုးမဖြတ်နိုင်သည့်ခွန်အားကို ဖြစ်စေပါကြောင်း ဖော်ပြထားသည်။ ❖

# ကရင်ပြည်သူများအပေါ်လူမျိုးပြုတ်ရန်ထိုးစစ်ဆင်မှုများအား ပြည်တွင်း ပြည်ပ နစ်ရပ်လုံးမှ ဝိုင်းဝန်းကန့်ကွက်ပေးပါရန် ကရင်အမျိုးသားအစည်းအရုံးမှ ကြေညာချက်တရပ်ထုတ်ပြန်

နအဖစစ်အုပ်စုသည် ၂၀၀၇ ခုနှစ်၊ မိုးရာသီအတွင်း၊ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးကာလမှာပင် ကေအဲန်ယူအခြေခံဒေသများအတွင်း စစ်ဆင်ရေးများကို မရပ်နားခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) မှ (၁၀၊ ၁၂၊ ၂၀၀၇) နေ့စွဲဖြင့် ကြေညာချက်တစောင် ထုတ်ပြန်လိုက်သည်။

ထိုကြေညာချက်တွင် နအဖ၏ပေါ်လစီအရ ကရင်လူထုအပေါ် ဖမ်းဆီးသတ်ဖြတ်မှု၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များကို အဓမ္မလုယက်ဖျက်ဆီးမှု၊ နေရပ်မှမောင်းထုတ်မှု၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးမှု၊ လူထု၏ ဥယျာဉ်ခြံမြေ၊ စပါးခင်း၊ စပါးကျီများကို ဖျက်ဆီးမှု၊ အဓမ္မစေခိုင်းမှု၊ ငွေညှစ်မှု စသည့် ဆိုးဝါးသောပြစ်မှုများကို အဆက်မပြတ်ကျူးလွန်နေခဲ့ကြပြီး ယခု အောက်တိုဘာလတောင်ယာ စပါးသိမ်းချိန်မှစ၍ စစ်ဆင်ရေးကို တိုးမြှင့်လာခဲ့ကြောင်းဖော်ပြထားသည်။

ဤသို့ထိုးစစ်ဆင်ရာတွင် ....

(၁) သထုံခရိုင်၊ ကေအဲန်အယ်လ်အေ တပ်မဟာ (၁) စစ်ဒေသအတွင်း ရှိရင်းစွဲ နအဖတပ်ရင်းအပြင် နောက်ထပ် စကခ (၁၉) မှ တပ်ရင်း (၇) ရင်းဖြင့်လည်းကောင်း။

(၂) တောင်ငူခရိုင်၊ ကေအန်အယ်လ်အေ တပ်မဟာ (၂) စစ်ဒေသအတွင်း ရှိရင်းစွဲ နအဖတပ်ရင်း (၁၇) ရင်းအပြင် စကခ (၄)၊ စကခ (၂၁)၊ စကခ (၁၀) တို့မှ နောက်ထပ်တပ်ရင်း (၁၇) ရင်းဖြင့်လည်းကောင်း။

(၃) ညောင်လေးပင်ခရိုင်၊ ကေအဲန်အယ်လ်အေ တပ်မဟာ (၃) စစ်ဒေသတွင် ယခုရှိရင်းစွဲ နအဖတပ်ရင်း (၁၈) ရင်းအပြင် နောက်ထပ် စကခ (၂၁) နှင့် တပ်မ (၃၃)မှ တပ်ရင်း (၁၄) ရင်းဖြင့်လည်းကောင်း။

(၄) တနင်္သာရီတိုင်း၊ ကေအဲန်အယ်လ်အေ တပ်မဟာ (၄) စစ်ဒေသတွင် ရှိရင်းစွဲ နအဖတပ်ရင်း (၁၃) ရင်းအပြင် နောက်ထပ် စကခ (၂၀) မှ တပ်ရင်း (၇) ရင်းဖြင့်လည်းကောင်း။

(၅) ဖာပွန်ခရိုင်၊ ကေအဲန်အယ်လ်အေ တပ်မဟာ (၅) စစ်ဒေသတွင် ရှိရင်းစွဲ နအဖတပ်ရင်း (၂၃) ရင်းအပြင် ယခုနောက်ထပ် စကခ (၁၆) တပ်မ (၃၃)၊ တပ်မ (၅၅) တို့မှ တပ်ရင်းပေါင်း (၂၁)ရင်းတို့ဖြင့်လည်းကောင်း။

(၆) ကော့ကရိတ်၊ မြဝတီ၊ ကြာအင်း၊ ဘုရားသုံးဆူဒေသ ကေအဲန်ယူ၏ ဒူးပလာယာခရိုင်၊ ကေအဲန်အယ်လ်အေတပ်မဟာ (၆) စစ်ဒေသတွင် ရှိရင်းစွဲတပ်ရင်း (၁၄) ရင်းအပြင် ယခုနောက်ထပ် စကခ (၈)၊ စကခ (၁၅) တို့မှ တပ်ရင်း (၁၀) ရင်းတို့ဖြင့်လည်းကောင်း။

(၇) ဖားအံခရိုင်၊ အေအဲန်အယ်လ်အေ တပ်မဟာ (၇) စစ်ဒေသတွင်လည်း ရှိရင်းစွဲ တပ်ရင်း (၁၂) ရင်းအပြင် ယခုနောက်ထပ် စကခ (၁၅) မှ တပ်ရင်း (၇) ရင်းတို့ဖြင့်လည်းကောင်း ဝင်ရောက်စစ်ဆင်လျက်ရှိရာ ကေအဲန်ယူဒေသအတွင်း နအဖ၏စစ်ဆင်ရေးတပ်များမှာ စုစုပေါင်း (၁၈၇) ရင်းရှိနေသည်။

ဤဖော်ပြပါ ထိုးစစ်ဆင်မှုများ၊ စီးနင်းတိုက်ခိုက်မှုများကြောင့် ကရင်ပြည်သူများမှာ ၂၀၀၆ ခုနှစ်အစပိုင်းတွင် ကရင်လူထု (၂) သောင်းခန့် ဌာနေမဲ့လူထုဘဝသို့ ကျရောက်ခဲ့ရပြီး (၃၀၀၀) ကျော်မှာ နယ်စပ်ဒေသသို့ ထွက်ပြေးလာခဲ့ကြရသည်ဟု အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

နအဖ၏ ဤထိုးစစ်ကြီးမှာ မျိုးပြုတ်စစ်ဆင်မှုဖြစ်နေပြီး မြန်မာ့အရေးအား နိုင်ငံရေးနည်းနှင့် ဖြေရှင်းမည်ဆိုသည့်အခြေအနေနှင့် လုံးဝဆန့်ကျင်နေသောကြောင့် ပြည်တွင်းပြည်ပနှစ်ရပ်လုံးက အခြေအနေမှန်ကို သိရှိရန်နှင့် ဝိုင်းဝန်း၍ ဆန့်ကျင်ကန့်ကွက်ပေးကြရန်ကိုလည်း တိုက်တွန်းတောင်းဆိုထားသည်။

နိုဝင်ဘာလ (၁၉) ရက်နေ့က ပဲခူးတိုင်း၊ တောင်ငူခရိုင်၊ ဖာပွန်မြို့နယ်ရှိ လေခီးရွာအနီးတွင် အိမ်မိုးရန်ဖက်ခူးသွားသည့် ကရင်မောင်နှမနှစ်ယောက်တို့သည် နအဖ၏ မြေမြှုပ်မိုင်းနင်းမိ၍ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များကို ကူညီနေသော Free Burma Rangers မှ ထုတ်ပြန်သည့်အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၀၇ ခုနှစ်ဆန်းမှစ၍ မယ်တော်ဆေးခန်းသို့ရောက်လာသော မြေမြှုပ်မိုင်းနင်းမိသည့်လူနာ (၃၅) ဦးခန့်ရှိကြောင်း၊ မြေမြှုပ်မိုင်းစောင့်ကြည့်ရေးအဖွဲ့၏ ၂၀၀၇ ခုနှစ် အစီရင်ခံစာအရ ၂၀၀၆ ခုနှစ်အတွင်း မိုင်းနင်းမိ၍ သေဆုံးသူ (၂၀) ရှိပြီး (၂၂၃) ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ရောဝတီအင်တာနက်သတင်းဌာနမှ ရေးသားထားသည်။

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ မဂ္ဂင်ကျောင်းတိုက်အား ချိပ်ပိတ်ခြင်းကို ကန့်ကွက်ရှုတ်ချသည့်ကြေညာချက်တစောင်ထုတ်ပြန်



အေအိုင်ဒီအက်စ်ဝေဒနာရှင်များအားကူညီစောင့်ရှောက်ပေးနေသည့်မဂ္ဂင်ကျောင်းတိုက်

ဆေးကုသရန် လာရောက်နေထိုင်နေကြသည့် အေအိုင်ဒီအက်စ်ဝေဒနာရှင်များအား ကူညီစောင့်ရှောက်နေသည့် မဂ္ဂင်ကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်နေသူ သက်တော် (၈၀) အရွယ် ရဟန်းအိုကြီးအား လမ်းဘေးသို့နှင်ထုတ်ကာ ကျောင်းကိုချိပ်ပိတ်လိုက်သည့် အကျည်းတန်သောအဖြစ်အား ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီမှ ကန့်ကွက်ကြောင်း ကြေညာချက်တစောင်ကို နိုဝင်ဘာလ (၂၉) ရက်တွင် ချက်ခြင်းထုတ်ပြန်လိုက်သည်။

စက်တင်ဘာလှုပ်ရှားမှုကြီးကို အကြမ်းဖက်ဖြိုခွဲခဲ့ပြီးနောက် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ၊ လူမှုရေး၊ ဘာသာရေးအကျိုးပြုလုပ်ဆောင်နေသူများကို နည်းမျိုးစုံသုံး၍ ဖိနှိပ်ထောင်ချနေခြင်းများအား စဉ်ဆက်မပြတ်လုပ်နေသည့် နအဖ၏လုပ်ရပ်ကို အပြင်းအထန်ကန့်ကွက်ရှုတ်ချလိုက်ကြောင်း ထိုကြေညာချက်တွင်ဖော်ပြထားသည်။

နအဖအနေနှင့် မိမိတို့အာဏာတည်မြဲရေးအတွက် အမျိုး၊ ဘာသာ၊ သာသနာနှင့် တိုင်းပြည်အား ဖျက်ဆီးနေခြင်းများကိုလုံးဝရပ်တန့်ရန်တောင်းဆိုလိုက်ပြီး ဖြစ်ပေါ်လာမည့် နောက်ဆက်တွဲဆိုးကျိုးအားလုံးအတွက် နအဖတွင်သာတာဝန်ရှိကြောင်းလည်း သတိပေးလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးစုံ၊ ဘာသာစုံ၊ ပြည်သူတရပ်လုံးနှင့် နိုင်ငံတကာရှိ ဘာသာ၊ သာသနာပိုင်များအားလုံးအနေဖြင့်လည်း သာသနာရေးဆိုင်ရာ အကြမ်းဖက်ခံရမှုများအဆုံးသတ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကူညီပံ့ပိုးပေးကြပါရန် မေတ္တာရပ်ခံထားသည်။

❖



# (၈၈) လူငယ်မျိုးဆက်မှ ၂၀၀၇ မျိုးဆက်သစ်လူငယ်များဆီသို့ ယုံကြည်ချက်၊ ရပ်တည်ချက်နှင့် ရည်မှန်းချက်များ လက်ဆင့်ကမ်းခရီးစဉ်အကြောင်း

## အဖွဲ့ချုပ်လူငယ် ကိုတိုးလွင် နှင့် မိုးကြိုးသတင်းစဉ် တွေ့ဆုံမေးမြန်းခန်း

**လူငယ်ခေါင်းဆောင် တွေဟာ ပေါင်းကူးတံတားလိုဖြစ်နေရပါမယ်။ ပေါင်းကူးတံတားဆိုတာ နှစ်ဖက်အနင်းခံနိုင်ရပါမယ်။ ကျနော်တို့တွေဟာ လူကြီးတွေနဲ့တွေ့တဲ့အခါမှာ လူငယ်ကိုကိုယ်စားပြုပြီးပြောရဲရပါမယ်။ လူငယ်တွေနဲ့တွေ့တဲ့ အခါမှာလည်း လူကြီးတွေရဲ့ဦးဆောင်ရပ်တည်မှုတွေကို ကျေကျေလည်လည် ရှင်းပြဖြေရှင်းရဲရပါမယ်။ ဒါကြောင့် အဖွဲ့အစည်းတွေမှာ ချိတ်ဆက်ကောင်းတွေဖြစ်တဲ့ ပေါင်းကူးတံတားကောင်းတွေရှိဖို့ပိုလိုအပ်ပါတယ် ....။**

*မိုးကြိုး ။ ။ အဲန်အယ်လ်ဒီအဖွဲ့ဝင် လူငယ်တယောက်အနေနဲ့ နိုင်ငံရေးနယ်ထဲမှာ ထဲထဲဝင်ဝင်ပတ်သက်ပါဝင်ခဲ့တဲ့ လူငယ်တယောက်ရဲ့ဖြတ်သန်းမှုတွေထဲက ဘယ်လိုအတွေ့ အကြုံတွေရခဲ့သလဲ။*

ကိုတိုးလွင် ။ ။ ဒီမိုကရေစီအင်အားစုတွေအနေနဲ့ နအဖစစ်အာဏာရှင်တွေနဲ့ စီးချင်းထိုးရတဲ့အခါမှာ ခိုင်မာတဲ့ဦးဆောင်မှုရှိဖို့လိုတယ်။ အဖွဲ့ချုပ်အတွင်းမှာ ခိုင်မာတဲ့ဦးဆောင်မှုတခုရသွားတဲ့အချိန်မှာ နိုင်ငံရေးအရ ဗဟိုအလုပ်အမှုဆောင် ကော်မတီ (စီအီးစီ) ကို တခါတရံ အားမရတာတွေရှိတယ်။ မကျေနပ်တာတွေရှိတယ်။ သို့ပေမယ့် ဒီလိုအားမရတာ၊ မကျေနပ်တာတွေကို မြိုသိပ်ပြီး စီအီးစီရဲ့ဦးဆောင်မှုအောက်မှာ လိုက်ရတယ်။ ကျနော်တို့ရင်ဆိုင်နေရတာက စစ်တပ်ဖြစ်တယ်။ သူတို့ရဲ့ Command ကို အချိန်မရွေးပြောင်းလို့ရတယ်။

အဖွဲ့ချုပ်အနေနဲ့ကျတော့ အချိန်မရွေးပြောင်းလို့မရဘူး၊ အပြန်ပြန်အလှန်လှန် ညှိနှိုင်းမှုတွေလုပ်ရပါတယ်။ ဒီလိုလုပ်နေရင်းနဲ့ကိုရန်သူက အားသာသွားတာတွေလည်းရှိတယ်။ ဒါကြောင့် အဖွဲ့ချုပ်မှာ စီအီးစီရဲ့ ဦးဆောင်မှုကို ယုံကြည်မှုပေးရပါတယ်။ ဒါဟာ ကျနော်တို့ရဲ့ ပုဂ္ဂိုလ်တဦးချင်းစီရဲ့ ကျေနပ်တာ၊ မကျေနပ်တာနဲ့မဆိုင်ဘူး။

*မိုးကြိုး။ ။ လူငယ်တွေကိုခေါင်းဆောင်မှုပေးနေရတဲ့သူတွေမှာ ဘယ်လိုစိတ်မျိုးထားသင့်သလဲ။*

ကိုတိုးလွင်။ ။ လူငယ်ခေါင်းဆောင်တွေဟာ ပေါင်းကူးတံတားလိုဖြစ်နေရပါမယ်။ ပေါင်းကူးတံတားဆိုတာ နှစ်ဖက်အနင်းခံနိုင်ရပါမယ်။ ကျနော်တို့တွေဟာ လူကြီးတွေနဲ့တွေ့တဲ့အခါမှာ လူငယ်ကိုကိုယ်စားပြုပြီးပြောရဲရပါမယ်။ လူငယ်တွေနဲ့တွေ့တဲ့ အခါမှာလည်း လူကြီးတွေရဲ့ဦးဆောင်ရပ်တည်မှုတွေကို ကျေကျေလည်လည် ရှင်းပြဖြေရှင်းရဲရပါမယ်။ ဒါကြောင့် အဖွဲ့အစည်းတွေမှာ ချိတ်ဆက်ကောင်းတွေဖြစ်တဲ့ ပေါင်းကူးတံတားကောင်းတွေရှိဖို့ ပိုလိုအပ်ပါတယ်။ အနင်းခံနိုင်တဲ့ ပေါင်းကူးတံတားကောင်းတွေများလေလေ၊ အဖွဲ့အစည်းဟာ ပိုအင်အားကောင်းပြီးပိုခိုင်မာလာလေပါပဲ။ အဲန်အယ်လ်ဒီအနေနဲ့နိုင်ငံရေးအရ လှုပ်ရှားဆောင်ရွက်ရတဲ့အခါမှာ အခြားအဖွဲ့အစည်းတွေနဲ့ horizontally (ရင်ဘောင်တန်း)သွားရပါတယ်။ ကိုယ့်အဖွဲ့အတွင်းမှာတော့ ဗဟို၊ တိုင်း၊ မြို့နယ်တွေနဲ့ vertically သွားရတယ်။ horizontally ပဲဖြစ်ဖြစ်၊ vertically ပဲ ဖြစ်ဖြစ် သွားကြတဲ့အခါမှာ နှစ်ဘက် အနင်းခံနိုင်တဲ့ ပေါင်းကူးတံတားတွေလိုပါတယ်။ အနစ်နာခံပြီးလုပ်မယ့် ပေါင်းကူးတံတားကောင်းတွေ နည်းလာတဲ့အခါမှာ ဘက်တဘက်တည်းရပ်ပြီး ခိုင်မာတဲ့ဦးဆောင်မှုနောက်ထောက်ခံပြီး လိုက်ပေးရဲရပါမယ်။ စစ်အာဏာရှင်စနစ်ကျင့်သုံးမလား၊ ဒီမိုကရေစီစနစ်ကျင့်သုံးမလား၊ ပြည်သူလူထုနဲ့ စစ်အာဏာရှင်ကြား၊ ပြည်ထောင်စုစစ်စစ်နဲ့ အမည်ခံပြည်ထောင်စုကြား ဘယ်ဘက်ကရပ်တည်မလည်း ဆိုတာ ခိုင်မာပြတ်သားဖို့လိုပါတယ်။ ခိုင်မာတဲ့ဦးဆောင်မှုရဲ့နောက်မှာ ပြတ်ပြတ်သားသားထောက်ခံပြီး ရပ်တည်ပေးရပါမယ်။

*မိုးကြိုး ။ ။ (၈၈–၉၆) အရေးအခင်းတွေက လူငယ်တွေရဲ့လှုပ်ရှားမှုတွေ၊ လှုပ်ရှားပိုင်ခွင့်အခြေအနေတွေနဲ့ (၂၀၀၇) လူငယ်တွေရဲ့ လှုပ်ရှားမှု၊ လှုပ်ရှားနိုင်ခွင့်အတိုင်းအတာမှာ ဘာတွေကွာခြားပြီး၊ ဘာတွေမှာ တူညီမှုရှိသလဲ။*

ကိုတိုးလွင် ။ ။ ၁၉၈၈ မှာ ဘာသာရပ်ပေါင်းစုံ၊ တက္ကသိုလ်ကောလိပ်ပေါင်းစုံက လူငယ်ကျောင်းသားတွေ တစုတစည်းရှိမှု အားကောင်းတယ်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်မြို့စတဲ့ ဇုံနယ်ကြီးတွေမှာ ကျောင်းသားလူငယ်တွေ တစုတစည်းတည်းရှိတယ်။ ကျောင်းအဆောင်တွေမှာ နေခွင့်ရတယ်။ (၉၆ နဲ့ ၂၀၀၇) မှာတော့ လူငယ်တွေမှာ အဲဒီအခွင့်အရေးမရကြဘူး။ ၁၉၉၆ ခုမှာဖြစ်ခဲ့တဲ့ ကျောင်းသားလှုပ်ရှားမှုပြီးတဲ့နောက် ၂၀၀၇ မှာ အဲဒီအခွင့်အရေး ပိုပြီးတော့ တောင်နည်းလာတယ်။

၈၈ မှာ အိုင်တီ (အင်တာနက်တက္ကနော်လော်ဂျီ) မသုံးတတ်ကြသေးဘူး၊ ၉၆ မှာတော့ စသုံးနိုင်နေပြီ။ ဆဲလ်ဖုံး (cell phone) တွေ နည်းနည်းသုံးနိုင်ပြီ။ ၂၀၀၇ မှာတော့ အိုင်တီရော၊ ဆဲလ်ဖုံးပါ ကျယ်ကျယ်ပြန့်ပြန့်သုံးနိုင်ခဲ့တယ်။ အဲဒီတုန်းက ၇၄/၇၆ စတဲ့ အရေးအခင်းတွေဖိနှိပ်မှုတွေ ရှိခဲ့ပေမယ့် (၈၈) နောက်ပိုင်း ရက်ရက်စက်စက်နှိပ်ကွပ်မှုတွေဆက်တိုက်ဖြစ်နေခဲ့တယ်။ လူငယ်တွေအတွက် နိုင်ငံရေးလုပ်ရင် ထောင်ကျမယ်။ ဒုက္ခရောက်မယ်။ ဘဝပျက်မယ် ဆိုတာတွေကို နိစ္စဓူဝမျက်စိနဲ့လည်းမြင်ရ၊ နားနဲ့လည်းကြားရနေခဲ့ကြတယ်။ (၈၈) မျိုးဆက်မှာထက် ၉၆ နဲ့ ၂၀၀၇ မတိုင်ခင်မှာ ကြောက်စိတ်လွှမ်းမိုးမှုပိုများတယ်။ လူငယ်တွေဟာ သဘာဝအမှန်အတိုင်းကို မြတ်နိုးတယ်။ မဟုတ်တာကို လက်မခံဘူး။ ဘဝသစ်အတွက် အကောင်းဘက်ကိုဦးတည်တဲ့ အပြောင်းအလဲကိုလိုချင်တယ်။ မိမိကိုယ်စွမ်းရှိသလောက် ကြိုးစားနိုင်ခွင့်ကိုလိုချင်တယ်။ ကမ္ဘာနဲ့ရင်ဘောင်တန်းချင်တယ်။ အဲဒါတွေကတော့ တူနေတုန်းပါပဲ။

(၈၈) မှာ လူထုပါတဲ့လှုပ်ရှားမှုအရှိန်အထွင့်အထိပ်ရောက်ခဲ့ပေမယ့် နိုင်ငံတကာရဲ့ အာရုံစိုက်မှု ကောင်းကောင်းမရခဲ့ဘူး။ ၉၆ မှာ လူငယ်ကျောင်းသားထုလှုပ်ရှားမှုနည်းသလို နိုင်ငံတကာအာရုံစိုက်မှု အလယ်အလတ်မှာပဲရှိခဲ့တယ်။ ၂၀၀၇ ခုနှစ်မှာ ဘက်ပေါင်းစုံ၊ အဖွဲ့ပေါင်းစုံက လူငယ်ထုအများစုပါဝင်တဲ့ လူထုလှုပ်ရှားမှုရော နိုင်ငံတကာအာရုံစိုက်မှုပါ နှစ်ခုစလုံးအားကောင်းခဲ့တယ်။ အပြန်အလှန်အားဖြစ်ခဲ့တယ်။ (၈၈) ကစပြီး ပြည်ပရောက်မြန်မာတွေရဲ့လှုပ်ရှားမှုက ပြောပလောက်အောင်မရှိသေးဘူး။ အခုနိုင်ငံပေါင်းစုံမှာရောက်နေတဲ့ မြန်မာလူငယ်တွေရဲ့လှုပ်ရှားမှုဟာ အရှိန်အဟုန်မြင့်လာပါပြီ။ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးနောက်ပိုင်း သံဃာပျိုတွေ၊ ကျောင်းသားလူငယ်တွေ၊ အဲန်အယ်လ်ဒီလူငယ်တွေနဲ့ တိုင်းရင်းသားလူငယ်ထုရဲ့ အချိတ်အဆက်တွေက ပိုအားကောင်းလာပါတယ်။ ပိုညီညွတ်လာကြတယ်။ စစ်အာဏာရှင်တွေရဲ့ နောက်တကြိမ်အမှားတခုပေါ်နင်းပြီး တိုက်ပွဲဝင်သွားမယ့် ဘက်ပေါင်းစုံကလူငယ်ထုဟာညီညွတ်မှုနဲ့ အသင့်အနေအထားမှာရှိနေပါတယ်။

*မိုးကြိုး။ ။တွေ့ဆုံဆွေးနွေးရေးကို ယုံကြည်ပါသလား။ အမြန်ဆုံးဖြစ်လာအောင် ဘာတွေလိုအပ်မလဲ။ ဘယ်သူတွေရဲ့ ပံ့ပိုးကူညီမှု၊ တွန်းအားတွေလိုမလဲ။*

ကိုတိုးလွင်။ ။ တွေ့ဆုံဆွေးနွေးရေးကို အကြွင်းမဲ့ယုံကြည်ပါတယ်။ ကျနော်တို့တိုင်းပြည်ဟာ တွေ့ဆုံဆွေးနွေးရေးနဲ့ဖြေရှင်းမှပဲရပါမယ်။ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေးကို ရောက်အောင် နည်းပေါင်းစုံနဲ့တွန်းပို့ရပါမယ်။ စစ်အာဏာရှင်တွေရဲ့လှည့်စားမှုအောက်မှာပဲ လောင်းရိပ်မိနေမယ်၊ ပြီးတော့ *စစ်အာဏာရှင်တွေရဲ့ ငြင်းဆန်မှုကိုစိုးရိမ်ပြီး ဘာမှမလုပ်ဘဲ တွေ့ဆုံဆွေးနွေးရေးကိုပဲ ထိုင်စောင့်နေမယ်ဆိုရင်တော့ စစ်မှန်တဲ့တွေ့ဆုံဆွေးနွေးရေး၊ နှစ်ဦးနှစ်ဖက်သိက္ခာရှိတဲ့ တွေ့ဆုံဆွေးနွေးရေးဆိုတာ ဘယ်တော့မှ ဖြစ်လာမှာမဟုတ်ပါဘူး။ နည်းပေါင်းစုံနဲ့တွန်းပို့ရာမှာ နိုင်ငံရေးလှုပ်ရှားမှုတွေအရှိန်မြှင့်ဖို့ရယ်၊ လူထုလှုပ်ရှားမှုအရှိန်မြှင့်ဖို့ရယ် လိုပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလိပ်အစိုးရနဲ့တွေ့ဆုံဆွေးနွေးပြီး လွတ်လပ်ရေးအရယူနိုင်ခဲ့တယ်ဆိုတာ ဗိုလ်ချုပ်နောက်မှာ စစ်တပ်ရှိတယ်။ လူထုရှိတယ်။ ခိုင်မာတဲ့ ဦးဆောင်မှုရှိတယ်။ 'ရရင်ရ၊ မရရင်ချ' ဆိုတဲ့ လူထုကြွေးကြော်သံတွေရှိတယ်။ လူထုတရပ်လုံးက နိုင်ငံရေးနိုးကြားနေခဲ့ပါတယ်။*

တွေ့ဆုံဆွေးနွေးရေးဖြစ်ပြီး အောင်မြင်သွားခဲ့တာဟာ အဲဒီအချိန် လူထုရဲ့နိုင်ငံရေးနိုးကြားမှုနဲ့ တက်ကြွမှုတွေကြောင့်ဖြစ်တယ်။

၂၀၀၇ စက်တင်ဘာရွှေဝါရောင် လူထုလှုပ်ရှားမှုကြီးရဲ့ရလဒ်ကြောင့် စစ်အာဏာရှင်တွေရဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်တွေ ပေါ်လာရပါတယ်။ သို့သော် စစ်မှန်သော၊ ဂုဏ်သိက္ခာရှိသော တွေ့ဆုံဆွေးနွေးရေးတွေဆီရောက်အောင် ဆက်ပြီးတွန်းပို့နေရပါမယ်။ တိုက်ပွဲပုံသဏ္ဌာန်ပေါင်းစုံနဲ့ တွန်းပို့နိုင်ရပါမယ်။

*မိုးကြိုး ။ ။ ဗိုလ်ချုပ်ယူပေးခဲ့တဲ့ လွတ်လပ်ရေးနဲ့ ဒေါ်အောင်ဆန်းစုကြည်ကြိုးစားပေးနေတဲ့လွတ်လပ်ရေး ဘာကွာခြားသလဲ။*

ကိုတိုးလွင် ။ ။ ကျနော်တို့ ဒီနေ့ရင်ဆိုင်နေရတဲ့ စစ်အာဏာရှင်တွေဟာ ကိုလိုနီခေတ် အင်္ဂလိပ်အစိုးရထက် အများကြီးပိုဆိုးပါတယ်။ တွေ့ဆုံဆွေးနွေးရေးနဲ့ပဲ နိုင်ငံရေးပြဿနာကို ဖြေရှင်းရမယ်ဆိုတာကို ယုံကြည်ပေမယ့် တွေ့ဆုံဆွေးနွေးရေးဖြစ်လာအောင် နည်းလမ်းပေါင်းစုံနဲ့သွားရပါမယ်။ ရရင်ရ၊ မရရင်ချဆိုတဲ့ ပြင်ဆင်မှုမျိုးတွေလည်း လုပ်ဖို့လိုအပ်ပါတယ်။

အဲန်အယ်လ်ဒီဗဟိုမှာ လူထုတိုက်ပွဲစီမံချက်တွေကို အောက်ခြေချပြပြီး ဖော်ဆောင်တာမရှိခဲ့ဘူး။ ဒါပေမယ့် အဲန်အယ်လ်ဒီလူငယ်ထုနဲ့ အဖွဲ့ဝင်တွေဟာ နေရာပေါင်းစုံ၊ ထောင့်ပေါင်းစုံကနေပြီး လူထုတိုက်ပွဲပေါ်လာအောင် လှုပ်ရှားကြိုးစားနေကြပါတယ်။ လူထုတိုက်ပွဲနဲ့ နိုင်ငံရေးအဆုံးအဖြတ်ပေးနိုင်အောင် လုပ်မှရမယ်ဆိုတဲ့အတွေးအခေါ်နဲ့ ကျန်ခဲ့တဲ့နှစ်ပိုင်းတွေကတည်းကစတင်ပြီး ကြိုးစားလှုပ်ရှားနေခဲ့ ကြပါတယ်။ ရက်စက်ယုတ်မာတဲ့ စစ်အာဏာရှင်တွေရဲ့ နှိပ်ကွပ်သတ်ဖြတ်မှုတွေကြောင့် လူထုလှုပ်ရှားမှုဟာ ငြိမ်သွားမှာမဟုတ်သလို စစ်အာဏာရှင်တွေရဲ့ နောက်ထပ်မှားကွက်တခု ထပ်ပေါ်လာတာနဲ့ လူထုကပြန်နင်းပြီး နောက်ထပ်လှုပ်ရှားမှုဖြစ်အောင်လုပ်အုံးမှာပဲ။ လူထုတိုက်ပွဲကို အရှိန်အဟုန်ကောင်းကောင်းနဲ့ ဖြစ်လာအောင် လူထုတိုက်ပွဲကိုအဟန့်အတားဖြစ်စေတဲ့အရာတွေကို ဖယ်ရှားပေးဖို့ လိုအပ်ပါတယ်။ *ပြည်သူလူထုဟာ အားကိုးရာမဲ့မနေဘူးဆိုတာပြဖို့ လူထုကိုစစ်ကူပေးဖို့လိုပါတယ်။*

ပြည်သူလူထုရဲ့တက်ကြွနေတဲ့ နိုင်ငံရေးအရှိန်အဟုန်တွေကို ဝေဝါးသွားစေမယ့် စကားလုံးအသုံးအနှုန်းမျိုးတွေ၊ အယူအဆတွေကိုရှောင်ရှားဖို့ လိုအပ်ပါတယ်။ ပြည်သူလူထုကို ရှင်းရှင်းလင်းလင်းဖြစ်စေမယ့် message (သတင်းစကား) မျိုးသာပေးရပါမယ်။

*မိုးကြိုး။ ။ အရင်ကအတွင်းမှာ ပါတီအဖွဲ့အစည်းနဲ့နိုင်ငံရေး၊ အမျိုးသားရေးကို လုပ်ခဲ့တယ်။ အခုအပြင်ထွက်လာပြီးလုပ်တယ်။ အဲဒီနှစ်ခုမှာ လှုပ်ရှားနိုင်စွမ်းတွေရဲ့ အားနည်းချက်၊ အားသာချက်တွေ (သို့မဟုတ်) ကြုံတွေ့ရတဲ့အခက်အခဲတွေ ဟိုဘက်ဒီဘက် ဘာတွေရှိသလဲ။*

ကိုတိုးလွင် ။ ။ ကျနော့်အမြင်အရ ဒီအပြင်ဘက်တော်လှန်ရေးနယ်မြေမှာ တော်လှန်ရေးအသွင်သဏ္ဌာန်ပိုဆောင်တာ တွေ့ရပါတယ်။ စစ်အာဏာရှင်တွေရဲ့ တိုက်ရိုက်ဖိနှိပ်မှုကြောင့်ပဲ အချင်းချင်းပိုညီညွတ်စေတာ တွေ့ရပါတယ်။ အဖွဲ့အစည်းတွေ တသီးတခြားစီ ရှိနေကြပေမယ့် (၈၈) မျိုးဆက်ကျောင်းသားပဲဖြစ်ဖြစ်၊ တိုင်းရင်းသားလူမျိုးစုပါတီတွေပဲဖြစ်ဖြစ် စုစည်းညီညွတ်တဲ့ ဦးဆောင်မှုဖြစ်ဖို့အတွက် အဲန်အယ်လ်ဒီကို ဝန်းရံပေးကြပါတယ်။ တပ်ပေါင်းစုပုံစံလို့ပြောလို့ရတဲ့ စီအာရ်ပီပီကို ဝိုင်းဝန်းထောက်ခံပေးကြပါတယ်။

အထဲမှာစစ်အာဏာရှင်တွေနဲ့ ထိပ်တိုက်ရင်ဆိုင်နေရတာကိုက ညီညွတ်မှုကိုဖြစ်စေပါတယ်။ မညီညွတ်လို့ကိုမရပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ စစ်အာဏာရှင်တွေနဲ့ စီးချင်း

စာမျက်နှာ (၁၈) ကော်လံ (၁) သို့...

# လန့်တော့လန့်တယ်...မကြောက်သေးဘူး



ဖွန်မိုင်း

အမျိုးသားတန်းတူခွင့်ကို ဘယ်တုန်းကမှ မပေးချင်ခဲ့တဲ့၊ မပေးရအောင် မီးကုန်ယမ်းကုန် လူမဆန်စွာကာကွယ်ခဲ့တဲ့ စစ်အုပ်စုကတော့ နားထဲကို သံရည်ပူအလောင်းခံလိုက်ရသလို ဆွေ့ဆွေ့ခုန်သွားစေပါတော့တယ်...

(၁)

ကုလသမဂ္ဂ အထွေထွေအတွင်း ရေးမှူးချုပ်ရဲ့ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ အီဗရာဟင် ဂမ်ဘာရီရဲ့ ဒုတိယအကြိမ်မြောက် မြန်မာနိုင်ငံခရီးစဉ် နိုဝင်ဘာ (၈) ရက်နေ့မှာ ပြီးဆုံးသွားတယ်။

မစ္စတာဂမ်ဘာရီဟာ မြန်မာနိုင်ငံက ပြန်လည်ထွက်ခွါလာပြီး စင်္ကာပူနိုင်ငံကိုရောက်တယ်ဆိုရင်ပဲ ဒေါ်အောင်ဆန်းစုကြည်ရဲ့ မေတ္တာရပ်ခံချက်အရ ဒေါ်အောင်ဆန်းစုကြည်ရဲ့ထုတ်ပြန်ကြေညာချက်ကို သူ့ကိုဝိုင်းအုံနေတဲ့ သတင်းစာဆရာတွေရဲ့ရှေ့မှာ ဖတ်ကြားထုတ်ပြန်လိုက်ပါတယ်။

ထုတ်ပြန်ကြေညာချက်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ထုတ်ပြန်ကြေညာချက်၊ကိုယ်စားဖတ်ကြားပေးနေသူက ကုလသမဂ္ဂရဲ့ အထူးကိုယ်စားလှယ်၊ဖတ်ကြားနေတဲ့နေရာက စင်္ကာပူလေဆိပ်က သံတမန်တွေနှင့် သတင်းစာဆရာကြီးများရဲ့ရှေ့မှောက်မှာ။

စာပါအကြောင်းအရာတွေကိုခဏထားဦး၊ ဖြစ်စဉ်နှင့်တင် နအဖစစ်အစိုးရ တော်တော်ဖျားသွားပါတယ်။

(၂)

အဲဒီကြေညာချက်ပါအကြောင်းအရာတွေဟာ နအဖစစ်အစိုးရအဖို့ အားရကျေနပ်ဖွယ်ရာတွေဖြစ်နေလေမလား။ ဒါမှမဟုတ် စိတ်နှလုံးခြောက်ခြားဖွယ်ရာတွေဖြစ်နေလေမလား၊ ဘာမှမသဲကွဲသေးခင်မှာ သူနားရောမျက်စိရော အစွမ်းကုန်စွင့်ပြီး အာရုံစိုက်နေလိမ့်မယ်ဆိုတာ အလွန်ကိုသေချာပါတယ်။

''တမျိုးသားလုံးရဲ့ အကျိုးစီးပွားအတွက် ဒီတွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ် အောင်မြင်တဲ့အထိ အစိုးရနှင့်ပူးပေါင်းဆောင်ရွက်ဖို့ ကျမဘက်က အဆင်သင့်ရှိပါတယ်''

ဒီအထိက အိုကေပဲ။ ဒီလောက်ကတော့ နအဖက ပြုံးပြုံးကြည့်နေလို့ရသေးတယ်။

''အောက်တိုဘာ (၈) ရက်နေ့မှာ ဦးအောင်ကြည်ကို ဆက်ဆံရေးဝန်ကြီးခန့်လိုက်တာကိုလည်း ကျမကြိုဆိုပါတယ်''

ဒီအထိလည်း ရသေးတယ်။

''အောက်တိုဘာ (၂၅) ရက်နေ့ကပြုလုပ်ခဲ့တဲ့ ကျမတို့ရဲ့ ပထမဆုံးအကြိမ်တွေ့ဆုံမှုဟာအပြုသဘောဆောင်ပြီး ရှေ့လျှောက်ပုံမှန်ဆွေးနွေးမှုတွေလုပ်သွားနိုင်ဖို့ ကျမမျှော်လင့်ထားပါတယ်''

ဒီလောက်အထိလည်း ရသေးတာပဲ။

စိမ်းလဲ့ကန်သာဥ္ဈေရိပ်သာမှာတွေ့ခဲ့ကြတဲ့အကြောင်း သတင်းစာမှာ မျက်နှာဖုံးသတင်းအဖြစ် သူကိုယ်တိုင်တောင် ဖော်ပြခဲ့သေးတာပဲ။ 'ရသေးတယ်' 'ရသေးတယ်' နှင့် ရင်မပြီး၊ ဘုရားတရင်း စောင့်ကြည့်နေရတဲ့ ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကျော်ဆန်းနှင့် နအဖတဖွဲ့လုံးအဖို့တော့ အသက်တောင်ရှူဖြစ်ရဲ့လား၊ မျက်တောင်မှ ခတ်ဖြစ်ရဲ့လား မသေချာတော့ဘူး။

''အထွေထွေအတွင်းရေးမှူးတယောက်အနေနှင့် ကျမရဲ့ပါတီက ပါတီဝင်တွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို ကျမ လေးလေးနက်နက် ဂုဏ်ပြုလေးစားမိပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ မူဝါဒတွေ၊ လိုလားချက်တွေနှင့် လမ်းညွှန်မှုတွေကို ကျမအနေနှင့် ခံယူဆောင်ရွက်သွားမှာပါ''

ဒီအပိုင်အရောက်မှာတော့ စစ်အုပ်စု ခေါင်းစပြီးစားစပြုလာပြီ။

ဒေါ်စုဟာ ပါတီဝင်ထုနှင့်အတူရှိကြောင်း၊ ပါတီရဲ့ပေါ်လစီနှင့် အခြေခံမူတွေအပေါ် အခိုင်အမာရပ်တည်သွားမှာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်တာဖြစ်ပါတယ်။

ရိုးတော့လည်း ရိုးရိုးလေးပါပဲ။

ပါတီတခုရဲ့ အထွေထွေအတွင်းရေးမှူးတယောက်ဟာ ဘယ်သူ့ရှေ့မှာမဆို ဒီစကားမျိုးကို လိုအပ်ရင် လိုအပ်သလို ထုတ်ဖော်ပြောဆို ဖြစ်မှာအမှန်ပါ။

ဒါပေမယ့် ....

ဒီ ရိုးရိုးလေးကိုပင်လျှင် စစ်အုပ်စုအဖို့ ခြေဖျားလက်ဖျားတွေ အေးစက်ကုန်မတတ်ဖြစ်သွားရတာလည်းတကယ့်အံ့ဖွယ်သုတပါပဲ။

''ဒီမိုကရေစီအင်အားစုတွေအကြား ညီညွတ်ရေးနှင့် အမျိုးသားသွေးစည်းညီညွတ်ရေးတွေ အရေးတကြီးလိုအပ်နေတဲ့ အချိန်အခါဖြစ်တာကြောင့် အထူးသဖြင့် ကျမတို့ရဲ့ တိုင်းရင်းသားလူမျိုးစုတွေ၊ နိုင်ငံရေးအဖွဲ့အစည်းတွေ၊ အင်အားစုတွေ၊ အဖြစ်နိုင်ဆုံး တတ်နိုင်သမျှ ကျယ်ကျယ်ပြန့်ပြန့် သူတို့ရဲ့အကျိုးစီးပွားတွေနှင့် ထင်မြင်ချက်သဘောထားတွေကို အလေးအနက်စဉ်းစားပြီးတော့ တစိုက်မတ်မတ် ရပ်တည်ပေးဖို့က ကျမရဲ့တာဝန်လို့ ခံယူထားပါတယ်''

အမျိုးသားသွေးစည်းညီညွတ်ရေးတွေ ပြိုကွဲပြီး ပြည်တွင်းစစ်ကို အနှစ် (၅၀) အနှစ် (၆၀) တိုက်နေရတဲ့ ကျနော်တို့လိုနိုင်ငံမျိုးမှာ ....

အမြော်အမြင်ကြီးတဲ့ ဘယ်နိုင်ငံရေးခေါင်းဆောင်တယောက်မဆို၊ ဒီစကားမျိုးသေချာပေါက်ပြောမှာဖြစ်ပါတယ်။

တိုင်းရင်းသားတိုင်း အမျိုးသားတန်းတူခွင့်တွေရရှိဖို့၊ ကိုယ်ပိုင်ပြဌာန်းခွင့်တွေရရှိဖို့၊မိမိရဲ့အမြင်၊ မိမိရဲ့သဘောထားကို အင်အားငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ အမျိုးသားတိုင်း လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ရှိဖို့၊ မိမိအကျိုးစီးပွား၊ မိမိအမျိုးသားများရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခွင့်၊ တောင်းဆိုခွင့်၊ ရှာဖွေကြံဆခွင့်၊ ပိုင်ဆိုင်ခွင့်စတာတွေ လွတ်လွတ်လပ်လပ်ရရှိဖို့အတွက် စကားပြောဖို့အခွင့်အလမ်းနှိုင်းယှဉ်ချက်အရ ပိုရနေတဲ့၊ (Leading Role) ခေါင်းဆောင်မှုအခန်းကို တစုံတရာရောက်ရှိနေတဲ့၊ နိုင်ငံရေးပါတီတခုရဲ့တာဝန်ရှိသူ ဘယ်သူမဆို ''ကျမရဲ့တာဝန်လို့ ခံယူထားပါတယ်''လို့ပြောဖြစ်မှာ အမှန်ဖြစ်ပါတယ်။

ပြောလည်းပြောသင့်တယ်။ ပြောလည်း ပြောရဲရမယ်။

တာဝန်လည်းယူရမယ်။ တာဝန်ယူကြောင်းကိုလည်း အခွင့်သင့်ရင် ထုတ်ဖော်ပြောဆိုရဲရမယ်။

ဒါဟာ အမြော်အမြင်ရှိတဲ့ခေါင်းဆောင်တိုင်းရဲ့တာဝန်ဖြစ်တယ်။

ဒေါ်စုဟာ ဒီတာဝန်ရှိမှုကို ပြတ်ပြတ်သားသားပြောဆိုလိုက်တာဖြစ်ပါတယ်။

ဒီစကားဟာ ဘယ်လောက်ထိ တာသွားသလဲဆိုတာ နိုင်ရေးတစုံတရာရှိသူတိုင်း သဘောကောင်းကောင်းပေါက်ကြပါတယ်။

ဒါပေမယ့် ....

အမျိုးသားတန်းတူခွင့်ကို ဘယ်တုန်းကမှ မပေးချင်ခဲ့တဲ့၊ မပေးရအောင် မီးကုန်ယမ်းကုန် လူမဆန်စွာကာကွယ်ခဲ့တဲ့ စစ်အုပ်စုကတော့ နားထဲကို သံရည်ပူအလောင်းခံလိုက်ရသလို ဆွေ့ဆွေ့ခုန်သွားစေပါတော့တယ်။

ပိုပြီး သွေးပျက်သွားစေတာက ....

''ဒီပဏာမအဆင့် တိုင်ပင်နှီးနှောပွဲတွေကို မကြာမီအဆုံးသတ်နိုင်ဖို့၊ အစိုးရခေါင်းဆောင်ပိုင်းနှင့် အနှစ်သာရရှိရှိ၊ အချိန်ဇယားတိကျစွာနှင့် အစောဆုံး စတင်နိုင်ဖို့ ကျမမျှော်လင့်ပါတယ်''

ဒီကိစ္စကတော့ နအဖစစ်အုပ်စုရဲ့ စိတ်ရင်းကို ဆွဲလှန်ကြည့်ခံလိုက်ရသလို ခံစားသွားရပုံရပါတယ်။

ဦးအောင်ကြည်နှင့် ဘယ်နှစ်ကြိမ်တွေ့တွေ့၊ အဲဒီတွေ့ဆုံမှုတွေဟာ ပဏာမတွေ့ဆုံမှုများသာဖြစ်ပါတယ်။

အဲဒီကမှတဆင့် ....

အနှစ်သာရရှိတဲ့၊ အဓိပ္ပါယ်ပြည့်ဝတဲ့၊ လွတ်လပ်တန်းတူတဲ့၊ အချိန်ဇယားနှင့် တိကျမှုလည်းရှိတဲ့ တွေ့ဆုံဆွေးနွေးပွဲတွေဆီ တက်လှမ်းကြရမှာဖြစ်ပါတယ်။

အဲဒီကမှတဆင့် ....

အင်အားစုတွေအသီးသီးပါဝင်တဲ့ တွေ့ဆုံဆွေးနွေးပွဲတွေဆီ ထပ်တက်ကြရမှာဖြစ်ပါတယ်။ တဆင့်ပြီးတဆင့်၊ တကွက်ပြီး တကွက်၊ တလှမ်းပြီးတလှမ်း၊ ဒါဟာ တွေ့ဆုံဆွေးနွေးရေးရဲ့ဖြစ်စဉ်ဖြစ်တယ်၊ ဒီဖြစ်စဉ်ကို ဒေါ်စုဟာ ရိုးရိုးဖြောင့်ဖြောင့် ထောက်ပြပြောဆိုလိုက်တာဖြစ်ပါတယ်။

ဟိုလိုလိုဒီလိုလိုနှင့် အရှုးကွက်နင်းပြီး ပွဲကိုတဖက်သတ်ရပ်ပစ်ဖို့ ဉာဏ်နီဉာဏ်နက်သုံးနေတဲ့ နအဖအဖို့တော့ ဒေါ်စုရဲ့ ဒီစကားက တီကိုဆားနှင့်တို့လိုက်သလို အတော်အခံရခက်သွားပုံရသွားပြန်ပါတယ်။

(၃)

ဒေါ်စုရဲ့တင်ပြချက်တွေဟာ အလွန်ကျိုးကြောင်းဆီလျော်ရှိလှပါတယ်။

တွေ့ဆုံဆွေးနွေးရေးကို အမှန်တကယ်လိုလားသူ၊ NLD နှင့် ဒေါ်စုကို တွေ့ဆုံဆွေးနွေးရေးရဲ့အဓိက စကားပြောဘက်များလို့ယူဆသူ၊ တိုင်းရင်းသားအင်အားစုတွေအားလုံးရဲ့အသံ၊ အားလုံးရဲ့ထင်မြင်ချက်၊ အားလုံးရဲ့ဆန္ဒတွေကို အမှန်တကယ်လေးစားအသိအမှတ်ပြုတန်ဖိုးထားသူ ဘယ်သူမဆို ဒေါ်စုရဲ့ အဲဒီကြေညာချက်ကို ဘာအကြောင်းနှင့်ဘယ်လို ငြင်းမလဲ။

စစ်အုပ်စုဟာ သူကိုယ်တိုင်ထွက်ငြင်းဖို့ တော်တော်ခက်ပါတယ်။

ဒါကြောင့် ....သူကိုယ်တိုင် သူ့ပါးစပ်နှင့်မငြင်းဘဲ သူများဗိုက်နှင့်ခေါင်းထိုးခံဖို့ သူပိုင်တယ်ထင်တဲ့ဗိုက်တွေကို လှည့်ပတ်ပြီး အသင့်ပြင်ခိုင်းပါတော့တယ်။

တတိုင်းဝင် တတိုင်းထွက်၊ တပြည်နယ်ဝင် တပြည်နယ်ထွက် စည်းရုံးရေးနှင့် ခြိမ်းခြောက် အကြပ်ကိုင်ရေးတွေကို နအဖဝန်ကြီးတွေနှင့် စစ်တိုင်းမှူးတွေ မနားတမ်းလုပ်ကြပါတော့တယ်။

ဒီလိုနှင့် ....

ဒေါ်စုကြေညာချက်ထွက်ပြီး (၅) ရက်အကြာ နိုဝင်ဘာလ (၁၃) ရက်နေ့မှာ ....

ပြည်ထောင်စု ပအိုဝ့်အမျိုးသားများအဖွဲ့ချုပ် (ပအမဖ) နှင့် ပအိုဝ့်အမျိုးသားအဖွဲ့ချုပ် (PNO) အထူးဒေသ (၆) ရှမ်းပြည်နယ် (တောင်ပိုင်း) တို့ရဲ့သဘောထားကြေညာချက်တွေကို သတင်းစာမှာ ဈေးဦးပေါက်ဖော်ပြလိုက်ပါတယ်။

အနှစ်သာရက ....

ဒေါ်စုရဲ့ကြေညာချက်ပါ သဘောထားတွေကို ကန့်ကွက်ကြောင်းနှင့် မူဝါဒလမ်းစဉ် (၇) ရပ်အတိုင်း မမှိတ်မသုန်ချီတက်မည့်အကြောင်း။

ဒီ (၂) ခုပါပဲ။

တိုင်းရင်းသားများအရေးကို ဆောင်ရွက်မယ့်နေရာမှာ၊ အမျိုးသားတန်းတူခွင့်နှင့် ကိုယ်ပိုင်ပြဌာန်းခွင့်တွေကို အာမခံမယ့်နေရာမှာ ဒေါ်စုထက် နအဖရဲ့မူဝါဒလမ်းစဉ် (၇) ရပ်ကို ပိုယုံတယ်ဆိုတဲ့သဘော၊ NLD ထက် နအဖရဲ့လမ်းပြမြေပုံကို ပိုယုံတယ်ဆိုတဲ့သဘော။ တွေ့ဆုံဆွေးနွေးရေးထက် နအဖရဲ့ တလမ်းမောင်းရုတ်ဒ်မက်ကို ပိုယုံတယ်ဆိုတဲ့သဘော။ သူတို့သဘောထားရပ်တည်ချက်တွေကို တရားဝင်ထုတ်ဖော်ပြောဆိုလိုက်ကြတာလို့ ယူဆရပါတယ်။

ကျနော်တို့နိုင်ငံရဲ့ကံကြမ္မာကလည်း အံ့လည်း အံ့ဩလောက်တယ်၊ အံ့လည်း မအံ့ဩလောက်ဘူးဆိုတာမျိုးထဲမှာရှိနေဆဲပဲလို့ ပြောရမယ်ထင်ပါတယ်။

ဒီလောက် အဖြူနှင့်အမဲ၊ အမှန်နှင့်အမှား ရှင်းနေတဲ့ကြားထဲကကိုပဲ နိုဝင်ဘာ (၁၄) ရက်နေ့မှာ ဒေါ်စုကြေညာချက်ကို သဘောမတူကြောင်း၊ ကန့်ကွက်ကြောင်းကြေညာချက်တွေ ဆက်ထွက်လာကြတယ်။

နိုဝင်ဘာ (၁၅) ရက်နေ့မှာ၊

နိုဝင်ဘာ (၁၆) ရက်နေ့မှာ၊

နိုဝင်ဘာ (၁၉) ရက်နေ့မှာ၊

နိုဝင်ဘာ (၂၀) ရက်နေ့နှင့်နိုဝင်ဘာ (၂၆) ရက်နေ့တွေမှာ၊ ဆက်တိုက် ဆက်တိုက် ထွက်ပေါ်လာခဲ့တယ်။

နိုဝင်ဘာ (၁၄) ရက်နေ့ကနေ နိုဝင်ဘာ (၂၆) ရက်နေ့အထိ သတင်းစာထဲမှာ ကန့်ကွက်ကြောင်းဖော်ပြခဲ့တဲ့ အဖွဲ့အစည်းပေါင်း (၇၀) တိတိရှိပါတယ်။

အဲဒီအဖွဲ့ (၇၀) ထဲမှာ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အင်အားစုတွေပါတယ်။ နအဖက ဖွဲ့ခွင့်ပြုထားတဲ့ ပြည်သူ့စစ်အဖွဲ့လို အဖွဲ့လေးတွေပါတယ်။ နအဖအကြပ်ကိုင်မှုကြောင့် အပြီးအပိုင် လက်နက်စွန့်လိုက်ရတဲ့ အဖွဲ့အစည်းတွေပါတယ်။

တစည့အပါအဝင် ကနေ့အထိ တရား

စာမျက်နှာ (၁၃) ကော်လံ (၃) သို့...

### ဝင်းတင့်ထွန်း၏လူထုဒေါ်အမာဆောင်းပါးမှ ...

မှတ်တိုင်ကိုယ်စီ စိုက်ထူထားနိုင်ကြပြီးသား၊ အနုပညာအရည်အသွေးပြည့် ကလောင်ရှင်ကြီးတွေဖြစ်သလို ဒေါ်ဒဂုန်ခင်ခင်လေး၊ ဂျာနယ်ကျော်မမလေးနဲ့ အမေလူထုဒေါ်အမာတို့ဟာ သတင်းစာနဲ့ပါပတ်သက်နေကြတဲ့ ရှားရှားပါးပါး အမျိုးသမီးသတင်းစာပညာရှင်ကြီးတွေလည်း ဖြစ်ခဲ့ကြပါတယ်။ ဒေါ်ဒဂုန်ခင်ခင်လေးက ယုဝတီဂျာနယ်နဲ့ ယုဝတီသတင်းစာကို ဦးစီးထုတ်ဝေခဲ့သူ၊ အမျိုးသမီးကလောင်ရှင်တွေကို ယုဝတီကလောင်ရှင်ဘွဲ့ပေးပြီး အမျိုးသမီးကလောင်ရှင်များအဖွဲ့ကို တည်ထောင်ခဲ့သူ ဖြစ်သလို၊ ဂျာနယ်ကျော်မမလေးဆိုတာကလည်း ခင်ပွန်းသည် ဂျာနယ်ကျော်ဦးချစ်မောင်ကွယ်လွန်ပြီးကတည်းက ဂျာနယ်ကျော်နဲ့ 'ပြည်သူ့ဟစ်တိုင်'နေ့စဉ်သတင်းစာတွေကို မိန်းမသားတန်မယ့် နေ့စဉ်အပတ်စဉ်မပျက် ဦးစီးထုတ်ဝေခဲ့သူဖြစ်ပါတယ်။ ကျနော်တို့တွေရဲ့အမေ၊ အမေလူထုဒေါ်အမာဆိုတာကတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။ လူထုဂျာနယ်နဲ့ လူထုသတင်းစာတို့ရဲ့ဖခင်ဟာ လူထုဦးလှဖြစ်ခဲ့ပြီး၊ လူထုဂျာနယ်နဲ့လူထုသတင်းစာတို့ရဲ့ မိခင်ရင်းအစစ်ဟာ လူထုဒေါ်အမာပေပဲပေါ့။ ခင်ပွန်းသည် လူထုဦးလှတယောက် ဖဆဆိုရှယ်တွေရဲ့ယုတ်မာမှုနဲ့ နရသိန်ထဲထောင်ထဲ ကြွရောက်စံမြန်းနေရစဉ် ကာလတလျှောက်လုံးမှာလဲ အမေလူထုဒေါ်အမာကပဲ အဆက်မပြတ်ဦးစီးထုတ်ဝေ ရှေ့ဆောင်ခဲ့ရတယ်မဟုတ်လား။ ဂျာနယ်ကျော်နဲ့ပြည်သူ့ဟစ်တိုင်ဟာ ဗမာပြည်စာနယ်ဇင်းသမိုင်းမှာသာမက ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းမှာပါ အရေးပါတဲ့မှတ်တိုင်တွေရှိခဲ့သလို လူထုဂျာနယ်နဲ့လူထုသတင်းစာဆိုတာဟာလည်း လူထုအတွက် လူထုဘက်က ထွန်းပြောင်တဲ့ သမိုင်းအစဉ်အလာတွေ တသီကြီးနဲ့မဟုတ်လား။ ဂျာနယ်ကျော်မမလေးရဲ့ 'ပြည်သူ့ဟစ်တိုင်'ဟာ အာဏာရအုပ်စိုးသူ၊ ဖောက်ပြန်သူ ဖဆဆိုရှယ်များရဲ့ ယုတ်ယုတ်မာမာ အကြမ်းဖက်ဝင်ရောက်ပြီး၊ စက်တွေကိုရဲဒင်းတွေ ပုဆိန်တွေနဲ့ရိုက်ချိုး၊ ခဲစာလုံးနဲ့ စာစီခွက်တွေ ပါမကျန် တူနဲ့ထုမှောက်လှန်ချေမွဖျက်ဆီးပစ်တာ ခံခဲ့ရဖူးသလို၊ လူထုဦးလှ လူထုဒေါ်အမာတို့ရဲ့ 'လူထု'ဟာလည်း ဗုံးနဲ့ခွဲတာတောင် ခံခဲ့ရဖူးပါတယ်။

ကနေ့ခေတ်ကာလလို မဟုတ်ဘဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက နိုင်ငံတကာ့လှုပ်ရှားမှုတွေအတွင်းအထိ တက်တက်ကြွကြွပါဝင်လှုပ်ရှားခဲ့ဖူးတဲ့ ရှားရှားပါးပါး ဗမာအမျိုးသမီးကလောင်ရှင်တွေအဖြစ် ထူးထူးခြားခြား မှတ်တမ်းတင်ထားရမှာကလည်း ဂျာနယ်ကျော်မမလေးနဲ့ လူထုဒေါ်အမာပဲ ရှိမယ်ထင်ပါတယ်။ ဂျာနယ်ကျော်မမလေးဟာ ၁၉၅၈ ခုနှစ်လောက်က ဂျပန်နိုင်ငံမှာကျင်းပခဲ့တဲ့၊ အနုမြူဗုံးပိတ်ပင်ရေး၊ အနုမြူဗုံးမစမ်းသပ်ရေး၊ စစ်ဆန့်ကျင်ရေးညီလာခံကွန်ဖရင့်ကြီးသို့ ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့် မြန်မာနိုင်ငံမှကိုယ်စားလှယ်တဦးအဖြစ်တက်ရောက်ခဲ့ဖူးပါတယ်။ အမေလူထုဒေါ်အမာဟာလဲ ၁၉၅၃ ခုနှစ်က ဒိန်းမတ်နိုင်ငံမှာကျင်းပခဲ့တဲ့ 'ကမ္ဘာ့အမျိုးသမီးများညီလာခံကြီး'ကို မြန်မာနိုင်ငံက အမျိုးသမီးကိုယ်စားလှယ်အဖြစ် ပါဝင်တက်ရောက်ခဲ့ဖူးသူဖြစ်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်းဦးဆောင်တဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှု၊ ပြည်တွင်းငြိမ်းချမ်းရေးလှုပ်ရှားမှုတွေအတွင်း တက်တက်ကြွကြွပါဝင်ခဲ့ကြတဲ့ ရှားရှားပါးပါး အမျိုးသမီးကလောင်ရှင်တွေထဲမှာ ဂျာနယ်ကျော်မမလေးနဲ့ အမေလူထုဒေါ်အမာတို့ဟာ ရှေ့တန်းအခန်းကပါခဲ့ဖူးသူတွေဖြစ်ပါတယ်။

အနီးခေတ်ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းတလျှောက်မှာ၊ အမှန်တရား ဘက်ကနေ ရပ်တည်လှုပ်ရှားခဲ့ကြတဲ့၊ သမိုင်းတာဝန်ကျေပြွန်ခဲ့ကြတဲ့၊ ထက်မြက်တဲ့ကလောင်တွေလည်း အဆက်မပြတ်လိုလို ပေါ်ပေါက်ခဲ့ပါတယ်။ ကျနော့်တဦးချင်း ခံစားနားလည်မှုအရပြောရရင်၊ နိုင်ငံရေးအရပါ နိုးကြားတက်ကြွတဲ့ ကလောင်ရှင်တွေထဲမှာ အမျိုးသမီးတွေထက် အမျိုးသားကလောင်ရှင်တွေကပိုပြီးများပါတယ်။ အဲဒီလို နိုင်ငံရေးအရပါ တိုးတက်တဲ့၊ နိုးကြားထက်မြက်တဲ့ ရှားရှားပါးပါးအမျိုးသမီးကလောင်ရှင်တွေထဲမှာတော့ ကျနော့်အမြင်မှာ အမေလူထုဒေါ်အမာဟာ ရှေ့ဆုံးကဖြစ်တယ်လို့ဆိုလိုက်ချင်ပါတယ်။

အမေလူထုဒေါ်အမာဟာ အားကျစရာကောင်းလောက်အောင် စာစုံရေးနိုင်ခဲ့တဲ့ ကလောင်ရှင်လည်း ဖြစ်ပါတယ်။ ဘာသာပြန်တွေရော၊ ပင်ကိုရေးတွေပါ။ ရသရော၊ သုတပါ၊ နိုင်ငံရေးရော၊ လူမှုရေးတွေပါ၊ အမျိုးဘာသာသာသနာအရေးတွေရော၊ အနုပညာယဉ်ကျေးမှုအမွေအနှစ်တွေပါ၊ ဘာဆို ဘာမှ မလပ်ရအောင် ဒေါင့်စုံအောင် စာစုံရေးနိုင်ခဲ့တဲ့ တကယ့်ကလောင်ရှင်ဆိုတာ စစ်မှန်တဲ့ ဗမာပြည်စာပေအနုပညာသမားတိုင်း သိပါတယ်။ စာပေအနုပညာဝမ်းစာကလည်း ကုံလုံကြွယ်ဝသူဆိုတော့ ဆေးစက်ကျရာ အရုပ်ထင်စေနိုင်တဲ့ တကယ့်ပန်းချီကျော်တဦးလို၊ မြင်မြင်သမျှ ကြားကြားသမျှ စိတ်ဝင်စားဖွယ်ဖြစ်အောင် ရေးပြနိုင်စွမ်းရှိတဲ့ စာပေအနုပညာရှင်လည်း ဖြစ်ပါတယ်။ ဘာတွေရေးရေး၊ ရည်ရွယ်ချက်နဲ့စေတနာ အတိုင်းသားပါနေတာကတော့ အမေလူထုဒေါ်အမာရဲ့ စာပေလက်ရာတွေတိုင်းပေါ်မှာပါပဲ။

အမေလူထုဒေါ်အမာဟာ မန္တလေးသူပါ။ မန္တလေးဆိုတာ ကုန်းဘောင် (၁၁) ဆက်ရဲ့ (၁၀) ဆက်မြောက်မင်း၊ မင်းတုန်းမင်းကြီး တည်ထောင်ခဲ့တဲ့ ရတနာပုံမင်းနေပြည်မြို့တော်ကြီးဖြစ်သလို၊ နောက်ဆုံးမင်းဆက် သားတော်သီပေါမင်းလက်ထက်မှာ ထီးကျိုးစည်ပေါက် သူ့ကျွန်ဘဝရောက်ခဲ့ရပြီး ကုန်းဘောင်ခေတ်ရဲ့နေဝင်ချိန်မှာ ဗမာဘုရင်ခေတ်ရဲ့ နောက်ဆုံးထီးစိုက်နန်းစိုက်ခဲ့ရာ မြို့တော်ကြီးလဲဖြစ်ခဲ့ပါတယ်။

ကုန်းဘောင်ခေတ်ရဲ့ နောက်ဆုံးအမှတ်အသားလို့ဆိုပေမယ့် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းရဲ့ပြယုဂ်၊ ရာဇဝင်ရှိတဲ့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ပြည့်နှက် ထုံမွှမ်းနေဆဲနေရာ၊ ဗမာအမျိုးသားတွေရဲ့ ထင်ရှားတဲ့ အမျိုးသားယဉ်ကျေးမှုအမှတ် လက္ခဏာသင်္ကေတတခုလည်းပဲ ဖြစ်ခဲ့ပါတယ်။ မန္တလေးဟာ ထင်ရှားတဲ့ ကိုယ့်မူ၊ ကိုယ့်ဌာန် ကိုယ့်သဏ္ဍာန်နဲ့ ကိုယ်ပိုင်ဟန်ရှိတဲ့ မြို့တော်ကြီးတခုလဲပဲ မဟုတ်လား။ ❖

နောက်လတွင် ဆက်လက်ဖော်ပြပါမည်။

# တရုတ်ဘက်မှ စစ်လက်နက်ပစ္စည်းများ မြန်မာပြည်ဘက်သို့ ပေးပို့

နိုဝင်ဘာ (၂၀)

မြန်မာပြည်အား စစ်လက်နက်ပစ္စည်းများ ရောင်းချထောက်ပံ့ခြင်းများ မပြုလုပ်ရန် နိုင်ငံတကာမှပြောဆိုနေချိန်တွင် တရုတ်မြန်မာနယ်စပ်မှတဆင့် တရုတ်နိုင်ငံဘက်က စစ်ဘက်ဆိုင်ရာပစ္စည်းများကို မြန်မာပြည်ဘက်သို့ပေးပို့နေကြောင်း နယ်စပ်သတင်းများအရသိရသည်။



နေပြည်တော်တွင်ကျင်းပခဲ့သည့်တပ်မတော်နေ့အခမ်းအနားမြင်ကွင်း

တရုတ်–မြန်မာနယ်စပ် ကျယ်ဂေါင်မြို့တွင် ယူနန်ပြည်နယ်၏ရဲချုပ်မှ မြန်မာနိုင်ငံရဲချုပ်ခင်ရီကို နေပြည်တော်လေဆိပ်တွင် အသုံးပြုရန်အတွက် ဖောက်ခွဲရေးပစ္စည်းများနှင့် မိုင်းရှာဖွေရေးပစ္စည်းများကို ပေးအပ်ခဲ့သည်ဟုသိရသည်။ ယခုလ၏ ဒုတိယအပတ်အတွင်းကလည်း ဟောင်ဝင်ဇာအမြောက်များ တင်ဆောင်ပစ်ခတ်၍ရသည့် အမြောက်ဆွဲယာဉ် (၇) စီးကိုလည်း တရုတ်နယ်စပ် ကျယ်ဂေါင်မှတဆင့် မြန်မာပြည်ဘက်သို့တင်ပို့ခဲ့သည်။ ထိုယာဉ် (၇) စီးအား မူဆယ်မြို့ မန်းဝေးလမ်းမကြီးပေါ်ရှိ ကောင်းဟိုတယ်ရှေ့တွင် တညအိပ် ရပ်နားထားခဲ့ပြီး နောက်တနေ့တွင် မူဆယ်–မန္တလေးလမ်းကြောင်းအတိုင်း မောင်းနှင်သွားသည်ဟု မျက်မြင်ဒေသခံများက ပြောဆိုခဲ့သည်။ တုန်ဖုန်းနှင့် ဖောတံဆိပ်ပါ စစ်သုံးယာဉ်များကို တရုတ်နယ်စပ်ဘက်မှတဆင့် မြန်မာပြည်ဘက်သို့ နှစ်စဉ်ဆိုသလိုပေးပို့နေခဲ့ပြီး မည်သို့မည်ပုံ ငွေပေးချေနေသည်ဆိုသည်ကိုတော့ ရှင်းရှင်းလင်းလင်းမသိရချေ။

ထို့ပြင် ဒီဇင်ဘာ (၆) ရက်နေ့မှ စတင်ကာ မြန်မာနိုင်ငံသို့ပို့ဆောင်ရန်အတွက် တရုတ်နိုင်ငံလုပ် Faw တံဆိပ် စစ်ကားအစီး (၂၀၀) ကျော်ကိုလည်း တရုတ်–မြန်မာ နယ်စပ်ရှိ ကုန်ကားဝင်းဟောင်းအတွင်းတွင် ရပ်တန့်ထားပြီး ကားစီးရေး (၄၀၀) ခန့် ပို့ဆောင်မည်ဟုသိရသည်။ ❖

# မြန်မာစစ်အစိုးရကို လက်နက်နှင့်နည်းပညာ တရားမဝင် ရောင်းချခဲ့သော တောင်ကိုရီးယားနိုင်ငံသားများအား ဗဟိုတရားရုံးချုပ်မှ ပြစ်ဒဏ်ချ

အောက်တိုဘာ (၁၆)

ဒေဝူးအင်တာနေရှင်နယ်ဥက္ကဋ္ဌဟောင်း လီတေယွန်နှင့် စီးပွားရေးခေါင်းဆောင် (၁၀) ဦးတို့အား လက်နက်ပစ္စည်းများ တရားမဝင် တင်ပို့ရောင်းချမှု၊ နည်းပညာပေါက်ကြားမှုတို့ဖြင့် ကိုရီးယားဝမ်ငွေ သန်း (၅၀) အမေရိကန်ဒေါ်လာအားဖြင့် (၅၄,၅၅၀) စီပေးဆောင်ရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။

ဒေဝူးအင်တာနေရှင်နယ်နှင့် ဒိုစန်အဲန်ဖရာကိုးကုမ္ပဏီကြီး (၇) ခုတို့သည် ၂၀၀၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံအတွင်း၌ (၁၀၅) ဟောင်ဝစ်ဇာအမြောက်နှင့် တင့်ကားဖျက်ကျည်အပါအဝင် ကျည်အမျိုးမျိုးကို နှစ်စဉ်သောင်းနှင့်ချီသောပမာဏကို ထုတ်ပေးနိုင်မည့် အမေရိကန်ဒေါ်လာ (၁၃၃ ဒသမ ၈) သန်းတန် လက်နက်စက်ရုံတည်ဆောက်ရန် စာချုပ်ချုပ်ဆိုခဲ့ခြင်းအား တောင်ကိုရီးယားအမျိုးသားထောက်လှမ်းရေးဌာနမှ စုံစမ်းသိရှိခဲ့ခြင်းဖြစ်သည်။

မြန်မာပြည်၏ စတုတ္ထမြို့တော်ဖြစ်သည့် ပြည်မြို့အနီးရှိ လက်နက်စက်ရုံတည်ဆောက်ရန်နှင့် စစ်လက်နက်ပစ္စည်းထုတ်လုပ်သည့် ပစ္စည်းအမျိုးပေါင်း (၄၈၀) ကျော်ကို ၂၀၀၂ မှ ၂၀၀၆ ခုနှစ်အထိ တင်ပို့နေခဲ့ သည်။ လက်နက်စက်ရုံ၏ပြီးစီးမှုမှာ (၉၀) ရာခိုင်နှုန်းကျော်ဖြစ်နေပြီဖြစ်သည်။ လုပ်ငန်းစဉ်ရေးဆွဲရေးကို ဒေဝူးကုမ္ပဏီကတာဝန်ယူခဲ့ပြီး စက်ရုံတည်ဆောက်ရေးနှင့် လက်နက်ထုတ်လုပ်ရန် လိုအပ်သောအစိတ်အပိုင်းများအတွက် ဒိုစန်အင်ဖရာကိုးက တာဝန်ယူထားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံသည် မြန်မာနိုင်ငံအားလက်နက်အစိတ်အပိုင်းနှင့် လက်နက်ထုတ်လုပ်မှုဆိုင်ရာပစ္စည်းများ၊ နည်းပညာများတင်ပို့ရောင်းချခြင်းတို့အား တားမြစ်ထားခဲ့ပြီး လက်နက်ထုတ်လုပ်ရေးအတွက် စီး ပွားဖြစ်ကုန်ပစ္စည်းများတင်ပို့ခြင်းကို ပိတ်ပင်သည့် Wassenaar Agreement ကိုလည်း လက်မှတ်ထိုးထားသည့်နိုင်ငံဖြစ်သည်။

၎င်းတရားစွဲဆိုမှုသည် ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလတွင်စတင်ခဲ့ပြီး အရာရှိကြီးများပါဝင်ပြီး ဒေဝူးဥက္ကဋ္ဌနှင့်ပြစ်ဒဏ်တူခံရသူများမှာ ယခင်ဒေဝူး၏ Heavy Industries ဥက္ကဋ္ဌယန်ဂျေရှင်းနှင့် ဒိုစန်အင်ဖရာကိုး၏ ဒုဥက္ကဋ္ဌတို့ဖြစ်ကြသည်။

၎င်းအမှုတွင် ပါဝင်သူအခြားသုံးဦးကိုမူ ဆိုင်းငံ့ထောင်ဒဏ် (၂) နှစ်မှ (၃) နှစ်အတွင်း ပြစ်ဒဏ်ချမှတ်ကြောင်း ဆိုးလ်မြို့ ဗဟိုတရားရုံးချုပ်မှ တာဝန်ရှိသူတဦးက ပြောလိုက်သည်။ ❖

### ဇွန်မိုင်းဆောင်းပါးမှ ...

ဝင်ပါတီအဖြစ်ရှိနေသေးတဲ့ အဖွဲ့အစည်းတွေပါတယ်။

အမျိုးသားညီလာခံမှာ နအဖက တက်ရောက်ခိုင်းထားတဲ့ တိုင်းရင်းသားကိုယ်စားလှယ်များဆိုသူတွေရဲ့ တိုင်းအလိုက်၊ ပြည်နယ်အလိုက် ကန့်ကွက်ကြတဲ့စာတွေလည်းပါသလို၊ ကိုအေးလွင်တို့ ဒေါက်တာစိုးလင်းတို့လို အလိုတော်ရိအဖွဲ့တွေနှင့် ကြံ့ဖွံ့လိုဒေါက်တိုင်အဖွဲ့တွေလည်း ပါဝင်ခဲ့ကြပါတယ်။

နအဖဟာ သူကိုယ်တိုင်ရေးထားပြီး အဖွဲ့အစည်းတွေက နာမည်ခံထုတ်ပြန်ပေးဖို့ ဖိအားပေးတယ်။ အကြပ်ကိုင်တယ်။ ဈေးတချို့ပေးပြီးဝယ်တယ်။ အဲဒီလို အောက်လမ်းနည်းတွေ အမျိုးမျိုးလုပ်ခဲ့တယ်လို့ သိရပါတယ်။

ဒါတွေက သူလုပ်နေကျအလုပ်တွေပါ။ သူတို့ခိုင်းတိုင်းမလုပ်ဘဲ ကိုယ့်ယုံကြည်ချက်အတိုင်း ရပ်တဲ့၊ ရပ်ရဲတဲ့ KIO လို၊ မွန်ပြည်သစ်လို အဖွဲ့အစည်းမျိုးတွေကို ဟိုကကြပ်၊ ဒီကဝိုင်းလုပ်ပြီး ရန်ထောင်နေတာကိုလည်း ကြားသိနေရပါတယ်။

(၄)

ဒီဖြစ်ရပ်တွေကို ကြည့်လိုက်ရုံနှင့်တင် နအဖဟာ ပြာယာခတ်သွားအောင် လန့်သွား၊ တုန်သွားတယ်ဆိုတာကတော့ အလွန်ကိုမြင်သာပါတယ်။

အဲဒီလို ပြာယာခတ်အောင် တုန်လှုပ်ကြောက်လန့်နေတာနှင့် တပြိုင်နက်တည်းမှာပဲ ဒေါ်စုကိုပဲဖြစ်ဖြစ် NLD ကိုပဲဖြစ်ဖြစ် သူ့ရဲ့စကားပြောဖက်လို့ နည်းနည်းလေးမှ ထည့်မစဉ်းစားသေးတာလည်း အမှန်ပါ။

မြန်မာနိုင်ငံရဲ့ လက်ငင်းပြဿနာတွေကို တွေ့ဆုံဆွေးနွေးအဖြေရှာမှုဖြစ်မယ်လို့လည်း လုံးဝထည့်မစဉ်းစားသေးတာ အမှန်ပါ။

လမ်းပြမြေပုံ (၇) ချက်ထဲက ဖွဲ့ဆင်းပြီး လမ်းသစ်တခုကို စုပေါင်းရှာဖွေဖို့ လိုပြီဆိုတာကိုလည်း သူ့ဦးနှောက်ထဲမှာ တစက်ကလေးမှ ထည့်မစဉ်းစားသေးတာအမှန်ပါ။

သူ့မှာ သူ့အစား ခါးထိုးခံဖို့ ဗိုက်တွေ ရှာလို့ဖွေလို့ ရနေသေးသမျှ ....

စက်တင်ဘာထက်ကြီးတဲ့ လူထုလှုပ်ရှားမှုလှိုင်းကြီးတခုနှင့် သူ့ကို လုံးလုံးမှ ခေါင်းမဖော်နိုင်အောင် ထပ်ပြီး ဖိမထားနိုင်သေးသမျှ ....

ပြည်တွင်းပြည်ပအင်အားစုတွေနှင့် ဒေါ်စုရဲ့ကြေညာချက်ပါ တောင်းဆိုချက်တွေကို နအဖက လိုက်လျောဖို့ဆိုတာတွေဟာလည်း ဘယ်လိုမှ လက်တွေ့အသက်ဝင်လာနိုင်ဦးမယ်မဟုတ်ပါ .... ॥ ॥

ဇွန်မိုင်း

၈၊ ၁၂၊ ၂၀၀၇ ❖

# ပြည်တွင်းအခြေစိုက်ပအိုဝ်းအဖွဲ့များသည် လူမျိုးစုတခုလုံးကို ကိုယ်စားမပြုကြောင်း ရှမ်းပြည်နယ်လူမျိုးစုံ လွတ်မြောက်ရေးအဖွဲ့မှ ပြောဆို

အောက်တိုဘာ (၁၉)

ပအိုဝ်းငြိမ်းချမ်းရေးအဖွဲ့တခုဖြစ်သည့် (PNO) နှင့် ၁၉၉၀ ပြည့်ရွေးကောက်ပွဲပါတီဝင်ဖြစ်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်တို့က မစ္စတာဂမ်ဘာရီမှတဆင့်ထုတ်ပြန်လိုက်သည့် ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်ကို ကန့်ကွက်ကြောင်း ထုတ်ပြန်ခဲ့သည်။

အဆိုပါကြေညာချက်ကို အောက်တိုဘာ (၁၄) ရက်နေ့ စစ်အစိုးရပိုင်သတင်းစာများတွင် ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ယခုနှစ်ဇွန်လအတွင်းက ပြန်လည်တောခိုလာသည့် ရှမ်းပြည်လူမျိုးစုံလွတ်မြောက်ရေးအဖွဲ့ (ရလလဖ) သည် အမည်ပြောင်းလဲလိုက်သည့် အခမ်းအနားတရပ်ကျင်းပ၍ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ (PNLO) က ပြည်တွင်းအခြေစိုက် ပအိုဝ်းအဖွဲ့အစည်းများသည် လူမျိုးစုတခုလုံးကို ကိုယ်စားမပြုကြောင်း PNLO အတွင်းရေးမှူး ဗိုလ်မှူးကြီးခွန်သူရိန်က တုန့်ပြန်ပြောဆိုခဲ့သည်။

ဗိုလ်မှူးကြီးခွန်သူရိန်က ယခုထွက်ပေါ်လာသည့်သဘောထားများသည် ပအိုဝ်းလူမျိုးကို ကိုယ်စားပြုပြီးပြောခြင်းမဟုတ်ကြောင်းနှင့် နအဖ၏တွန်းအားပေးမှုကြောင့်သာလျှင် ထွက်ပေါ်လာခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ အဖွဲ့အစည်း၏အကျိုးစီးပွားအတွက် အမျိုးသားအကျိုးစီးပွားကို အပြည့်အဝမငဲ့ကွက်နိုင်တော့သည့် သဘောလည်းဖြစ်ကြောင်းလည်းပြောသည်။

ရလလဖအား အမည်ပြောင်းလဲခြင်းနှင့်ပတ်သက်၍လည်း "ရလလဖဆိုတာက ရှမ်းပြည်တခုလုံးကို ကိုယ်စားပြုတဲ့နာမည်ဖြစ်ပြီးတော့ ရှမ်းပြည်တခုလုံးကို ကျနော်တို့က လုပ်ဆောင်သွားရမယ်ဆိုတဲ့သဘောဖြစ်နေတယ်။ တချိန်တုန်းက ကျနော်တို့က ဗမာပြည်ကွန်မြူနစ်ပါတီနဲ့ပူးပေါင်းပြီးတော့ နိုင်ငံရေး၊ စစ်ရေးရောလုပ်နေတဲ့အချိန်မှာ အခက်အခဲမရှိဘူး။ ပြဿနာမရှိပါဘူး။ ဒါပေမယ့် ဒီနေ့အချိန်မှာ ဟိုတုန်းကနဲ့မတူတဲ့ပြောင်းလဲမှုတွေ အများကြီးဖြစ်လာတဲ့အခြေအနေပေါ်မှာမူတည်ပြီးတော့ ကျနော်တို့ရလလဖအနေနဲ့ ပအိုဝ်းလူမျိုးတွေနေထိုင်တဲ့ဒေသမှာရပ်တည်တဲ့အတွက်ကြောင့် ကျနော်တို့ကလည်း ပအိုဝ်းတွေဖြစ်နေတာကြောင့် ပြောင်းလဲလိုက်တာဖြစ်ပါတယ်"ဟု ဗိုလ်မှူးကြီး ခွန်သူရိန်ကပြောခဲ့သည်။

ယနေ့ တပြည်လုံးတွင်ဖြစ်ပျက်နေသည့် အခြေအနေတရပ်လုံးကို ပအိုဝ်းတိုင်းရင်းသားများအနေဖြင့် မှန်မှန်ကန်ကန်လေ့လာသုံးသပ်ရန်လိုအပ်ကြောင်းနှင့် တနိုင်ငံလုံးရှိ ပြည်သူလူထုနှင့် ပအိုဝ်းလူထုကိုပါ ကိုယ်စားပြု၍ မထိမ်မဝှက်ဘဲ၊ အမှန်တရားအတိုင်း ဝန်ခံတိုက်ပွဲဝင်သွားရန်လိုအပ်ကြောင်းလည်း ဆက်လက်ပြောသွားသည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်၏ ရပ်တည်ချက်မှန်ကန်မှုရှိကြောင်း တကမ္ဘာလုံးက အသိအမှတ်ပြုထားပြီးဖြစ်သည်နှင့်အညီ တွေ့ဆုံဆွေးနွေးပွဲဖြစ်လာမည်ဆိုလျှင်လည်း ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မိမိတို့တိုင်း




ဗိုလ်မှူးကြီး ခွန်သူရိန်

ရင်းသားအားလုံးကို အာမခံချက်ပေးနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်းနှင့် တိုင်းရင်းသားအားလုံးကို ကိုယ်စားပြုပြီးဆွေးနွေးမည်ဆိုလျှင်လည်း မိမိတို့တိုင်းရင်းသားများပါပါဝင်ဆွေးနွေးမှု ပြည့်စုံလိမ့်မည်ဟုလည်း ခံယူထားကြောင်းတို့ကိုပါ ပြောဆိုခဲ့သည်။

ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့သည် ၁၉၉၄ ခုနှစ်က စစ်အစိုးရနှင့် အပစ်အခတ်ရပ်ခဲ့သည့် ရလလဖမှခွဲထွက်လာသည့်အဖွဲ့ဖြစ်ပြီး ပြည်တွင်းတွင်ရှိနေသည့် ဦးချစ်မောင်ဦးဆောင်သောအုပ်စုသည် စစ်အစိုးရထံတွင် ပြီးခဲ့သည့်ဇူလိုင်လအတွင်းက အပြီးအပိုင်လက်နက်ချခဲ့ကာ ဦးတာကလယ်ဦးဆောင်သောအဖွဲ့သည် ရလလဖအမည်ဖြင့် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။ ❖

# ဒေါ်အောင်ဆန်းစုကြည်အားဆန့်ကျင်ရန် အပစ်ရပ်အဖွဲ့များကိုနအဖမှဖိအားပေး

နိုဝင်ဘာ ၁၆၊ ဧရာဝတီ

မစ္စတာဂမ်ဘာရီမှတဆင့် ထုတ်ပြန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်အား ဆန့်ကျင်ကြောင်းနှင့် တိုင်းရင်းသားများကို ကိုယ်စားမပြုကြောင်း အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့များကို စစ်အစိုးရက လက်မှတ်ရေးထိုးခိုင်းနေသည်။

အဆိုပါတိုင်းရင်းသားများအား လက်မှတ်ထိုးရန်ဖိအားပေးမှုသည် ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားများအကြား စိတ်ဝမ်းကွဲစေရန် သပ်လျှိုခြင်းဖြစ်ကြောင်း လေ့လာသူများကသုံးသပ်ကြသည်။ စစ်အစိုးရက "ဝ"အမျိုးသားညီညွတ်ရေးတပ်မတော်၊ ကချင်ကာကွယ်ရေးတပ်ဖွဲ့၊ ကိုးကန့်တပ်ဖွဲ့၊ ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) စသည့် အပစ်အခတ်ရပ်တိုင်းရင်းသားများအဖွဲ့ခေါင်းဆောင်များနှင့်တွေ့ဆုံ၍ ယခုကဲ့သို့ လက်မှတ်ထိုးခိုင်းခဲ့ခြင်းဖြစ်သည်ဟု အပစ်အခတ်ရပ်အဖွဲ့နှင့်နီးစပ်သူများကပြောသည်။

နိုဝင်ဘာ (၁၂) ရက်နေ့က ယဉ်ကျေးမှုဝန်ကြီးဌာနမှဝန်ကြီး ဗိုလ်မှူးချုပ်ခင်အောင်မြင့်နှင့် အရှေ့မြောက်ပိုင်းတိုင်းမှူးတို့သည် ရှမ်းပြည်နယ်၊ လားရှိုးမြို့သို့ရောက်ရှိလာခဲ့ပြီး၊ အပစ်ရပ်အဖွဲ့ခေါင်းဆောင်များဖြစ်သော "ဝ" အဖွဲ့မှ ဒုတိယဥက္ကဌ အပစ်ရပ်အဖွဲ့ခေါင်းဆောင် (၄) ဦးတို့နှင့် နိုဝင်ဘာ (၁၄) ရက်နေ့က တွေ့ဆုံခဲ့ကြောင်းသိရသည်။ ထိုသို့တွေ့ဆုံစဉ် အသင့်ရေးယူလာသော ဒေါ်အောင်ဆန်းစုကြည်ဆန့်ကျင်ရေး ထုတ်ပြန်ချက်ကို လက်မှတ်ထိုးခိုင်းခြင်းဖြစ်ကြောင်း အပစ်ရပ်အဖွဲ့များနှင့်နီးစပ်သူ၏ အဆိုအရသိရသည်။

အင်အားအကြီးမားဆုံးအပစ်ရပ်အဖွဲ့ဖြစ်သည့် "ဝ" အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် ကိုးကန့်အဖွဲ့တို့ကမူ ယင်းထုတ်ပြန်ချက်ကို လက်မှတ်ထိုးရန် ခွင်းချက်မရှိ ငြင်းဆိုခဲ့ကြောင်းသိရသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့အကြား တွေ့ဆုံဆွေးနွေးမှုကို ကြိုဆိုကြောင်း၊ နိုဝင်ဘာ (၈) ရက်က မစ္စတာဂမ်ဘာရီမှတဆင့် ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ချက်တွင် တိုင်းရင်းသားများအား ကိုယ်စားပြုပြောကြားချက်များကို ၎င်းတို့ကလက်မခံနိုင်၊ ဆန့်ကျင်ကြောင်းတို့ပါဝင်သော ထုတ်ပြန်ချက်များကို အစိုးရသတင်းစာများတွင် ဖော်ပြလျှက်ရှိနေသည်။

ယခုအချိန်သည် ဒီမိုကရေစီအင်အားစုများ၏စုစည်းညီညွတ်မှုနှင့် အမျိုးသားညီညွတ်မှုတို့သည် မရှိမဖြစ် အထူးအရေးကြီးလိုအပ်နေသည့်အတွက် နိုင်ငံရေးအဖွဲ့အစည်းများ၊ အင်အားစုများ၊ အထူးသဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ အကျိုးစီးပွားဆိုင်ရာများကို အလေးအနက်ထား၍ ထည့်သွင်းစဉ်းစားသွားရန် တာဝန်ရှိသည်ဟု ဒေါ်အောင်ဆန်းစုကြည်၏ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

အဲန်အယ်လ်ဒီ၏ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းက ဒေါ်အောင်ဆန်းစုကြည်အပေါ် စွပ်စွဲချက်များကိုငြင်းဆိုလိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းရင်းသားများကို ကိုယ်စားပြုသူဖြစ်ကြောင်း အခိုင်အမာပြောဆိုခဲ့သည်။ ယခုကဲ့သို့ စွပ်စွဲချက်များသည် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် တွေ့ဆုံဆွေးနွေး ရေးလုပ်ငန်းစဉ်များကို နှောင့်နှေးကြန့်ကြာစေနိုင်သည်ဟုလည်း ဦးဉာဏ်ဝင်းက ပြောဆိုခဲ့သည်။

နိုဝင်ဘာလ (၈) ရက်နေ့က ထုတ်ပြန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်ကို ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်၊ ဇိုမီးအမျိုးသားကွန်ဂရက်၊ မွန်အမျိုးသားဒီမိုကရေစီအဖွဲ့တို့အပါအဝင် တိုင်းရင်းသားအဖွဲ့ (၁၂) ဖွဲ့ကလည်း လက်ရှိအစိုးရ၊ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သည့် ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးရေးကြိုးပမ်းမှုကိုကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန်ခဲ့သည်။ ပြည်ပရှိ တိုင်းရင်းသားလူမျိုးများကောင်စီ (အီးအဲန်စီ) ကလည်း ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ကြေညာချက်ကို ကြိုဆိုထောက်ခံခဲ့သည်။

ယခင်က နအဖ၏အမျိုးသားညီလာခံသို့ လေ့လာသူအနေဖြင့်တက်ရောက်ခဲ့သည့် မွန်ပြည်သစ်ပါတီကလည်း ဒေါ်အောင်ဆန်းစုကြည်၏ တွေ့ဆုံဆွေးနွေးရေးကြိုးပမ်းမှုကို ကြိုဆိုအသိအမှတ်ပြုကြောင်း ပြောဆိုခဲ့သည်။

"ဝ" ပြည်သွေးစည်းညီညွတ်ရေးတပ်မတော်၊ ရှမ်းပြည်အရှေ့ပိုင်း အထူးဒေသ (၄) မိုင်းလားအဖွဲ့နှင့် ကိုးကန့်လက်နက်ကိုင်အဖွဲ့တို့ပူးပေါင်းထားသည့် ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီတပ်ဦးက အောက်တိုဘာ (၁၈) ရက်တွင် ကြေညာချက်ထုတ်ခဲ့သည်။ ထိုကြေညာချက်တွင် နိုင်ငံတနိုင်ငံ၏အစိုးရသည် ဒီမိုကရေစီနည်းလမ်းတကျ ရွေးကောက်မှုဖြင့်သာပေါ်ပေါက်သင့်သည်ဟု တပ်ဦးကခံယူကြောင်းပါဝင်သည်။ ❖



# ဒေါ်အောင်ဆန်းစုကြည်ထုတ်ပြန်ခဲ့သည့် ကြေညာချက်ကို ကန့်ကွက်သည့်လက်မှတ် ထိုးမပေးသော ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ တိုက်ခိုက်ခံရ

နိုဝင်ဘာလ (၂၃)

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် (မပခ) လက်အောက်ခံစစ်ကြောင်းတခုသည် ဒင်ဂါအမည်ရှိ ကေအိုင်အိုအဖွဲ့၏ ရှေ့တန်းတိုက်နယ်ရုံးအားအလစ်ဝင်ရောက်စီးနင်းပြီး ရုံးအဖွဲ့မှူးအပါအဝင် (၈) ဦးအား ၎င်းတို့ကိုင်ဆောင်သည့်လက်နက်များနှင့်တကွ ဖမ်းဆီးသွားခဲ့သည်။

အတိုက်ခိုက်ခံရသော ကေအိုင်အိုရုံးသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ဗန်းမော်မြို့ ကားလမ်းကြား ဒေါ်ဖုန်းယန်မြို့နယ်ခွဲအတွင်းတွင်တည်ရှိသည်။ ကေအိုင်အို၏ဌာနချုပ်ရှိရာ လိုင်ဇာမြို့၏ (၁၅) မိုင်အကွာတွင် တည်ရှိသည်။

လိုင်ဇာမြို့ရှိ ကေအိုင်အိုအရာရှိတဦးက "မြစ်ကြီးနားဖက် ကားတွေနဲ့တက်လာတယ်လို့တော့ကြားပါတယ်။ ဒီလိုလုပ်လိမ့်မယ်လို့တော့မထင်ခဲ့ဘူး။ ဒီကိစ္စနဲ့ပတ်သက်လို့ ကျနော်တို့ခေါင်းဆောင်တွေတော့ ဆွေးနွေးနေတုန်းပဲ"ဟုပြောသည်။

ဤလုပ်ရပ်သည် နိုဝင်ဘာလ (၁၆) ရက်နေ့က ယဉ်ကျေးမှုဝန်ကြီး ဗိုလ်ချုပ်ခင်အောင်မြင့်ကကေအိုင်အိုအား ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်အား ကန့်ကွက်ကြောင်း ကြေညာချက်ထုတ်ရန် ဖိအားပေးမှုအပေါ် ငြင်းဆန်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း တရုတ်နယ်စပ်မှ စစ်ရေးအကဲခတ်ကျွမ်းကျင်သူ ဦးအောင်ကျော်ဇောက သုံးသပ်သည်။ "အခုကိစ္စက တိုင်းမှူးအုန်းမြင့်က လုပ်တာ။ သူ့အနေနဲ့ အရှက်ရနေတာ အခုမှမဟုတ်ဘူး။ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာ့အရေးဆွေးနွေးမှာကို ကြေညာချက်ထုတ်ခိုင်းတုန်းကလည်း ကေအိုင်အိုက မထုတ်ခဲ့ဘူး"ဟု ၎င်းကပြောသည်။

နိုဝင်ဘာလ (၁၈) ရက်နေ့တွင်လည်း မြစ်ကြီးနားမြို့ပေါ်ရှိ ကချင်ပြည်လွတ်လပ်ရေးတပ်ဖွဲ့၏ ဆက်ဆံရေးရုံးနှင့် နေအိမ်များမှဖုန်းများကို တရုတ်နိုင်ငံသုံး ဖုန်းများဖြစ်သည်ဟုအကြောင်းပြချက်ဖြင့် နယ်မြေအာဏာပိုင်များက သိမ်းယူခဲ့ကြသည်။ ထို့အပြင် (၂၁) ရက်နေ့မှစ၍လည်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ထိန်းချုပ်ရာ တရုတ်နယ်စပ်ရှိ လိုင်ဇာမြို့၊ ဗန်းမော်မြို့နှင့် မြစ်ကြီးနားတို့မှ ကားအဝင်အထွက်များကိုလည်း လိုင်ဇာမြို့တောင်ဘက် လဂျားကျေးရွာအခြေစိုက်သော နအဖတပ်များက တားဆီးခဲ့သည်။

၂၀၀၆ ဇန်နဝါရီလအတွင်းကလည်း လားရှိုးအခြေစိုက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ ခလရ (၆၈)သည် မြောက်ပိုင်း ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်၊ နမ္မတီးကျေးရွာအုပ်စုအတွင်း နောင်တိုင်းကျေးရွာရှိ ကေအိုင်အေ တပ်မဟာ (၄) လက်အောက်ခံကေအိုင်အို တိုက်နယ်ရုံးအား အလားတူစီးနင်းတိုက်ခိုက်မှုမျိုးကို ကျူးလွန်ခဲ့သည်။ ထိုစီးနင်းမှုတွင် တိုက်နယ်မှူးအပါအဝင် ကေအိုင်အိုအဖွဲ့ဝင် (၆) ဦး ကျဆုံးခဲ့သည်။

နအဖစစ်အုပ်စုသည် တဖက်က ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံညှိနှိုင်းရန် ဆက်ဆံရေးဝန်ကြီးတဦးကိုခန့်အပ်ခဲ့သော်လည်း အခြားတဖက်ကမူ တိုင်းရင်းသားလက်နက်ကိုင် အပစ်ရပ်အဖွဲ့များအား ဖိအားပေး၍ ဒေါ်အောင်ဆန်းစုကြည်၏ ထုတ်ပြန်ကြေညာချက်ပါ တိုင်းရင်းသားအရေးတွင် သူမမှာတာဝန်ရှိသည်ဟုခံယူပါကြောင်း ဆိုသည့်စာပုဒ်အား ကန့်ကွက်ရန်ကိုလည်းကောင်း၊ ၎င်းတို့၏ လမ်းပြမြေပုံကိုထောက်ခံကြောင်းကိုလည်းကောင်း ဖိအားပေး၍ လက်မှတ်ထိုးစေပြီးနောက် အစိုးရပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြလျှက်ရှိနေသည်။ ❖

# ပက်ဆစ်ဆန်သော မြန်မာစစ်တပ်၏ လမ်းစဉ်များ

## (မြန်မာ့ဖက်ဆစ်လမ်းစဉ်သစ်)



**(မိုးဇက်)** ဘာသာပြန်ဆိုသည်

လက်တွေ့ဘဝတွင်မူ မြန်မာ နိုင်ငံ၏အခြေအနေမှာ (၈၈) ကတည်းက ဘာမျှထိထိ ရောက်ရောက်ပြောင်းလဲခြင်းမရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ မြန်မာစစ်အစိုးရသည် ကြားဖူး၊ ကြုံဖူး သည်ထက်ပင် ပို၍ကြမ်းတမ်းသည်။ ခေါင်းမာသည်၊ ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာမှ ဝေဖန်ပြစ်တင်မှု အန္တရာယ်မှကျော်လွှားနိုင်ရန် ကောင်းစွာကြိုတင် ပြင်ဆင်ထားပြီးဖြစ်သည် ...။

သမိုင်းကြောင်းဆိုသည်မှာ တည်ငြိမ်နေသည်မဟုတ်။ အမြဲတမ်းဝမ်းနည်းကြေကွဲစရာကြီးဖြစ်နေသည်မဟုတ်။ ဝမ်းနည်းဝမ်းသာအလှည့်အပြောင်း အမြဲရှိနေပေသည်။ KARL MARX ကလည်း ဤသို့ဆိုခဲ့ပေသည်။ သို့သော် မြန်မာပြည်အခြေအနေကိုကြည့်လျှင်ထိုအဆိုမှာ မှန်မှမှန်ပါ့မလားဟု စောဒကတက်ဖွယ်ဖြစ်ပေသည်။ မြန်မာနိုင်ငံသည် ၁၉၆၂ ခုနှစ် စစ်အစိုးရ အာဏာသိမ်းအုပ်ချုပ်စဉ်မှစ၍ ယခုအချိန်ထိပင် ဝမ်းနည်းကြေကွဲဖွယ်တည်းဟူသော အဆင့်၌ပင် တဝဲလည်လည်ဖြစ်နေပေသေးသည်။ မကြာသေးခင်ရက်များက ရန်ကုန်မြို့တွင်ဖြစ်ပွားခဲ့သောဆန္ဒပြမှုများနှင့် အကြမ်းဖက်နှိမ်နင်းမှုများသည် ရှစ်လေးလုံးဒီမိုကရေစီလှုပ်ရှားမှုအရေးတော်ပုံ၌ထင်ကျန်ခဲ့သော ကြမ္မာဆိုးအတိုင်း အလားသဏ္ဍာန်တူစွာ ပြန်လည်ဖြစ်ပေါ်လာသည်။ လူထုလှုပ်ရှားမှု အပြင်းအထန် အချိန်ကြာမြင့်စွာပေါ်ပေါက်ခဲ့သော်လည်း စစ်အစိုးရလက်ကိုင်တုတ်များသည် လူထုအား ကြောက်ရွံ့ငြိမ်ဝပ်သွားစေရန် ရက်စက်စွာနှိမ်နင်းနိုင်ခဲ့သည်။ သို့ဖြင့် ကမ္ဘာ့အရက်စက်အကြမ်းကြုတ်ဆုံးအဖြစ်အပျက်များမှ တခုအဖြစ်သာ မှတ်တမ်းတင်နိုင်ပြီး၊ နောက်ဆုံး၌ လူထုမှာ နာကျည်းကြေကွဲစွာ အောင့်အည်းသည်းခံကြိတ်မှိတ်နေရခြင်းဖြင့် အဆုံးသတ်ရပြန်ပါသည်။

အစပိုင်းတွင် ထိုလူထုလှုပ်ရှားမှုကြီးသည် မျှော်လင့်ထားသည့်အတိုင်း ကျေနပ်အားတက်ဖွယ်ဖြစ်ပေါ်လာခဲ့ပြီး၊ အနောက်သတင်းဌာနများက အရှေ့ဥရောပနှင့် ယခင် ဆိုဗီယက်ယူနီယံတို့တွင် ဖြစ်ပွားခဲ့သော ငြိမ်းချမ်းစွာဆန္ဒပြကြသည့် "Color Revolutions" နှင့် ခိုင်းနှိုင်းကာ ထိုလူထုလှုပ်ရှားမှုကြီးအား ရွှေဝါရောင်တော်လှန်ရေးဟု နာမည်ပေးခဲ့ကြသည်။ ထိုသို့နာမည်ပေးလိုက်ခြင်းမှာ ဤလှုပ်ရှားမှုများကို ရဟန်းသံဃာတော်များက စတင်ဦးဆောင်လှုပ်ရှားခဲ့ခြင်းကြောင့်ဖြစ်ပြီး ယင်းသည် တချိန်က အာရှတွင် အချမ်းသာဆုံးနိုင်ငံများတွင် တနိုင်ငံဖြစ်ခဲ့ဖူးသောမြန်မာနိုင်ငံကို ဆုတ်ယုတ်ဆင်းရဲသွားစေခဲ့သော၊ လူထုလက်ခံနှစ်သက်မှုမရှိသော စစ်အစိုးရကို ဖယ်ရှားတိုက်ဖျက်ရန် ဦးတည်ရည်ရွယ်ခြင်းနှယ်ဖြစ်သည်။ ထိုသတင်းသည် အင်တာနက်နှင့် အခြားဆက်သွယ်ရေးနည်းပညာသစ်များမှတဆင့် တကမ္ဘာလုံးသို့ပြန့်နှံ့ကာ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့်တကွ အခြားသော ဗုဒ္ဓဘာသာမဟုတ်သည့် ဘာသာရေးပုဂ္ဂိုလ်များ၏ မခံမရပ်နိုင်သောစိတ်ဓာတ်ကို နှိုးဆွလိုက်သကဲ့သို့ ဖြစ်ပေါ်လာခဲ့သည်။ တရုတ်နှင့် အရှေ့တောင်အာရှနိုင်ငံအဖွဲ့အစည်းများသည် ၎င်းတို့၏အိမ်နီးချင်းနိုင်ငံများအပေါ် ဖိအားပေးခြင်း၊ ခိုင်မာပြင်းထန်သော ကြေညာချက်ထုတ်ပြန်ခြင်းများ မပြုလုပ်ပေးကြသော်လည်းအမေရိကန်နိုင်ငံသည် မြန်မာနိုင်ငံအပေါ် ပြင်းထန်သောပိတ်ဆို့မှုများပြုလုပ်ခဲ့သည်။

တကယ်တမ်း လက်တွေ့ဘဝတွင်မူ မြန်မာနိုင်ငံ၏အခြေအနေမှာ (၈၈) ကတည်းက ဘာမျှထိထိ ရောက်ရောက်ပြောင်းလဲခြင်းမရှိခဲ့ပေ။ မည်သို့ပင်ဖြစ်စေ မြန်မာစစ်အစိုးရသည် ကြားဖူး၊ ကြုံဖူးသည်ထက်ပင် ပို၍ကြမ်းတမ်းသည်။ ခေါင်းမာသည်။ ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာမှ ဝေဖန်ပြစ်တင်မှု အန္တရာယ်မှကျော်လွှားနိုင်ရန် ကောင်းစွာကြိုတင်ပြင်ဆင်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေး ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေး မရပ်တည်နိုင်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများ (အာဆီယံနိုင်ငံများ) ၏ နိုင်ငံရေးဆွေးနွေးမှုများမှာ ပဟေဠိအသွင်ဖြင့်သာ မရှင်းမလင်းဖြစ်နေသည်။ ယင်းပြဿနာ၏အဓိကသော့ချက်မှာ မြန်မာနိုင်ငံသည် စစ်အာဏာရှင်စနစ်အောက်တွင်ရှိသည့်တိုင် ထိုင်း၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန် အစရှိသောနိုင်ငံများကဲ့သို့ သာမန်စစ်ဥပဒေနှင့် အုပ်ချုပ်ခြင်းမျိုးမဟုတ်ပေ။

၁၉၆၂ ခုနှစ်တွင် မြန်မာနိုင်ငံကို စစ်တပ်အာဏာသိမ်းစဉ်က အစိုးရသည် အချုပ်အခြာအာဏာလွှဲပြောင်းယူရုံမက နောက်ပိုင်းတွင် "မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်များ"ဟု ခေါင်းစဉ်တပ်ကာ စီးပွားရေးကိုလည်းချုပ်ကိုင်သည်။ အခြားသောပုဂ္ဂလိကပိုင် ပိုင်ဆိုင်မှုများကိုလည်း ပြည်သူပိုင်သိမ်းကာ စစ်တပ်နှင့်ဆိုင်သော ကော်ပိုရေးရှင်းများသို့ လွှဲပြောင်းအုပ်ချုပ်သည်။ တရုတ်၊ ကုလားစသော လူချမ်းသာကုန်သည်ကြီးများ အများစုလည်း မြန်မာနိုင်ငံမှထွက်ခွာခဲ့ရသည်။ ထို့အတူ မြန်မာနိုင်ငံ၏ပညာတတ်အမြောက်အများလည်း အခြားနိုင်ငံများသို့ စွန့်ခွာသွားကြရသည်။ ၁၉၆၂ စစ်တပ်အာဏာမသိမ်းခင်က မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လူနေမှုအဆင့်အမြင့်မားဆုံးနိုင်ငံများတွင် တခုအပါအဝင်ဖြစ်ခဲ့ပြီး အသိပညာ၊ အတတ်ပညာရှင်ဦးရေလည်း မျှမျှတတရှိခဲ့သည်။ သို့သော် ထို့နောက်ပိုင်းတွင် စစ်အုပ်စုသာလျှင် ချမ်းသာကြွယ်ဝမှုမှန်သမျှ သိမ်းပိုက်ကြီးစိုးကာ ၎င်းတို့ကြီးပွားရေးအတွက်သာဖြစ်လာခဲ့သည်။

မြန်မာစစ်အစိုးရတည်ထောင်မှုသည် စစ်မှုထမ်းများနှင့် ၎င်းတို့မိသားစုများ၊ ဆွေမျိုးများနှင့် ၎င်းတို့နှင့် ပတ်သက်ဆက်နွယ်သူများအတွင်း၌သာ ပြောင်းလဲတိုးတက်စေပြီး အိမ်ကြီးပေါ် အိမ်ငယ်ဆောက်လျက် စစ်မျိုးစစ်နွယ်သည်ပင်လျှင် အခွင့်ထူးခံလူတန်းစားဖြစ်လာသည်။ ၎င်းတို့နှင့် အဆင့်တူ၊ အရည်အချင်းတူ အခြားသူများထက်သာလွန်သောရာထူးအခွင့်ထူးများ ခံစားခွင့်ရှိသည်။

ရှစ်လေးလုံးအရေးတော်ပုံဖြစ်ပြီးသည့်နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ဝါဒကို ရုပ်သိမ်းလိုက်သည်။ ထိုသို့လုပ်ခြင်းမှာ ရန်ကုန်တွင်ဖြစ်ပွားသော အစုလိုက်အပြုံလိုက် လူသတ်ရက်စက်မှုအပေါ်ဝေဖန်ရှုတ်ချသော နိုင်ငံတကာအဖွဲ့အစည်းများကို ချွေးသိပ်နှစ်သိမ့်ရန် ကြံစည်အားထုတ်မှုတရပ်လည်းဖြစ်နိုင်သည်။ ထို့ပြင် စစ်တပ်သည် ဈေးကွက်စီးပွားရေးတွင် ဝင်ငွေပိုမိုရှာဖွေနိုင်လိမ့်မည်ကို နားလည်သဘောပေါက်ထားသောကြောင့်လည်း ဖြစ်သည်။ ဆန္ဒပြသူ (၃၀၀၀) ကျော်ကျဆုံးသော ထိုရှစ်လေးလုံးသွေးမြေကျမှုများ ဖြစ်ပြီးသည့်နောက် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကိုလည်း ခွင့်ပြုလိုက်သည်။ သို့သော် နောက်ဆုံး နိဂုံးတွင်မူ မြန်မာ့အရင်းရှင်စနစ်သည်လည်း အစိုးရကြီးစိုးခြယ်လှယ်သော စီးပွားရေးစနစ်တခုပင်ဖြစ်လာသည်။

စီးပွားရေးလုပ်ငန်းအတော်များများကို ဗိုလ်ချုပ်သန်းရွှေပင်မက ၎င်းနှင့်ရင်းနှီးသော tycoon တေဇ (၄၃) နှစ်သည်ပင်လျှင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ချုပ်ကိုင်ထားပေသည်။ ၎င်းတို့မပတ်သက်သောလုပ်ငန်းကြီး အနည်းအကျဉ်းသာရှိသည်။ Htoo Trading Company သည် မြန်မာနိုင်ငံ၏အုပ်ချုပ်မှုဆိုင်ရာ မြို့တော်သစ်ဖြစ်သော "နေပြည်တော်"တွင် တည်ဆောက်ထားသည့် အစိုးရနောက်ခံပြု အဓိကလုပ်ငန်းကြီးနှစ်ခုထဲမှ တခုဖြစ်သည်။ ကျန်တခုမှာ ထွန်းမြင့်နိုင် (Steven Law) ဦးဆောင်သော Asia World Group ဖြစ်သည်။ ထွန်းမြင့်နိုင်မှာ ၁၉၇၀ ခုနှစ်တွင် အမေရိကန်က ရွှေတြိဂံနယ်မြေ၏ ဘိန်းဘုရင်ဟုနာမည်တပ်ခေါ်ဆိုထားသော လော်စစ်ဟန်၏သားဖြစ်သည်။

မြန်မာနိုင်ငံတွင် စစ်တပ်နှင့် ၎င်းတို့၏ ဆွေမျိုးမကင်းသူများ၊ ဆက်နွယ်သူများအတွက် အထူးစပယ်ရှယ် ကျောင်းများနှင့်ဆေးရုံများရှိသည်။ သူတို့သည် အိမ်ရာအဆောက်အအုံများတွင် သူတို့ပေးချင်သလောက်သာပေးဝယ်ပြီး သာမန်ပြည်သူများနှင့် ကင်းကင်းနေထိုင်သည်။ သာမန်စတိုးဆိုင်များတွင်မရနိုင်သော ကုန်ပစ္စည်းများကိုလည်း မတော်ကြေးပေးပြီး ဝယ်ယူသုံးစွဲသည်။ စစ်တပ်သည် မီးရထားပေါ် (သို့) လေယာဉ်ပေါ်တွင် အချိန်မရွေး နေရာယူ စီးနင်းနိုင်သည်။ ရဲသည် ယာဉ်စည်းကမ်းပိတ်ဆို့မှုဖြင့် သူတို့ကို ဘယ်သောအခါမျှ အရေးမယူရဲပါ။ စစ်ဘက်ဝန်ထမ်းများ၏ မိုက်ကြေးခွဲမှုများကို မည်သူမျှ စောဒကမတက်ရဲကြပါ။ စစ်တပ်၏ အရပ်သားအထောက်အကူအဖွဲ့မှာ ၁၉၉၂ ခုနှစ်က ဖွဲ့စည်းတည်ထောင်ခဲ့သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (USDA) ဖြစ်သည်။ ထိုအသင်းကြီးတွင် အဖွဲ့ဝင် (၂၁) သန်းရှိသည်ဟုဆိုသည်။ သို့သော် အဖွဲ့ဝင်များမှာ အများအားဖြင့် သာမန်အရပ်သားများနှင့် အစိုးရဝန်ထမ်းများကို မဖြစ်မနေ၊ မဝင်မနေရ အတင်းအကျပ်အသင်းဝင်ခိုင်းသည့်အတွက် အသင်းဝင်ဖြစ်လာသူများဖြစ်သည်။ ရှစ်လေးလုံးအရေးတော်ပုံမတိုင်ခင်က စိုးမိုးခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (BSPP) နှင့် အလားသဏ္ဍာန်တူသည်။ လက်ရှိဖြစ်ရပ်များ ဖြစ်ပွားပြီးနောက် ဤကြံ့ဖွံ့အဖွဲ့သည်လည်း လွန်ခဲ့သော (၁၉) နှစ်က (BSPP) နည်းတူ ပြိုလဲဖွယ်ရာအလားအလာရှိသည်။

မြန်မာနိုင်ငံတွင် စစ်အာဏာအရှိန်အဝါတိုးမြှင့်လာမှုမှာ ၁၉၄၈၊ ဇန်နဝါရီ (၄) ရက်နေ့ ဗြိတိသျှလက်အောက်မှ လွတ်မြောက်ပြီး မကြာခင်စတင်လာခဲ့သည်။ ကွန်မြူနစ်တွေသာမက တိုင်းရင်းသားပေါင်းစုံပုန်ကန်သူများလည်း ရန်ကုန်တွင်ဝင်ရောက် ထကြွကြသည်။ ထို့ပြင် အရှေ့မြောက်ပိုင်းတွင် ချန်ကေရှိတ် (Chiang Kai-shek) ၏ အမျိုးသားရေးစိတ်ဓာတ်အကြွင်းအကျန်ရှိသူ တရုတ်တပ်များသည် မော်စီတုံး (Mao Zedong) ၏ ကွန်မြူနစ်များ၏ဖျက်ဆီးမှုကြောင့် နယ်စပ်သို့တိမ်းရှောင်သွားခဲ့ရသည်။ လွတ်လပ်ရေးရအပြီး မြန်မာ့တပ်မတော်အင်အားမှာ အမြဲတမ်းတပ်ဖွဲ့ဝင် (၁၅,၀၀၀) သာရှိခဲ့သည်။ ကျန်သူများမှာ ပြည်သူ့စစ်သားများဖြစ်ကြသည်။ သို့သော် ၁၉၅၅ တွင် ပြည်တွင်းစစ်ကြောင့် စစ်မှုထမ်းဦးရေမှာ (၄၀,၀၀၀) အထိတိုးလာခဲ့ပြီး ရေကြောင်းကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများတွင်လည်း ပါဝင်လာခဲ့သည်။ နိုင်ငံရေးအရှုပ်အရှင်း အကွဲအပြဲများကိုအကြောင်းပြု၍ အာဏာသိမ်းမှုပြုလုပ်ခဲ့သည့် ၁၉၆၂ ခုနှစ်၌ ထိုလုပ်ငန်းကြီး (၃) ခုတွင် စစ်မှုထမ်းဦးရေ (၁၀၄,၂၀၀) ဖြစ်လာခဲ့သည်။ ၁၉၇၆ တွင် (၁၄၀,၀၀၀)၊ ၁၉၈၅ တွင် (၁၆၀,၀၀၀) အထိတိုးလာခဲ့ပြီး ရှစ်လေးလုံးအရေးတော်ပုံဖြစ်ပွားချိန်တွင် စစ်တပ်တွင် လူဦးရေ (၁၈၀,၀၀၀) နှင့် အထက်ပါ စီးပွားရေးလုပ်ငန်း (၃) ခုတွင် (၂၀၀,၀၀၀) နီးပါးအထိ တိုးလာခဲ့သည်။

ယခုအခါ ထိုစီးပွားရေးလုပ်ငန်းကြီး (၃) ခု၏ ခန့်မှန်းလူဦးရေမှာ (၄၀၀,၀၀၀) နှင့် သူတို့သည် အဓိကအားဖြင့် တရုတ်မှ လက်နက်အင်အားအမြောက်အမြားရရှိခြင်းကြောင့် မြန်မာနိုင်ငံ၏ မျက်မှောက်ခေတ်သမိုင်းတွင် ယခင်ကထက် ပို၍ပြည့်စုံတောင့်တင်းလာသည်။ အာဏာသိမ်းစစ်အစိုးရသည် ပြည်တွင်းသောင်းကျန်းသူအုပ်စု အများစုနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ပယ်ဖျက်ရန်စီစဉ်ခဲ့သည်။ ပြီးခဲ့သော (၁၀) စုနှစ်အတွင်းက မြန်မာနိုင်ငံတွင် အစဉ်အလာအားဖြင့် မတည်ငြိမ်သော နယ်စပ်ဒေသများတွင် တိုက်ခိုက်မှုအသေးအမွှားလေးများဖြစ်ပွားခဲ့သည်။ ယခုအခါ ရန်သူဦးရေမှာကြီးထွားလာသည်။

တရုတ်အကူအညီသည် စစ်အစိုးရအာဏာတည်မြဲစေရန် အဓိကသော့ချက်ဖြစ်နေပြီး ပီကျင်းသည် အစိုးရအပြောင်းအလွဲကို မလိုလားပေ။ တည်ငြိမ်မှုကိုသာလိုလားသည်။ ယခုနှစ် ဇန်နဝါရီလက မြန်မာနိုင်ငံကိုအရေးယူရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင်တင်သွင်းသော အမေရိကန်ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံတို့၏အဆိုကို နိုင်ငံပေါင်းများစွာ ထောက်ခံသည့်ကြားမှ တရုတ်နှင့်ရုရှတို့က ပယ်ချခဲ့သည်။ မြန်မာအစိုးရသည် ဒေသဆိုင်ရာလုံခြုံရေးကို ထိခိုက်အောင်မလုပ်၊ စိုးရိမ်ဖွယ်ရာအနေအထားမရှိဟု တရုတ်ကအခိုင်အမာပြောသည်။ ထို့ကြောင့် လုံခြုံရေးကောင်စီအနေနှင့် မြန်မာနိုင်ငံအပေါ် နိုင်ငံရေးဖိနှိပ်မှု၊ ဝင်ရောက်ဝေဖန်စွက်ဖက်မှု ဆွေးနွေးပွဲများလုပ်ခြင်းမှာ မသင့်ဟုဆိုသည်။ ၂၀၀၈ ပီကျင်းအိုလံပစ်ကိုသပိတ်မှောက်ရန် လှုပ်ရှားဆောင်ရွက်သူများ၏ တောင်းပန်မေတ္တာရပ်ခံချက်များသည်ပင်လျှင် မြန်မာအစိုးရအပေါ် ဖျောင်းဖျကြားဝင်တိုက်တွန်းလာအောင် တရုတ်အားလည်း မစွမ်းဆောင်နိုင်ပေ။ ရွှေဝါရောင်တော်လှန်ရေး၌ အစုလိုက်အပြုံလိုက် လူသတ်မှုများပြုလုပ်ဖြစ်ပွားရာတွင် မြန်မာစစ်သားများကိုင်ဆောင်သော လက်နက်များမှာ တရုတ်လုပ် T-56 မောင်းပြန်ရိုင်ဖယ်များ ဖြစ်နေသည်ကိုပင် တရုတ်က မည်သည့်တုံ့ပြန်မှုဝေဖန်မှု အရိပ်အယောင်ကိုမျှ မပြခဲ့ပါ။

တရုတ်စစ်လက်နက်အထောက်အပံ့များသည် မြန်မာပြည်တွင်း လွတ်လပ်စွာဆန္ဒထုတ်ဖော်ပြမှုများကိုဖိနှိပ်ရန် အကူအညီများဖြစ်သည်ဟု ထောက်ပြစရာဖြစ်လာသည်။ ထို့ပြင် မြန်မာလက်နက်ကိုင်စစ်အုပ်စုများသည် ၁၉၈၈ ကတည်းက လက်ရှိစစ်အစိုးရ ဆက်လက်ရှင်သန်တည်မြဲစေရန် သေရေးရှင်ရေး အားသွန်ခွန်စိုက် သစ္စာရှိရှိတာဝန်ထမ်းဆောင်နေရသည့်အဖြစ်သို့ ရောက်ရှိလာခဲ့သည်။ စစ်အစိုးရဆက်လက်ရှင်သန်နေသရွေ့ မည်သည့်ပြောင်းလဲမှုတစုံတရာမျှ ဖြစ်လာလိမ့်မည်မဟုတ်ပါ။ စစ်တပ်အတွင်းအစီရင်ခံစာများသည်လည်း မှန်ကန်မည်ဟု ယုံကြည်စိတ်ချနိုင်ရန် အတော်အလှမ်းကွာနေသည်။ အာဏာအလွဲသုံးစားလုပ်ခြင်း၊ မတရား အခွင့်ထူးခံခြင်းနှင့်ယုတ်မာရိုင်းစိုင်းသောပြစ်မှုများ ကျူးလွန်ခြင်းကြောင့် မြန်မာစစ်တပ်သည် အရာရာဆုံးရှုံးပြီး ရိုးသားပွင့်လင်းမှု အပြန်အလှန်ယုံကြည်နားလည်နိုင်မှုမှာ ဘာမှမရှိပေ။ နိုင်ငံခြားအခြေစိုက် အတိုက်အခံအုပ်စုများမှာ "သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးမှုများ"၊ "အမျိုးသားပြန်လည်သင့်မြတ်ရေး" ကိစ္စများအတွက် လုံးပန်းနေကြသည်။ သို့သော် ထိုအရာများသည် ဟန်ပြရေပန်းစားစကားများသာဖြစ်နေသည်။ ခေါင်းမာကောက်ကျစ်သော စစ်အစိုးရနှင့် ဆွေးနွေးရန်ကိစ္စမှာ မြန်မာပြည်တွင်း၌ လုံးဝဖြစ်လာမည်မဟုတ်ပါ။ စစ်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက်လည်း လုံးဝကြိုးပမ်းမည်မဟုတ်ပါ။ တချိန်က ရန်ကုန်အခြေစိုက် အနောက်တိုင်းသံတမန်တဦးသည် "တကယ်တော့ သူတို့ဟာ သူတို့အချင်းချင်း တစစီကွဲသွားရင် အထိနာမှာစိုးလို့ ဆက်လက်လက်တွဲနေကြတာပါ"ဟု တဲ့တိုးပြောသွားသည်။ စစ်အစိုးရသည် ယခုအခါ ပြည်တွင်းပြည်ပ ဒီမိုကရေစီရေးဆောင်ရွက်သူများအပေါ် အဖျက်သမားများအဖြစ် စွပ်စွဲသည့် ၎င်း၏ လက်သုံးစကားများကို တွင်တွင်သုံး၍ တိုက်ခိုက်နေသည်။ စက်တင်ဘာ (၂၄) မိနစ်ခွန်းတွင် မြန်မာသာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်သည် NLD မှ နိုင်ငံရေးအစွန်းရောက်ဝါဒသမားများ၊ ဗမာပြည်ကွန်မြူနစ်ပါတီ၏ အကြွင်းအကျန်များနှင့် နိုင်ငံခြားအသံလွှင့်ဌာနများသည် မြန်မာဗုဒ္ဓသံဃာတော်များနှင့်ပြည်သူလူထုကို ဆန္ဒပြမှုများဖြစ်ပေါ်စေရန် လှုံ့ဆော်ခဲ့သည်ဟု အခိုင်အမာပြောကြားသွားခဲ့သည်။

ထိုအတောအတွင်း ရှစ်လေးလုံးအရေးအခင်းကပေါက်ဖွားတည်ထောင်ခဲ့သော NLD ပါတီမှာ အင်အားလျော့နည်းလာခဲ့သည်။ NLD ပါတီ၏ အဓိကခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ဩဇာတိက္ကမနှင့်ပြည့်စုံသော်လည်း အကျယ်ချုပ်ဖမ်းဆီးထားခြင်းခံနေရသည်။ NLD ပါတီ၏ ခေါင်းဆောင်မှုပိုင်းဆိုင်ရာ ပုဂ္ဂိုလ်အတော်များများမှာလည်း သေသူကသေ၊ ထောင်ကျသူကကျနှင့် အဖွဲ့အစည်းတခုလုံးနီးပါးသည် နိုင်ငံရေးလှုပ်ရှားမှု မရှိသလောက်ဖြစ်ကုန်လေ၏။ NLD ပါတီဝင် နိုင်ငံရေးလှုပ်ရှားသူ လူငယ်အတော်များများကိုလည်း ထောင်သွင်းအကျဉ်းချခြင်း၊ ခြိမ်းခြောက်အညှဲခံခိုင်းခြင်းကြောင့် မလူးသာ၊ မလွန့်သာဘဲ အချို့မှာ ပြည်ပြေးဘဝသို့ရောက်ကြရသည်။ လက်ရှိတွင် ပြောရေးဆိုခွင့်ရှိသူ လက်တဆုပ်စာသာကျန်ခဲ့ပြီး သူတို့အားလုံးမှာလည်း ပါတီ ဆက်လက်လျှောက်လှမ်းနိုင်ရန်ဆောင်ရွက်မှုပိုင်းတွင် တယောက်မှ အင်အားရှိသူ၊ ဩဇာရှိသူမဟုတ်ကြပေ။ အစိုးရသည် NLD ပါတီဝင်များကို ထောင်သွင်းအကျဉ်းချခြင်း၊ ခြိမ်းခြောက်အညှဲခံခိုင်းခြင်းနှင့် ဆွေစဉ်မျိုးဆက်လိုက်၍ နှောင့်ယှက်ဖျက်ဆီးခြင်းများပြုလုပ်ကာ NLD ကို အင်အားချိနဲ့အောင် တမင်အကွက်ချလုပ်ကိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာစစ်အစိုးရအပေါ် ဖိအားပေးနေသော ပြည်ပအင်အားမှာ သိပ်အမြောက်အများမရှိပေ။ မြန်မာနိုင်ငံအပေါ် အနောက်တိုင်းပိတ်ဆို့မှုမှာလည်း ထိရောက်မှု အနည်းအကျဉ်းမျှသာရှိခဲ့သည်။ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် အာဆီယံနိုင်ငံများသည် မြန်မာနိုင်ငံအတွင်း ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုများ ၎င်းတို့၏အကျိုးစီးပွားအရ ဆက်လက်လုပ်ကိုင်ကာ အကျိုးအမြတ်များထုတ်ယူသွားသည်။ ၎င်းတို့ အမြတ်ထုတ်သွားပြီး ပိုလျှံသောမဖြစ်စလောက် သဘာဝအရင်းအမြစ်များကို စစ်ဗိုလ်ချုပ်များကသာ လက်ဝါးကြီးအုပ်သုံးစွဲကြပြီး ပြည်သူလူထုမှာ စိုးစဉ်းမျှခံစားခွင့်မရပါ။ တရုတ်သည် ရှစ်လေးလုံးဖြစ်ရပ်များမတိုင်ခင်ကပင် မြန်မာနိုင်ငံ၏ချမ်းသာကြွယ်မှုကိုစိတ်ဝင်စားသော ပထမဆုံး အဓိကတိုင်းပြည်တပြည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရလည်း တရုတ်နိုင်ငံ၏ စိတ်ဝင်စားဖွယ်အကောင်းဆုံး နိုင်ငံဖြစ်ပါ

စာမျက်နှာ (၁၈) ကော်လံ (၄) သို့...

## သတင်းတို

## ပတ်စ်ပို့ရုံးကို စစ်အစိုးရရုံးစိုက်ရာ နေပြည်တော်သို့ ပြောင်းရွှေ့

နိုဝင်ဘာ ၂၂၊

နအဖနိုင်ငံခြားရေးဝန်ကြီးဌာနလက် အောက်ရှိပတ်စ်ပို့ရုံးကို စစ်အစိုးရရုံးစိုက်ရာ နေပြည်တော်ကြပ်ပြေးသို့ လာမည့်နှစ်အစောပိုင်းတွင်ပြောင်းရွှေ့မည့်သတင်းကြောင့် နိုင်ငံကူးလက်မှတ်လျှောက်ထားသူများ ပိုမိုများပြားလာသည်။ ရန်ကုန်မြို့လယ် ပန်းဆိုးတန်းလမ်းရှိပတ်စ်ပို့ရုံးတွင် ထောင်နှင့်ချီ၍ လျှောက်လွှာတင်ကြသည့် လူအုပ်ကြီးဖြင့်ပြည့်ကျပ်နေကြောင်း ရန်ကုန်ရှိ ပတ်စ်ပို့ပွဲစားတဦးမှ ပြောဆိုခဲ့သည်။ နအဖစစ်အစိုးရသည် ၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလမှစတင်ကာ အစိုးရဝန်ကြီးဌာနများနှင့် ဌာနဆိုင်ရာအများအပြားကို နေပြည်တော်သို့ပြောင်းရွှေ့ခဲ့သော်လည်း ပတ်စ်ပို့စ်ရုံးအတွက် တည်ဆောက်ရေးလုပ်ငန်းများ မပြီးပြတ်သေးသည့်အတွက် ရန်ကုန်တွင်ကျန်ရှိနေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် လုပ်ထုံးလုပ်နည်းများအရ ပတ်စ်ပို့အသစ်လျှောက်သူများသည် တလထက် ပိုမိုကြာမြင့်နိုင်သော်လည်း ပွဲစားနှင့်ဆက်သွယ်ပြီး မှောင်ခိုလမ်းဖြင့်လုပ်ပါက ရက်သတ္တပတ်ခန့်သာကြာတတ်သည်ဟုသိရသည်။ တရားဝင်ပတ်စ်ပို့ပြုလုပ်လျှင် မြန်မာကျပ်ငွေ (၅) သောင်း (အမေရိကန်ဒေါ်လာ (၃၈) ဒေါ်လာခန့်) သာကုန်ကျမည်ဖြစ်သော်လည်း ပွဲစားဖြင့်ပြုလုပ်ပါက ကုန်ကျငွေမှာ နှစ်ဆခန့်မြင့်တက်သွားကြောင်းသိရသည်။ ပတ်စ်ပို့အသစ်လုပ်သူများအနေဖြင့် ပွဲစားများမှတဆင့်ပြုလုပ်ခြင်းသည် အချိန်တိုအတွင်းရရှိ၍ ပိုမိုလွယ်ကူစေသည်ဟုလည်းသိရသည်။ ❖

## သိန်း (၆၀)ဖိုးခန့်ရှိသည့်ကျွန်းသစ်များကို နယ်မြေခံစစ်တပ်မှရောင်းစား

နိုဝင်ဘာ (၁၉)

ဗန်းမော်ခရိုင်၊ မံစီမြို့နယ် မဒယန်ကျေးရွာအနီး တောတွင်းတနေရာတွင်စုပုံထားသည့် အရှည်တကိုက်ကျော်၊ လုံးပတ်ငါးလက်မပတ်လည်ရှိသည့် ကျွန်းသစ်တုံး (၅၀၀) ကျော်ကို နအဖ၏စစ်တပ်မှ ရောင်းစားခဲ့သည်။

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်ခံ၊ ကိုက်ထိပ်ကျေးရွာတွင် တပ်စွဲထားသည့် ခမရ (၄၃၇) တပ်ရင်းက နိုဝင်ဘာ (၇) ရက်နေ့တွင် ပိုင်ရှင်မဲ့အဖြစ်သိမ်းယူကာ ရောင်းစားခဲ့ကြောင်းသိရသည်။ တရုတ်–မြန်မာနယ်စပ်ရှိ မန်ဝိန်ကြီးကျေးရွာရှိ သစ်ကုမ္ပဏီသို့ရောင်းချခဲ့ခြင်းဖြစ်သည်။ ဗန်းမော်ဒေသတွင် သစ်ကုမ္ပဏီကြီးသုံးခုခန့်ရှိပြီး ဖမ်းဆီးရမိသည့်သစ်များကို လေလံဆွဲကာပြန်ရောင်းလေ့ရှိကြောင်းလည်း အဆိုပါဒေသခံတဦးအဆိုအရသိရသည်။ ဗန်းမော်၊ ရွှေကူ၊ မိုးမိတ်၊ မံစီဒေသအတွင်းရှိ သစ်များကို ယခင်က သစ်အလုံးလိုက်တရုတ်ပြည်အတွင်းသို့ သယ်ထုတ်နေရာမှ ယခုနှစ်အစောပိုင်းတွင် သစ်လုံးများကိုခွဲစိတ်ပြီး တရုတ်ပြည်သို့ သယ်ထုတ်နေခြင်းဖြစ်သည်။ ဖမ်းဆီးမိသည့် ကျွန်းသစ်တတုံးလျှင် တန်ဖိုးမှာ (၁၂,၀၀၀) ကျပ်ပေါက်ဈေးရှိကြောင်း ဒေသခံတဦးကပြောခဲ့သည်။ ❖

## အဓမ္မခိုင်းစေမှုများတားမြစ်ပေးရန် ကမ္ဘာ့အလုပ်သမားအဖွဲ့တောင်းဆို

နိုဝင်ဘာ (၁၅)

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် နိုင်ငံတကာအစိုးရများ၊ အလုပ်ရှင်များနှင့် အလုပ်သမားသမဂ္ဂများပါဝင်ဆွေးနွေးခဲ့သည့် မြန်မာနိုင်ငံအခြေအနေနှင့်ပတ်သက်၍ ကမ္ဘာ့အလုပ်သမားအဖွဲ့အုပ်ချုပ်ရေးအဖွဲ့မှ မြန်မာနိုင်ငံရှိ အဓမ္မအလုပ်ခိုင်းစေမှုများအားလုံးကို တားမြစ်ပိတ်ပင်ပေးရန် မြန်မာစစ်အစိုးရအား ကြေညာချက်တစောင်ထုတ်ပြန်၍ တောင်းဆိုခဲ့သည်။ မြန်မာစစ်အစိုးရအနေဖြင့် တနိုင်ငံလုံးတွင် အဓမ္မလုပ်အားပေးစေခိုင်းမှုပုံစံအားလုံးကို တားမြစ်ပိတ်ပင်ထားပြီး၊ လုပ်အားပေးခိုင်းစေခဲ့လျှင် ထိုက်ထိုက်တန်တန်အပြစ်ပေးခံရမည်ဖြစ်သည်ကို အပြင်းထန်ဆုံး ရှင်းလင်းပြတ်သားစွာ လူသိရှင်ကြားထုတ်ပြန်ကြေညာပေးသင့်ကြောင်း ကြေညာချက်တွင်ပါဝင်သည်။ အဓမ္မလုပ်အားပေးခိုင်းစေမှုများအား လာရောက်တိုင်ကြားသူများကို ဖမ်းဆီးအရေးယူမည်မဟုတ်ကြောင်း အာမခံချက်ပေးရန်နှင့် ကလေးများအား တပ်သားသစ်အဖြစ် စုဆောင်းမှုကို တားဆီးပေးရန်လည်း တိုက်တွန်းတောင်းဆိုထားသည်။ အိုင်အယ်လ်အိုအဖွဲ့သည် မြန်မာနိုင်ငံ၌ အဓမ္မအလုပ်ခိုင်းစေမှုများမပြုလုပ်ရန် အစဉ်တစိုက်တောင်းဆိုနေပြီး နအဖစစ်အစိုးရကလည်း မြန်မာနိုင်ငံ၌ အဓမ္မအလုပ်ခိုင်းစေမှုများမရှိကြောင်း ကျူးလွန်သူများကို အရေးယူရန် ဥပဒေများထုတ်ပြန်ထားကြောင်း ၎င်းတို့ပိုင်မီဒီယာများမှ မကြာခဏတုန့်ပြန်ပြောဆိုလေ့ရှိခဲ့သည်။ ❖

## သံဃာတော်များက ဝန်ကြီးဦးအောင်သောင်းနှင့် အဖွဲ့၏ဆွမ်းကို လက်မခံ

ကျောက်ပန်းတောင်းမြို့၊ အောင်မင်္ဂလာရပ်ကွက်ရှိ စိတ္တပါလဂူကျောင်းသို့ နအဖဝန်ကြီးလာရောက်ဆွမ်းကပ်ရာတွင် သံဃာတော်အပါး (၁၀၀) ကျော်သည် ရပ်ကွက်တွင်းဆွမ်းခံကြွသွားကြရာမှ ပြန်မလာကြတော့ကြောင်း ကျောင်းတွင်ကျန်ရစ်ခဲ့ကြရသော သံဃာတော်များက မိန့်ကြားသည်။ ကျောက်ပန်းတောင်းမြို့တွင် ဘုန်းတော်ကြီးကျောင်း (၄၁) ကျောင်းရှိပြီး သံဃာအပါး (၁၀၀၀) ကျော် သီတင်းသုံးနေထိုင်လျက်ရှိသည်။ ❖

## ဗုဒ္ဓရဟန်းတော်များအား ဆန်ဖရန်စစ်စကိုတက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဆုချီးမြှင့်

ဒီဇင်ဘာ (၇) ရက်။

ဗုဒ္ဓဘာသာရဟန်းတော်များအားဂုဏ်ပြုသောအားဖြင့် အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ်စကိုတက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ချီးမြှင့်ကြောင်းကြေညာသည်။ ပူဇော်အပ်နှင်းပွဲကို ဒီဇင်ဘာလ (၁၄) ရက်၊ သောကြာနေ့တွင် ကျင်းပမည်ဖြစ်ပြီး မစိုးရိမ်ဆရာတော်ကြီးဦးကောဝိဒက မြန်မာရဟန်းတော်များကိုယ်စား လက်ခံယူတော်မူမည်ဖြစ်သည်။ ❖




## မြန်မာစစ်ဖက်ရေးရာအရာရှိချုပ်က

### ထိုင်းမြန်မာနယ်စပ်ရှိ အပစ်ရပ် အဖွဲ့များကိုစည်းရုံး

နိုဝင်ဘာ (၁၁)

နအဖ၏ စစ်ဘက်ရေးရာအရာရှိချုပ်ဖြစ်သူ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထိုင်း–မြန်မာနယ်စပ်အခြေစိုက် အပစ်ရပ်ဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး ယခုကာလအတွင်း ပြဿနာတစုံတရာမတက်အောင် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ကြောင်း သိရသည်။

နိုဝင်ဘာလ (၁၁) ရက်နေ့က ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ထိုင်း–မြန်မာနယ်စပ်တွင်ရှိသည့် ဗုဒ္ဓဘာသာကရင်အဖွဲ့ (DKBA) နှင့် ကေအဲန်ယူတပ်မဟာ (၇) တပ်မှူးဟောင်း ဗိုလ်ချုပ်ထိန်မောင်၏အဖွဲ့များနှင့် တွေ့ဆုံခဲ့ပြီး လတ်တလောကာလအတွင်း ပြဿနာတစုံရာမတက်စေရန် ဆွေးနွေးမှုများလုပ်သွားခဲ့သည့်အကြောင်း အမည်မဖော်လိုသည့် DKBA တပ်မှူးတဦးကပြောသည်။

ယခုကဲ့သို့ နေပြည်တော်မှ စစ်ဘက်ရေးရာ အရာရှိချုပ်တဦး ထိုင်း–မြန်မာနယ်စပ်သို့လာရောက်ခဲ့ခြင်းသည် နအဖဥက္ကဋ္ဌကြီး၏ကိုယ်စားလှယ်အဖြစ် တရားဝင်လာရောက်ခဲ့ခြင်းဖြစ်ကြောင်းလည်းသိရသည်။ တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် အလွန်ပင်သဘောထားပျော့ပြောင်းလျှက် အောက်စည်းမှသာစကားပြောသွားကြောင်း၊ ခင်ဗျားတို့နဲ့လက်တွဲဆောင်ရွက်ခဲ့တာတွေကိုမမေ့ပါဘူး။ နောင်ကိုလည်း ခင်ဗျားတို့နဲ့ပဲ လက်တွဲဆောင်ရွက်သွားပါ့မယ်စသည်ဖြင့် ယခင်တခါမှမပြောဘူးသော အသုံးအနှုန်းများဖြင့် ပြောသွားခြင်းဖြစ်ကြောင်းတို့ကို တရုတ်–မြန်မာနယ်စပ်မှ စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောက ပြောသွားသည်။

နအဖ၏အမျိုးသားညီလာခံအပြီးတွင် လမ်းပြမြေပုံချမှတ်ခဲ့ပြီးသည့်နောက် အပစ်အခတ်ရပ်စဲရေးအဖွဲ့များကိုလည်း လက်နက်ဖြုတ်မည့်သတင်းများ ထွက်ပေါ်နေမှုကြောင့် လက်နက်မအပ်ချင်သော လူမျိုးစုများနှင့်စစ်အစိုးရအကြား တင်းမာမှုများရှိခဲ့ကြောင်းကိုလည်း ဦးအောင်ကျော်ဇောကပင် ဆက်လက်ပြောသွားခဲ့သည်။

စက်တင်ဘာတော်လှန်ရေးအတွင်း ရဟန်းရှင်လူပြည်သူလူထုများအား အကြမ်းဖက်နှိမ်နင်းမှုနှင့် ယခုလာရောက်မှုသည် ဆက်စပ်မှုရှိနေကြောင်းလည်း ဆက်လက်ပြောဆိုခဲ့သည်။

“လူထုကလည်း တပ်ကို တော်တော်ရွံကြတယ်ဆိုတော့ မုချပဲ။ မကြာခင်မှာ ဒီထက်ကြီးတဲ့ လှိုင်းလုံးတခုကတော့ မုချလာမှာဘဲလို့ သူတို့ယူဆပုံရတယ်။ ဒါကြောင့် မို့လို့လည်း အခု သူတို့အကြမ်းဖက်နှိမ်နင်းရေးဆိုတာ တပ်တိုင်းမှာလုပ်နေတယ်။ အခုလုံထိမ်းတပ်ရင်းရှိသမျှ (၁၉) ရင်းစလုံး ဒေသခံစစ်တပ်တွေနဲ့ ပေါင်းပြီးလုပ်နေတယ်။ အဲဒီအခြေအနေရှိနေတဲ့အထဲမှာ သူတို့ရှစ်လေးလုံးကလိုပေါ့ခင်ဗျာ။ ပြည်တွင်းမှာ မနိုင်မနင်းဖြစ်ချိန်မှာ ကျနော်တို့လက်နက်ကိုင်တပ်ဖွဲ့တွေက ဟိုမြို့ဝင်တိုက်၊ ဒီမြို့ဝင်တိုက်တဲ့ဟာမျိုးပေါ့။ နှစ်ဘက်ညှပ်ခံရမှာ သူကြောက်တယ်”ဟု ပြောဆိုခဲ့သည်။

လွန်ခဲ့သည့်ရက်ပိုင်းအတွင်းက အလားတူတွေ့ဆုံပွဲမျိုးကို တရုတ်–မြန်မာနယ်စပ်ရှိ လက်နက်ကိုင် အပစ်အခတ်ရပ်အဖွဲ့များဖြစ်သော‘ဝ’အဖွဲ့၊ ကိုးကန့်အဖွဲ့၊ ကျိုင်းတုံအခြေခံ အထူးဒေသ(၄)၊ စခုံတိန်ယိမ်းဦးဆောင်သောအဖွဲ့၊(KIA) နှင့် (SSA) မြောက်ပိုင်းအဖွဲ့၊ (KIA) ခွဲထွက်အဖွဲ့ဖြစ်သည့် မထူးနော်အဖွဲ့များနှင့်လည်း တရုတ်–မြန်မာနယ်စပ်တွင် တွေ့ဆုံခဲ့သည်ဟုသိရသည်။ ❖

## ကမ္ဘာတဝှမ်းတွင် အိတ်ချ်အိုင်ဗွီ ကူးစက်သူဦးရေ ကျဆင်းလာကြောင်း ယူအဲန်အေ့စ်ထုတ်ပြန်

နိုဝင်ဘာ (၂၁)

ကမ္ဘာတဝန်းတွင် အေအိုင်ဒီအက်စ်ရောဂါဖြစ်ပွားစေနိုင်သည့် အိတ်ချ်အိုင်ဗွီကူးစက်ပျံ့နှံ့မှုဦးရေသည် ကုလသမဂ္ဂတာဝန်ရှိသူများခန့်မှန်းခဲ့သည့်အရေအတွက်ထက် လျော့နည်းနေသည်ဟု ယူအဲန်အေ့စ် (UNAIDS) အဖွဲ့က ထုတ်ပြန်လိုက်သည်။

ယခုနှစ်တွင် အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကူးစက်သူဦးရေသည် (၃၉ ဒသမ ၅) သန်းရှိနိုင်မည်ဟု ခန့်မှန်းထားခဲ့သော်လည်း လက်တွေ့တွင် ခန့်မှန်းထားသည်ထက် (၁၆) ရာ ခိုင်နှုန်းလျော့နည်းသွားပြီး (၃၃ ဒသမ ၂) သန်းသာရှိကြောင်း ထိုကြေညာချက်တွင်ဖော် ပြထားသည်။

ဤသို့ကူးစက်ဦးရေလျော့နည်းရခြင်း၏ အဓိကအကြောင်းရင်းတခုမှာ အိန္ဒိယနိုင်ငံ၏ရောဂါဖြစ်ပွားမှုအခြေအနေကို အထူးအလေးထားသုံးသပ်မှုများပြုလုပ်ခဲ့သောကြောင့်ဖြစ်ကြောင်း ယူအဲန်အေ့စ်ကဖော်ပြသည်။ အာဖရိက်တိုက် (၅) နိုင်ငံဖြစ်သော အန်ဂိုလာ၊ ကင်ညာ၊ မိုဇမ်းဘစ်၊ နိုင်ဂျီးရီးယားနှင့် ဇင်ဘာဘွေနိုင်ငံတို့တွင်လည်း ခန့်မှန်းထားသည်ထက်လျော့နည်းသွားကြောင်း ဖော်ပြထားသည်။

၁၉၉၀ ပြည့်နှစ်နောက်ပိုင်းတွင် နှစ်စဉ်အိတ်ချ်အိုင်ဗွီကူးစက်ခံရသူ (၃) သန်းကျော်ရှိရာမှ ယခုနှစ်တွင် ကူးစက်မှုမှာ (၂ ဒသမ ၅) သန်းသာရှိပြီး အေအိုင်ဒီအက်စ်ရောဂါဖြင့်သေဆုံးသူမှာ (၂ ဒသမ ၁) သန်းရှိကြောင်းသိရသည်။ ရောဂါကူးစက်မှုအရေအတွက်ကျဆင်းသွားသော်လည်း အေအိုင်ဒီအက်စ်ရောဂါသည် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူသေနှုန်းအများဆုံးဖြစ်နေပြီး တနေ့လျှင် ယင်းရောဂါဖြင့် သေဆုံးသူ (၆,၀၀၀) ခန့်ရှိနေသေးသည်။

ယူအဲန်အေ့စ်မှ ထုတ်ပြန်ခဲ့သည့် အစီအရင်ခံစာအရ အာရှတိုက်တွင် အိတ်ချ်အိုင်ဗွီကူးစက်နေသူ (၄ ဒသမ ၉) သန်းရှိနေပြီး အရှေ့တောင်အာရှတွင် အများဆုံးဖြစ်သည်။ ကမ္ဘောဒီးယား၊ မြန်မာနှင့်ထိုင်းတို့တွင် ကူးစက်သူဦးရေကျဆင်းသွားသော်လည်း အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့တွင် ကူးစက်သူဦးရေတိုးပွားလာကြောင်း အစီအရင်ခံစာတွင် ဖော်ပြထားသည်။ ❖

# ပြင်သစ်သမတ၏ပထမဆုံးတရုတ်ပြည်ခရီးစဉ်တွင် မြန်မာနိုင်ငံအကြောင်းအလေးထားထည့်သွင်းရန် တိုက်တွန်း

နိုဝင်ဘာ (၂၆)

နိုဝင်ဘာ(၂၅) ရက်နေ့ကသွားခဲ့သော ပြင်သစ်သမတ မစ္စတာနီကိုလပ်စ်ဆာကိုဇီး၏ တရုတ်ပြည်သို့ ပထမဆုံးခရီးစဉ်တွင် တရုတ်သမတ မစ္စတာဟူကျင်းတောင်နှင့် မြန်မာနိုင်ငံကိစ္စကိုလည်း အလေးထားထည့်သွင်းဆွေးနွေးခဲ့သည်။

ယင်းသို့ဆွေးနွေးရာတွင် အိမ်နီးချင်းမြန်မာနိုင်ငံ၏ ပြောင်းလဲမှုများဖြစ်ထွန်းရေးအတွက် တရုတ်အစိုးရအနေနှင့် ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ မြန်မာ့အရေးသည် မိမိတို့အတွက် အလွန်အရေးကြီးသောကိစ္စဖြစ်ပြီး တရုတ်နိုင်ငံသည် မပါမဖြစ် အရေးပါသောကဏ္ဍတွင်ရှိကြောင်း ပြင်သစ်အစိုးရက တိုက်တွန်းပြောဆိုသည်။



ပြင်သစ်သမတ နီကိုလပ်စ်ဆာ်ကိုဇီး

နအဖစစ်အစိုးရအပေါ် ဩဇာညောင်းသည့်နိုင်ငံအဖြစ် တရုတ်နိုင်ငံကို အများကမြင်ကြသော်လည်း တရုတ်ဘက်မှ စီးပွားရေးပိတ်ဆို့ခြင်းနှင့် ဖိအားပေးခြင်းများသည် မြန်မာနိုင်ငံ၏ အမျိုးသားရင်ကြားစေ့ရေးအပေါ် အထောက်အကူဖြစ်မည်မဟုတ်ဟု ကန့်ကွက်ပြောကြားနေဆဲဖြစ်သည်။

မြန်မာ့အရေးနှင့်ပတ်သက်ပြီး ယခင်က အသံတိတ်နေခဲ့သောပြင်သစ်နိုင်ငံသည် လက်ရှိသမတဆာကိုဇီးလက်ထက်တွင် မြန်မာ့အရေးကြိုးစားဆောင်ရွက်မှုများရှိလာသည်။ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဘားနဒ်ကောချ်နာသည် အောက်တိုဘာ (၂၈) ရက်မှ နိုဝင်ဘာ (၁) ရက်နေ့အထိ စင်္ကာပူ၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့သွားရောက်ပြီး မြန်မာ့အရေးဆွေးနွေးခဲ့သေးသည်။

တရုတ်နိုင်ငံသို့မသွားမီ ပြင်သစ်သမတသည် ပြင်သစ်စာရေးဆရာ ဘားနဒ်ဟင်နရီလီဗိုင်းနှင့် ပညာရှင်တစုတွေ့ဆုံခဲ့ရာတွင် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ကိုင်နေသော ပြင်သစ်ရေနံကုမ္ပဏီတိုတယ်ကို ပါလီမန်အဆင့်စုံစမ်းစစ်ဆေးရန် တိုက်တွန်းခဲ့ကြသည်။ ထိုအတောအတွင်း ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ၏လတ်တလောမငြိမ်မသက်ဖြစ်မှုများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကိုမထိခိုက်ကြောင်း အာဆီယံညီလာခံတွင် ပြောကြားခဲ့သည်။

မစ္စတာဂမ်ဘာရီက အာဏာပိုင်များကိုမတိုင်ပင်ဘဲ ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည့်အတွက် စစ်အစိုးရအတွက် များစွာစိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည်။ သို့ဖြစ်၍ ပြင်သစ်သမတ၏ ဆောင်ရွက်မှုများသည် မည်မျှခရီးရောက်မှုရှိမည်ဆိုခြင်းကို နိုင်ငံတကာမှ စိတ်ဝင်တစားစောင့်ကြည့်နေကြသည်။ ❖

# မြန်မာစစ်အစိုးရအား ဝေဖန်ပြစ်တင်လေ့မရှိသော ဘီဂျင်းအစိုးရက ဒီမိုကရေစီပြန်လည်ထူထောင်ရေးအရှိန်မြှင့်တင်ပေးပါရန်အကြံပြု

နိုဝင်ဘာ (၁၈) ရက်။ အေပီ

၎င်းတိုက်တွန်းမှုသည် တရုတ်နိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ရီ၏ မြန်မာပြည်တွင်းနှစ်ရက်ကြာခရီးစဉ်အတွင်း မြန်မာစစ်အာဏာရှင်များအား တရားဝင်ပြောကြားခဲ့ခြင်းဖြစ်ပြီး မြန်မာ့အစိုးရက ချုပ်ကိုင်ထားသည့်သတင်းစာတွင် ထည့်သွင်းဖော်ပြထားသည်။

ထိုနှစ်ရက်တာအစည်းအဝေးအတွင်း မစ္စတာဝမ်က ယူအဲန်၏ နအဖစစ်အုပ်စုအား စေ့စပ်ဆွေးနွေးရန်ကြိုးပမ်းအားထုတ်မှုနှင့် ဒီမိုကရေစီရေးလှုပ်ရှားသူများအား ဖိနှိပ်မှုတို့အားအဖြေရှာရေး ယူအဲန်၏ဆောင်ရွက်ချက်ကို ထောက်ခံကြောင်းဖော်ပြလိုက်သည်။

ဒီမိုကရေစီဖော်ဆောင်ရေးနှင့် လူ့အခွင့်အရေးများနှင့်ပတ်သက်လျှင် နာမည်ကောင်းမရခဲ့သော ကွန်မြူနစ်နိုင်ငံ တနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးမားဆုံး ကုန်သွယ်ဘက်နိုင်ငံ တနိုင်ငံဖြစ်သည့်အပြင် နိုင်ငံရေးတွင်လည်း အဓိကကျသော မဟာမိတ်နိုင်ငံ တနိုင်ငံဖြစ်သည်။ ဘီဂျင်းသည် နိုင်ငံတကာတွင် သူတပါး၏ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေး မူဝါဒကို ရကိုင်စွဲလျှက် မြန်မာစစ်အစိုးရ၏ လုပ်ရပ်များနှင့်ပတ်သက်၍ ပွင့်ပွင့်လင်းလင်း ဝေဖန်လေ့မရှိပေ။

သို့သော် မကြာသေးမီ သီတင်းပတ်များအတွင်းက မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားဆန္ဒပြမှုများအား အကြမ်းဖက်နှိမ်နင်းခဲ့ပြီးနောက် မြန်မာ့ဒီမိုကရေစီပြန်လည်ဖော်ဆောင်ရေး အကောင်အထည်ဖော်ရန် နောက်ကွယ်မှ ဖိအားပေးတိုက်တွန်းမှုများရှိခဲ့သည်။

ထိုနည်းတူ တရုတ်နိုင်ငံသည်လည်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် မစ္စတာအီဘရာဟင်ဂမ်ဘာရီ၏ မြန်မာပြည်ခရီးစဉ်တွင် ကုလသမဂ္ဂ၏ ကြေညာချက်ကိုထောက်ခံခြင်းဖြင့် မြန်မာ့အရေးကိုကူညီရာကျသော အရေးကြီးသည့် ကူညီမှုများကိုပေးခဲ့သည်။

ဝမ်၏ခရီးစဉ်အဆုံးသတ်သော သောကြာနေ့က ကုလသမဂ္ဂ၏လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးသူ မစ္စတာပေါလိုဆာဂျီယိုပီညဲရိုး မြန်မာပြည် စက်တင်ဘာအရေးအခင်းတွင် စစ်အုပ်စုမှ လူ (၁၀) ဦးသေဆုံးသည်ဟုကြေညာခဲ့သော်လည်း မြန်မာပြည်၏ အကြီးဆုံးမြို့တော်ရန်ကုန်တွင် (၁၅) ဦး ထက်မနည်းသေဆုံးခဲ့ကြောင်း ကြေညာခဲ့သည်။

"ဒါက ရန်ကုန်တမြို့တည်းမှာပဲရှိသေးတယ်။ စစ်အစိုးရက တနိုင်ငံလုံးမှာဖြစ်ပျက်ခဲ့တဲ့ အသေအပျောက်စာရင်းတွေကိုတော့ ကျနော့်ကို ပြောမပြခဲ့ပါဘူး"ဟု ပီနဲရိုးက ပြောဆိုခဲ့သည်။

❖



## ပန်းပွင့်မယ့်ရာသီ

ညီမလေးရေ
အိမ်ပြန်လမ်းဟာ ဘယ်မလဲလို့
ထပ်ခါထပ်ခါ
မမေးပါနဲ့လား
ငါမဖြေတတ်တော့လို့ပါ ...။

လာရာလမ်း
မမှန်းနိုင်အောင်ကိုပဲ
အဲဒီမှာ ကောင်းကင်ကညှိုမှိုင်းနေရဲ့
လေထုကလည်း စိုထိုင်းနေရဲ့
ငါတို့တောမှောက်ခဲ့ကြပြီ
ငါတို့တောခြောက်ခံရပြီ ကလေးရေ ...။

သူတို့ပြောပြောနေတဲ့
ကမ္ဘာပြားပြားကြီးထဲမှာ
တို့ဘဝတွေပြားပြားမှောက်လို့
ကျော့မှာဒဏ်ရာဗလပွနဲ့
ခင်းနေရတာ သုမနဇာတ်။

သူတို့ပြောပြောနေတဲ့
ကမ္ဘာကျဉ်းကျဉ်းလေးထဲမှာ
နံ့ရုံတရပ်သာခြားလို့
ခင်းနေရတာက ကိန္နရာချောင်းခြားဇာတ်။

ဘာပဲဖြစ်ဖြစ်ပေါ့ကွယ်
မုဆိုးရာသီကုန်ဆုံးရင်
ပန်းတိုင်းဟာပွင့်ကြမယ် ...။ ။

ခင်ရင်မောင်

# မြန်မာ့မြေပေါ်မှ မြန်မာဈေးသည်များကို တရုတ်နိုင်ငံကုန်စည်စည်းကြပ်ဥပဒေသုံး၍ဖမ်းဆီးမှုများရှိ




တရုတ်–မြန်မာနယ်စပ်မြင်ကွင်း

နိုဝင်ဘာ (၁၃)

တရုတ်–မြန်မာနယ်စပ်၊ မူဆယ်မြို့တဖက်ကမ်း ကျယ်ဂေါင်မြို့နှင့်ရွှေလီမြို့များရှိ ကုန်စုံဆိုင်များတွင် စားသောက်ကုန်နှင့်ဆေးဝါးများကို တရုတ်အာဏာပိုင်များက ရောင်းချခွင့်ပိတ်ပင်ကာ ဖမ်းဆီးမှုများပြုလုပ်ကြောင်းသိရသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံထုတ် စားသောက်ကုန်များနှင့်ဆေးဝါးများကို တရုတ်ကုန်စည်စည်းကြပ်သည့်ဌာနတွင်မှတ်ပုံတင်မှသာ ရောင်းချခွင့်ရမည်ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိပါက ဖမ်းဆီးကြောင်း ရွှေလီရှိ ကုန်စုံဆိုင်ပိုင်ရှင်တဦးကပြောသည်။ ပစ္စည်းအမျိုးအမည်မှာများပြားလှသဖြင့် တခုချင်းမှတ်ပုံတင်ရန် မလွယ်ကူနိုင်ကြောင်းနှင့် ကုန်ပစ္စည်းတခုကို တကြိမ်မှတ်ပုံတင်စစ်ဆေးခံရင် တရုတ်ငွေ (၂၀၀) ကျော် မြန်မာကျပ်ငွေ (၄) သောင်းခန့်ကျပြီး လေးလတခါ၊ တနှစ်သုံးကြိမ် သွားရောက်အစစ်အဆေးခံရမည်ဖြစ်သဖြင့် မည်သို့မှတွက်ချေမကိုက်ကြောင်းကိုလည်း ၎င်းကပြောသည်။ အမွှေးတိုင်၊ ဆန်စသည်တို့မှလွဲလျှင် ကျန်ပစ္စည်းများအား အကြောင်းသိသည့်ဖောက်သည်များလောက်ကိုသာ ခိုးဝှက်ရောင်းချနေရကြောင်းလည်း သိရသည်။ လက်လီဆိုင်များအနေဖြင့်လည်း လက်ကားရောင်းချသည့်ဆိုင်ကြီးများ၏ ဆိုင်လိုင်စင်မိတ္တူနှင့် ကုန်ပစ္စည်းဝယ်ယူသည့်ပြေစာစာရွက်များကိုပြနိုင်မှသာ တရုတ်အာဏာပိုင်များက ရောင်းချခွင့်ပေးသည်ဟုလည်း ကုန်စုံဆိုင်ရှင်တဦးကပြောပြသည်။

မြန်မာပြည်ဘက်မှ ဝင်ရောက်လာသည့် မုန့်ပဲသရေစာ၊ လက်ဖက်ထုပ်၊ အချိုရည်ဘူး၊ စီးကရက်၊ တိုင်းရင်းဆေးဝါးများ၊ ငါးပိ၊ ငံပြာရည်နှင့်စားသုံးဆီစသည့်စားသောက်ကုန်ပစ္စည်းများနှင့် ထိုင်းနိုင်ငံလုပ် စားသောက်ကုန်များကို ရောင်းချခွင့်များပိတ်ပင်ထားသည်။ မကြာသေးမီရက်ပိုင်းအတွင်းက မြန်မာပြည်ဘက်မှ မောင်းဝင်လာသည့်နွားများကိုဖမ်းဆီးခြင်းနှင့် ထိုင်းနိုင်ငံထုတ်စားသုံးဆီများကိုလည်း သိမ်းယူခြင်းများလည်းရှိခဲ့သည်။ ဆန်၊ ကွမ်းနှင့်ကွမ်းယာပစ္စည်း၊ ဆေးပေါ့လိပ် စသည့်ပစ္စည်းအချို့ကိုမူ ရောင်းချခွင့်ပေးထားသဖြင့် တရုတ်အာဏာပိုင်တို့လုပ်ရပ်နှင့် လုပ်ထုံးလုပ်နည်းများကို နားမလည်နိုင်အောင်ဖြစ်ကြရသည်ဟု ဈေးသည်များကပြောကြသည်။ ထိုင်း–မြန်မာနယ်စပ် ဈေးရောင်းနေကြသူများသည် နိုင်ငံတော်အခွန်၊ ရွှေလီအခွန်၊ လုံခြုံရေးအခွန်၊ သန့်ရှင်းရေးအခွန်၊ ကျန်းမာရေးကဒ် စသည့်အခွန်အခများကို လစဉ်လတိုင်း တရုတ်ယွမ် (၄၀၀) ခန့် ပေးဆောင်နေရသည်ဟုလည်းသိရသည်။ ❖

# စပါးဈေးနှုန်းများကျဆင်းမှုကြောင့် မြန်မာလယ်သမားများအခက်တွေ့



မြန်မာလယ်သမားများအခက်တွေ့နေသော်လည်း ကုန်သည်အချို့မှာ အကျိုးအမြတ်ရလျက်ရှိ

နိုဝင်ဘာ (၁၂)

နိုင်ငံခြားသို့ စပါးတင်ပို့ခွင့်ပိတ်ပင်ထားပြီးသည့်နောက်ပိုင်းတွင် စပါးဈေးသိသိသာသာကျဆင်းလာနေခြင်းကြောင့် လယ်သမားများအနေဖြင့် အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သိရှိရသည်။

ပြီးခဲ့သည့်နှစ်အတွင်း စပါးပေါ်ချိန်တွင် ဧည့်မထအုပ်စုတွင်ပါဝင်သည့် နှံကားစပါးမျိုးသည် တင်း (၁၀၀) တွင် ကျပ် (၃) သိန်းအထက်တွင်ရှိခဲ့ပြီး ယခုနှစ်စပါးပေါ်ချိန်တွင် (၂) သိန်းခွဲအောက်တွင်သာရှိသည်။ ဓနုဖြူကဲ့သို့ မြို့များတွင် (၂) သိန်း (၁) သောင်းဈေးသာရှိကြောင်းသိရသည်။ ထိုကဲ့သို့ စပါးဈေးကျဆင်းလာသည့်အတွက် လယ်သမားများအနေဖြင့် အမြတ်သိပ်မကျန်ဟု ဧရာဝတီတိုင်း၊ ဝါးခယ်မမြို့မှ လယ်သမားတဦးအဆိုအရ သိရသည်။

စပါးတကေအတွက် ရင်းနှီးငွေ ကျပ် (၁) သိန်းခန့်ကုန်ကျပြီး ဆန်းကြမ်းတကေကို ပုံမှန် (၆၅) တင်းခန့်ထွက်သဖြင့် လက်ရှိပေါက်ဈေးဖြင့်တွက်ပါက (၆၅) တင်းကို ကျပ် (၁) သန်းခွဲခန့်သာရရှိမည်ဖြစ်သဖြင့် တကေအတွက် ကျပ် (၅) သောင်းခန့်သာ အမြတ်ရှိကြောင်း အဆိုပါတောင်သူမှ ရှင်းပြခဲ့သည်။ သို့သော် ထိုအမြတ်ငွေသည် စိုက်ပျိုးကာလ (၆) လာအတွက် ရရှိသည်ဖြစ်သဖြင့် အလွန်နည်းကြောင်းလည်း ပြောပြသည်။ ယမန်နှစ်ထက် အထွေထွေကုန်ဈေးနှုန်းများသည်လည်း ကြီးမြင့်လာသည့်အတွက် လက်ရှိရရှိသည့် ငွေပမာဏဖြင့်ဆိုလျှင် လယ်သမားမိသားစုများမှာ စီးပွားရေးအရ စားဝတ်နေရေး မပြေလည်ကြကြောင်း ရှင်းပြခဲ့သည်။

ဧရာဝတီတိုင်းအတွင်းရှိ အချို့နေရာများတွင် လယ်သမားများအနေဖြင့် မိုးစပါးမှ ရသည့်ငွေဖြင့် နွေစပါးအတွက် ပြန်လည်ရင်းနှီးရသောကြောင့် ယခုကဲ့သို့ စပါးဈေးကျဆင်းပြီး ဝင်ငွေနည်းသွားခြင်းသည် နွေစပါးစိုက်ပျိုးစရိတ် လုံလောက်မှုမရှိနိုင်တော့ကြောင်း ဒေသခံလယ်သမားတချို့မှ ပြောကြားခဲ့သည်။

စပါးထွက်ချိန်မတိုင်မီ တင်း (၁၀၀) လျှင် စပါးကျပ် (၂) သိန်းခွဲမှ (၂) သိန်း (၈) သောင်းအထိ စပါးကြိုပေးစနစ်ဖြင့် ဝယ်ယူထားသည့် စပါးလှောင်သူများ၊ ဆန်စက်ပိုင်ရှင်များနှင့် နယ်ရှိဆန်ကုန်သည်များလည်း အရှုံးပေါ်နေကြောင်းသိရသည်။

ယခုကဲ့သို့ စပါးဈေးများကျဆင်းရခြင်းသည် စစ်အစိုးရမှ နိုင်ငံခြားသို့ စပါးတင်ပို့ခွင့်ကိုပိတ်ပင်လိုက်ခြင်းကြောင့် ဆန်ကုန်သည်များအနေဖြင့် ရသည့်ဈေးဖြင့် ရောင်းချနေရခြင်းကြောင့်ဖြစ်ကြောင်း ဘုရင့်နောင်ပွဲရုံမှ ဆန်ကုန်သည်တဦးက ပြောဆိုခဲ့သည်။ သို့သော် စစ်တပ်အတွက် ရိက္ခာဝယ်ယူနေပြီး နိုင်ငံခြားသို့ ဆန်တင်ပို့ခွင့်ရထားသည့်ဆန်ကုန်သည်ကြီးများအချို့မှာ အကျိုးအမြတ်များရှိလျက်ဖြစ်သည်ဟုသိရသည်။ ❖

# မိတ္ထီလာတောင်သူတို့၏လယ်မြေများ စက်ရုံဆောက်ရန် သိမ်းဆည်းခံရ

နိုဝင်ဘာ (၁၆)

မန္တလေးတိုင်း၊ မိတ္ထီလာမြို့တွင် လယ်မြေဧက (၁,၇၀၀) နီးပါးကို စစ်တပ်ပိုင်စက်ရုံတခုတည်ဆောက်ရန် ခရိုင်ကာကွယ်ရေးဦးစီးချုပ်ရုံးကွပ်ကဲမှုအောက်ရှိ အခြေစိုက်စစ်တပ်မှ လွန်ခဲ့သည့်လက သိမ်းယူခဲ့သည်။

အောက်တိုဘာ (၁၆) ရက်နေ့က မိတ္ထီလာမြို့နယ်၊ ရှမ်းတဲတိုက်နယ်ရှိမကျည်းစု၊ ကျောင်းရွာနှင့် ရှမ်းတဲကျေးရွာအုပ်စုမှ တောင်သူ (၇၆၅) ဦးပိုင်ဆိုင်သည့် လယ်မြေဧက (၁၉၆၀) ကျော်ကို ဗိုလ်ကြီးရဲမာန်အောင်နှင့် တပ်ကြပ်ဝဏ္ဏတို့ဦးဆောင်ပြီး မြို့နယ်၊ ကျေးရွာအုပ်စုအာဏာပိုင်များက လယ်မြေများပေါ်တွင် တပ်ပိုင်စက်ရုံတည်ဆောက်ရန် သဘောတူကြောင်းနှင့် စပါးရိတ်သိမ်းပြီးလျှင် အလုပ်မဆင်းတော့ပါကြောင်းကို တောင်သူများအား လက်မှတ်ထိုးခိုင်းခဲ့သည်။

လက်မှတ်ရေးထိုးခိုင်းသည့်စာရွက်ပေါ်တွင် မိတ္ထီလာခရိုင်ကာကွယ်ရေးဦးစီးချုပ်ရုံးကွပ်ကဲမှုအောက် အနာဂတ်စက်ရုံတည်ဆောက်ရန် တောင်သူများကသဘောတူညီကြောင်း အသင့်ရေးထားသည့် ဝန်ခံချက်တွင် တောင်သူတဦးချင်းစီကို လက်မှတ်အတင်းထိုးခိုင်းသည်ဟုသိရသည်။ အကယ်၍ လက်မှတ်မထိုးပါက အရေးယူခံရမည်ဟုလည်း အာဏာပိုင်များကပြောဆိုကြောင်း သိရသည်။ ထိုလယ်များကို သိမ်းဆည်းပြီး လေတပ်နှင့်ပတ်သက်၍ တခုခုလုပ်မည်ဟုလည်း တောင်သူများနှင့်နီးစပ်သူတဦးက ပြောသည်။

စပါးရိတ်သိမ်းပြီးချိန်တွင် စက်ရုံကိုစတင်တည်ဆောက်မည်ဖြစ်ပြီး ယာခင်း များမပါဝင်ဘဲ လယ်မြေများကိုသာသိမ်းယူခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့လယ်မြေသိမ်းယူမှုကို သဘောမတူကြောင်း ကန့်ကွက်စာပေးပို့ရန် စီစဉ်နေကြောင်း မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ် အဲန်အယ်လ်ဒီအတွင်းရေးမှူး ဒေါ်မြင့်မြင့်အေးက ပြောဆိုခဲ့သည်။

အဓမ္မလယ်မြေသိမ်းမှုနှင့်ပတ်သက်၍ ဒေါ်မြင့်မြင့်အေးက "ဒါတွေက ဖြစ်ကို မဖြစ်သင့်တာ။ စိုက်ပျိုးရေးတိုင်းပြည်ဆိုတော့ တောင်သူတွေကိုဦးစားပေးရမှာပဲ။ သူတို့က စိုက်ပျိုးရေးကို ဖွံ့ဖြိုးအောင်လုပ်နေပါတယ်ဆိုပြီးပြောတယ်လေ။ လယ်မြေတွေကို အခုလိုအတင်းသိမ်းတဲ့အတွက် တအားနစ်နာတယ်။ အစိုးရလည်းနစ်နာတယ်။ လူထုရောတိုင်းပြည်ပါနစ်နာတယ်။ သိမ်းလိုက်ပြီဆိုရင် ဘာလုပ်စားရတော့မှာလဲ။ လူတွေကို သတ်တာနဲ့အတူတူပါပဲ။ တခုခုတော့ တာဝန်ယူလုပ်ပေးရမှာပေါ့"ဟု ပြောဆိုခဲ့သည်။

လယ်မြေအသိမ်းခံရသည့်အတွက် ဝက်ပုတ်ကုန်းမှ တောင်သူ (၂၁၀) ဦး၊ ၆၀၆ ကန်နီမှ (၂၇) ဦး၊ ၆၀၈ ကန်ဆွယ်မှ (၁၂၈) ဦး၊ ၆၀၉ ကန်ဆွယ်မှ (၇၃) ဦး၊ ၆၁၀ ကျောင်းရွာမှ (၁၂၀) ဦး၊ ၆၂၀ ကျောင်းရွာမှ (၄၁) ဦးနှင့် ကွင်းအမှတ် ၆၂၁ ကျောင်းရွာမှ (၁၆၆) ဦး၊ စုစုပေါင်း အလုပ်လက်မဲ့၊ မြေမဲ့လယ်သမား (၇၆၅) ယောက်ရှိလာသည်။

❖

## ကိုတိုးလွင်နှင့် အင်တာဗျူးမှ ...

ထိုးနေရတာကိုး။ ဘက်နှစ်ဘက်မှာ တဘက်ဘက်ကို ပြတ်ပြတ်သားသားရပ်ဖို့ပဲရှိပါတယ်။ တွေဝေနေလို့မရပါဘူး။ ပုဂ္ဂိုလ်ရေးအားပြိုင်မှုတွေ၊ မာန်မာနတွေကိုလျှော့ကြရပါတယ်။ ဒီမိုကရေစီအင်အားစုတွေကြားမှာ မကျေနပ်မှုတွေ၊ မပြေလည်မှုတွေ ဘယ်လိုပဲရှိရှိ၊ လူထုမျက်နှာကိုထောက်ပြီး လျှော့သင့်တာလျှော့ပြီး ညီညွတ်ရပါတယ်။

ဒီအပြင်ဖက်မှာတော့ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်မှုမရှိဘူး။ စစ်အာဏာရှင်တွေရဲ့နှိပ်ကွပ်မှုဝေးနေလို့ အဖွဲ့အစည်းတွေရဲ့ကြား ညီညွတ်မှုအားနည်းနေတယ်လို့ထင်တယ်။ သို့သော်လည်း အတွင်းဘက်မှာ လုပ်လို့မရတဲ့ကိစ္စတွေ၊ အပြင်ဘက်မှာလုပ်လို့ရတာတွေရှိတယ်။ နအဖရဲ့ မျက်စေ့အောက်မှာ တိုင်းရင်းသားညီအကိုတတွေရဲ့ တွေ့ဆုံညှိနှိုင်းမှုတွေဟာ ခက်ခဲသလို၊ ပြဿနာလည်းရှိတယ်။ အဓိကပွင့်လင်းစွာ ဆွေးနွေးနိုင်မှုကို နအဖက ဘယ်တော့မှမပေးဘူး။ ဒီဘက်မှာက တိုင်းရင်းသားညီအကိုတွေရဲ့ညီညွတ်မှု၊ ဆွေးနွေးတိုင်ပင်မှုတွေကို လှုပ်ယှက်ထကြွားမှာပဲဖြစ်ဖြစ်၊ ခေါင်းဆောင်ပိုင်းမှာပဲဖြစ်ဖြစ် အမြဲ လုပ်နိုင်ပါတယ်။

အတွင်းဘက်မှာပဲဖြစ်ဖြစ် အပြင်ဘက်မှာပဲဖြစ်ဖြစ် နအဖကို ရေဆုံးရေဖျား ယှဉ်ပြိုင်အနိုင်ယူမယ့် ခိုင်ခိုင်မာမာဦးဆောင်မှုတရပ်ကို ထူထောင်နိုင်ဖို့လိုအပ်ပါတယ်။

❖

## မိုးဇက် ၏ ဘာသာပြန်ဆောင်းပါးမှ ....

သည်။ ၁၉၈၅၊ စက်တင်ဘာ (၂) ရက်နေ့ထုတ် Beijing Review တွင် Pan Qi ဆက်သွယ်ရေးဒုဝန်ကြီးဟောင်းက "Opening to the South-west: An Expert Opinion" ခေါင်းစဉ်ဖြင့် ဆောင်းပါးတခုရေးသားခဲ့သည်။ ထိုဆောင်းပါး၌ အိန္ဒိယသမုဒ္ဒရာကိုဖြတ်လျှက် တရုတ်နိုင်ငံ၏ပြည်နယ်များဖြစ်သော Yunnan နှင့် Sichuan တို့မှ မြန်မာပြည်နှင့် ကွန်သွယ်ကူးလူးဆက်ဆံနိုင်မှုအကြောင်း အကြံပြုရေးသားဖော်ပြထားဖူးသည်။ မြန်မာနိုင်ငံအရှေ့မြောက်ပိုင်းတွင် မြစ်ကြီးနားနှင့် လားရှိုးမီးရထားလမ်းတို့နှင့် ဧရာဝတီမြစ်သည် တရုတ်ပြည်မှ မြန်မာနိုင်ငံသို့ ကုန်ပစ္စည်းပို့မှုများအတွက် အထူးဆက်သွယ်ရေးလမ်းကြောင်းကြီးများဖြစ်သည်ဟုလည်း ၎င်းကဖော်ပြထားသည်။

၁၉၈၁ နှောင်းပိုင်းကာလများ၌ တရုတ်ပညာရှင်များသည် နှစ်ကာလကြာရှည်စွာ ချို့ယွင်းနေသောမော်တော်ကားလမ်းများ၊ မီးရထားလမ်းများကိုခိုင်ခံ့သပ်ရပ်အောင် ပြုပြင်ရေးစီမံကိန်းတွင် ကူညီထောက်ပံ့ပေးခဲ့သည်။ ၁၉၅၀ ခုနှစ်များ၌ မြန်မာနိုင်ငံတွင် ဩစတြေးလျမှ မြန်မာနိုင်ငံတွင် စစ်သင်တန်းများ ကူညီပို့ချပေးစဉ်ကာလကလည်း တရုတ်စစ်ဘက်ဆိုင်ရာ အကြံပေးအရာရှိများ ရောက်ရှိလာခဲ့ပြီး မြန်မာနိုင်ငံကို စစ်ရေးအကြံပေးမည်ဟူသောအကြောင်းပြချက်ဖြင့် ပထမဆုံး နိုင်ငံခြားစစ်တပ်ကို မြန်မာနိုင်ငံ၌ တပ်စွဲအခြေကုပ်ယူလာခဲ့ဖူးသည်။ မြန်မာနိုင်ငံသို့ရောက်ရှိလာသော တရုတ်စစ်လက်နက်များ၏စုစုပေါင်းတန်ဖိုးမှာ အတိအကျမသိသော်လည်း ထောက်လှမ်းရရှိသောသတင်းအချက်အလက်ရ ခန့်မှန်းတန်ဖိုးမှာ ဒေါ်လာ (၁၄) သန်းမျှရှိသည်။

မြန်မာနှင့် တရုတ်ရင်းနှီးချစ်ကြည်မှုသည် အိန္ဒိယအတွက် စိုးရိမ်မကင်းဖြစ်လာသည်။ တရုတ်၏လွှမ်းမိုးမှုကို ဆန့်ကျင်တုံ့ပြန်နိုင်ရန် ပထမဦးစွာ အိန္ဒိယသည် မြန်မာ့ဒီမိုကရေစီလှုပ်ရှားမှုများကို အားပေးထောက်ခံခဲ့သည်။ သို့သော် မြန်မာနိုင်ငံ၏ ဒီမိုကရေစီတိုးတက်ဖြစ်ထွန်းရေးအပေါ် သံသယဖြစ်လာသောအိန္ဒိယနိုင်ငံသည် စစ်အစိုးရကို တရုတ်နှင့်ပြိုင်ဆိုင်ဖို့အရေး စတင်မျက်နှာချိုသွေးလာခဲ့သည်။ မြန်မာနိုင်ငံသည် သယံဇာတများအပြင် သဘာဝဓာတ်ငွေ့များလည်း ပေါကြွယ်ဝသောကြောင့် အရှိန်မြင့်စွာတိုးချဲ့နေသာ အိန္ဒိယစီးပွားရေးတွင်ထိုအရင်းအမြစ်များသည် တရုတ်နှင့်ယှဉ်ပြိုင်အနိုင်ယူလောက်ရုံအတွက်သာမက ကမ္ဘာ့စီးပွားရေးဈေးကွက်တွင်လည်း မက်လုံးများရှိနေသည်။

လက်ရှိ ဝရုံးသုန်းကားအခြေအနေတွင် တရုတ်သည် မြန်မာ့အရေးကို ကြားဝင်ဖြေရှင်းရေးကိစ္စအတွက် လုံခြုံရေးကောင်စီ၏ ကြိုးပမ်းမှုတောင်းဆိုမှုကို ခေါင်းရှောင်နေသည်။ စက်တင်ဘာ (၂၆) က အိန္ဒိယအစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ပုဂ္ဂိုလ်တဦးက "ကျွန်ုပ်တို့သည် မြန်မာနိုင်ငံ၏အခြေအနေကို အမြဲစိုးရိမ်ပူပန်ပြီး မြန်မာနိုင်ငံတွင် တွေ့ကြုံနေရသော အကြပ်အတည်းအခက်အခဲမှန်သမျှကို ဒိုင်ယာလော့ဒ်များမှတဆင့် ငြိမ်းချမ်းစွာ ဆွေးနွေးဖြေရှင်းပေးနိုင်ရန်ကိစ္စမှာ ကျွန်ုပ်တို့၏အဓိကဆန္ဒ၊ မျှော်လင့်ချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးနှင့် အမျိုးသားပြန်လည်သွယ်ညှိနှိုင်းရေးမှာ ပို၍ အခြေခံခိုင်မာကျယ်ပြန့်၍ ထဲထဲဝင်ဝင်ရှိသင့်သည်"ဟူသော ခပ်ပေ့ါပေ့ါ ကြေညာချက်တခုကို ထုတ်ပြန်ခဲ့သည်။

ထို့ကြောင့် မြန်မာစစ်ဗိုလ်ချုပ်များသည် အနောက်နိုင်ငံများမှ ပြစ်တင်ရှုံ့ချမှုများကို သိပ်ဂရုမစိုက်တော့ဘဲ အာဏာတည်မြဲရေး၌သာ ကုတ်ကပ်တွယ်နေသည်။ သို့သော် သူတို့၏ ရာထူးနေရာများမှာ လုံးဝလုံခြုံစိတ်ချရသည်ဟု မဆိုနိုင်ပါ။ နောက်ဆုံးတွင် မြောက်များစွာသောလူထု၏ စက်ဆုပ်ရွံရှာမှုများသာ သူတို့အပေါ်တွင်ကျန်နေခဲ့ပြီး လှုပ်ရှားဆန္ဒပြမှုအသစ်များ ထပ်မံပေါ်ပေါက်လာခဲ့သည်။ ထိုလှုပ်ရှားမှုတွင် ရှစ်လေးလုံးအရေးအခင်းမှ ဝါရင့်နိုင်ငံရေးသမားများ၊ အထင်ရှားဆုံးဖြစ်သော ၁၉၈၉၊ မတ်မှ ၂၀၀၅ နိုဝင်ဘာအထိ (၁၆) နှစ်ကြာ တဦးတည်းအကျဉ်းချခံရသော ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်တို့ပါဝင်သည်။ ၁၉၈၈ တွင် သူသည် (၂၆) နှစ်အရွယ် သတ္တဗေဒကျောင်းသားဖြစ်ပြီး၊ ရန်ကုန်တွင် ထောင်ပေါင်းများစွာသော လူအုပ်ကို မိန့်ခွန်းပြောခဲ့သည်။ သူပြန်လွတ်လာသောအခါ အသက် (၄၂) နှစ်ဖြစ်နေပြီး ထောင်ထဲတွင်ရခဲ့သော ဒဏ်ရာများမှာ မျက်နှာနှင့်ကိုယ်ပေါ်တွင် ထင်ကျန်ဆဲဖြစ်သည်။ ၂၀၀၅ ခုနှစ်တွင် သူသည် အိုမင်းရင့်ရော်နေပြီး မျက်တွင်းများကျနေသည်။ သို့သော် သူ၏ အတိုက်အခံစိတ်ဓာတ်မှာ ရှင်သန်နေဆဲဖြစ်သည်။ "မြန်မာပြည်သူလူထုသည် မတရားမှုများအတွက် ဆန့်ကျင်ရဲရမည်။ အမှန်တရားအတွက် ထောက်ခံရဲရမည်– အမှားကို မှားသည်ဟုပြောရဲ၊ အမှန်ကို မှန်သည်ဟု ပြောရဲရမည်။"ဟု ၂၀၀၆ ခုနှစ်၊ ဩဂုတ်လက ဖွဲ့စည်းတည်ထောင်သော (၈၈) မျိုးဆက်ကျောင်းသားများအဖွဲ့၏ အစည်းအဝေးတွင်ပြောကြားခဲ့သည်။

မင်းကိုနိုင်အုပ်စုသည် ဩဂုတ်လတွင်ဖြစ်ပွားသော ပထမဆုံးဆန္ဒပြမှုများ၌ စည်းရုံးစုစည်းရာတွင် အရေးကြီးသော စည်းရုံးရေးကဏ္ဍများကို လှုပ်ရှားဆောင်ရွက်ခဲ့သည်။ ထိုဆန္ဒပြမှုများသည် အာဏာပိုင်များက ဓာတ်ဆီနှင့် လောင်စာဆီဈေးမြှင့်တင်လိုက်ခြင်းကြောင့် မူလကတည်းက စားဝတ်နေရေးကြပ်တည်းနေသော ပြည်သူလူထုအပေါ် ပိုမိုကြမ်းတမ်းသောဆင်းရဲဒုက္ခများ ကျရောက်လာခြင်းကိုအခြေပြု၍ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သို့သော် ထိုအုပ်စု၏ ခေါင်းဆောင်မှုပိုင်းတခုလုံးသည် ဆန္ဒပြလှုပ်ရှားမှုအစပိုင်းမှာတွင်ပင် ပိတ်ပင်ခံရပြီး ချက်ချင်းအဖမ်းခံလိုက်ရသည်။ ထိုနောက် သံဃာတော်များပါ ပူးပေါင်းပါဝင်လာကာ လှုပ်ရှားမှုအသစ်ဖြစ်သော လမ်းလျှောက်ချီတက်ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်လာခဲ့သည်။ သံဃာတော်များသည် နိုင်ငံရေးခေါင်းဆောင်များမဟုတ်ကြသည့်အတွက် လူထုကို စည်းရုံးလှုံ့ဆော်ပေးနိုင်ရုံနှင့် စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးနိုင်ရုံသာ တတ်နိုင်သည်။ သို့ဖြစ်၍ ရှစ်လေးလုံးတုန်းကနှင့်မတူသည့်အချက်မှာ ရှစ်လေးလုံးအရေးအခင်းဖြစ်စဉ်၌ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားသော နိုင်ငံရေးခေါင်းဆောင်များပါပါဝင်ထွက်ပေါ်လှုပ်ရှားနိုင်ခဲ့ကြသော်လည်း ယခုလှုပ်ရှားမှုဖြစ်စဉ်၌မူ မည်သည့်နိုင်ငံရေးခေါင်းဆောင်တဦးတယောက်၏ ဦးဆောင်ထိန်းကွပ်မှုမျှမပါဘဲ ဆန္ဒဖော်ထုတ်ပြသ လမ်းလျှောက်သပိတ်မှောက်ကြခြင်းဖြစ်သည်။

ခါးသီးနားကြည်းဖွယ်ကောင်းသော လက်တွေ့အခြေအနေကို သုံးသပ်ကြည့်မည်ဆိုလျှင် မကျေနပ်ချက်များတွက် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပြသလိုသော ပြည်သူလူထုကို လက်နက်အားကိုးနှင့် ပစ်ခတ်ခြိမ်းခြောက်လိုသော စစ်အစိုးရဆက်လက်တည်ရှိနေသရွေ့ မြန်မာနိုင်ငံသည် ဘာမှကောင်းမွန်သော တိုးတက်ပြောင်းလဲခြင်းများဖြစ်လာမည်မဟုတ်ချေ။ ဒီမိုကရေစီဖော်ဆောင်ရေးသမားများ၊ အတိုက်အခံနိုင်ငံရေးသမားများနှင့် ညှိနှိုင်းဆွေးနွေးရန်လိုအပ်သည်ဟု သိမြင်နားလည်ကြသော မျိုးဆက်သစ်လူငယ် စစ်မှုထမ်းအရာရှိများသာလျှင် မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် မျှော်လင့်ချက်တခုဖြစ်သည်။ သို့သော် ယခုမူ ထိုအမြင်ရှိသော မျိုးဆက်သစ် လူငယ်စစ်အရာရှိတို့မှာလည်း ၎င်းတို့၏ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသင့်သည်ဟူသော သဘောထားကို တယောက်မျှ ပွင့်လင်းစွာဖော်ပြရဲပုံ မပေါ်ချေ။ စစ်တပ်အတွင်းတွင်လည်း ထိုအမြင်မျိုးနှင့်ပတ်သက်၍ သိသိသာသာ သဘောထားကွဲလွဲပုံလည်း မတွေ့ရပေ။ သို့သော် မြန်မာနိုင်ငံတွင်ပြောင်းလဲမှုတစုံတရာဖြစ်ပေါ်လာမည်ဆိုပါက ထိုပြောင်းလဲမှုဖြစ်စဉ်များသည် စစ်မှုထမ်းအရာရှိ လူငယ်များ၏ဆောင်ရွက်မှုကြောင့်သာဖြစ်နိုင်ပြီး သံဃာတော်များဦးဆောင်သော ဆန္ဒပြမှုများကြောင့် ဖြစ်နိုင်ချေမရှိပေ။ မြန်မာပြည်တွင်း ဆန္ဒပြမှုများသည် စစ်ဌာနခွဲများအပေါ် လွှမ်းမိုးမှုတစုံတရာရှိစေနိုင်သည်ဟုတော့ မျှော်လင့်ရပါသည်။ လက်ရှိစစ်အစိုးရကို ထောက်ခံအားပေးမည့်အနာဂတ် မရှိဟူသော အချက်ကို ၎င်းတို့သတိပြုမိနိုင်ပေလိမ့်မည်ဖြစ်သည်။ သို့သော် အချိန်ကာလသည်သာလျှင် ရှေ့ဘာဆက်ဖြစ်မည်ဆိုတာ အဆုံးအဖြတ်ပေးနိုင်ပေလိမ့်မည်ဖြစ်ပေသတည်း ....။ ။

၂၀၀၇ အောက်တိုဘာလထုတ် Far Eastern Economic Review ဂျာနယ်၏ မျက်နှာဖုံးသတင်းဖြစ်သော Bertil Lintner ၏ Burma way to Fasciam အား မိုးဇက်မှ ဆီလျော်အောင် ဘာသာပြန်ဆိုပါသည်။ ❖

# နအဖရဲ့ ရှေ့ခြေလှမ်းကိုရိုက်ချိုးဖို့ပြင်ကြစို့...



ဗညြ

နအဖဟာ ဒီနယ်ပယ်မှာ သန်းခေါင်ထက်ညဥ့်မနက်ဘူးလို့တွက်ထား ပြီးဖြစ်တယ်။ သူတို့မှာ လိမ္မာထိရောက်တဲ့ သံတမာန်ရေးလှုပ်ရှားမှုပြုလုပ်နိုင်စွမ်းမရှိတော့တာကြာပြီပဲ။ နွားပေနွားကတ်လိုတုတ်တောင်းနေတာဖြစ်တယ်လို့ပြောရင်ရမယ်။ အဲဒီတုတ်ချက်လောက်ကိုတော့ စစ်ဗိုလ်ချုပ်တွေက မမှုဘူးလုပ်နေကြတယ် ...။

ဒီတခါ အာစီယံမှာ နအဖတုံးကျော်သွားတာလား။ သက်ပြင်းချနိုင်သွားသလား။

ဒါဆွေးနွေးစရာ၊ ငြင်းခုံစရာဖြစ်ကောင်းဖြစ်မယ်။ ဒါပေမဲ့ တကယ်တော့ ဒီအစည်းအဝေးကရလာဒ်ဟာ ဘာကြီးပဲဖြစ်နေနေ ဗမာပြည်ပြည်သူတွေအတွက်၊ အထူးသဖြင့် စစ်အာဏာရှင်စနစ်ဖယ်ရှားရေးအတွက် သိပ်ပြီးအရေးမပါပါဘူး။ နအဖကို နိုင်ငံတကာအသိုင်းအဝိုင်းအလယ်မှာ သိက္ခာချနိုင်တာကလွဲလို့ သိပ်အရေးပါ ထိရောက်တာမဟုတ်ဘူး။ အဲဒီမှာ ဘာပဲဆုံးဖြတ်၊ ဆုံးဖြတ် နအဖက ဂရုမစိုက်တာသေချာတယ်။ သံတမန်ရေးရာနဲ့ နိုင်ငံတကာဆက်ဆံရေးအပိုင်းကို နအဖအစိုးရက နကမ္ဘတိ လုပ်ထားရတာကြာပြီ။ ဂမ်ဘာရီနဲ့ ပီညဲရိုးတို့အပေါ် ဆက်ဆံပြနေပုံတွေဟာ ကုလသမဂ္ဂနဲ့ အိုင်အယ်လ်အိုကိုတောင် ဂရုမစိုက်ဘူးလို့ ပြောနေတာဖြစ်တယ်။ နောက်ပြီး ဂမ်ဘာရီရဲ့ လှုပ်ရှားမှုကို တရုတ်နဲ့အိန္ဒိယတို့က ထောက်ခံထားတယ်ဆိုတာလည်း သူတို့ မသိတာမဟုတ်ဘူး။ နအဖဟာ ဒီနယ်ပယ်မှာ သန်းခေါင်ထက်ညဥ့်မနက်ဘူးလို့ တွက်ထားပြီးဖြစ်တယ်။ သူတို့မှာ လိမ္မာထိရောက်တဲ့ သံတမာန်ရေးလှုပ်ရှားမှု ပြုလုပ်နိုင်စွမ်းမရှိတော့တာကြာပြီပဲ။ နွားပေနွားကတ်လို တုတ်တောင်းနေတာဖြစ်တယ်လို့ ပြောရင်ရမယ်။ အဲဒီတုတ်ချက်လောက်ကိုတော့ စစ်ဗိုလ်ချုပ်တွေက မမှုဘူးလုပ်နေကြတယ်။

ပြီးခဲ့တဲ့စက်တင်ဘာ သံဃာ့အရေးအခင်းကြီးက ရှင်းရှင်းလင်းလင်းပြသလိုက်တဲ့ အချက်တချက်ကတော့ နအဖတကယ်ကြောက်တာ၊ သူတို့ကို တကယ်ကိုင်လှုပ်နိုင်တာဟာ ပြည်တွင်းက ပြည်သူတွေရဲ့အုံကြွမှုသာဖြစ်တယ်ဆိုတာပဲ။ သူတို့တတွေ အခုထက်ထိ အရေးအခင်းရဲ့ကျိန်စာကတော့ မလွတ်နိုင်သေးဘူးဆိုတာအဘက်ဘက်မှာ အထင်အရှားတွေ့နေရတယ်။ အခုထက် ထိ လူတွေကိုလိုက်ရှာဖမ်းဆီးနေတာဟာ၊ နယ်ပယ်ပေါင်းစုံမှာ ဆင်ဆာအမျိုးမျိုးလုပ်နေတာ စတာတွေဟာ သူတို့စိုးရိမ် ထိတ်လန့်နေတုန်းပဲဆိုတာကိုပြတာဖြစ်တယ်။ နအဖအဖို့ ငြိမ်းအဖွဲ့တွေအပေါ် မီးမသေလှဘူးဆိုတာလည်း သူခြေတလှမ်း လှမ်းတိုင်းတွေ့နေရတယ်။ တချို့အဖွဲ့ဟာဆိုရင် စစ်အစိုးရကလုပ်ခိုင်းသမျှကို ဆန့်ကျင်နေတဲ့ သဘောမျိုးတောင် တွေ့လာနေရပြီ။ သူတို့ချင်း ထိပ်တိုက်တွေ့မှာကို ရှောင်ဖို့ကြိုးစားလို့ရပါဦးမလားဆိုတာတောင်မှ တွေးစရာဖြစ်လာနေတယ်။ နိုဝင်ဘာလ (၂၂) ရက်နေ့က ကေအိုင်အေစခန်းကို သိမ်းတာကိုထောက်ရင် နအဖက သူတို့အပေါ်မှာ စစ်ရေးအရကိုပဲ စပြီးဖိအားပေးလာနေပြီဆိုတာသေချာတယ်။

ဒီလိုအနေအထားမှာ ပြည်တွင်းကဆန့်ကျင်မှုကိုသာ တကယ်လန့်သူဖြစ်တဲ့ နအဖဟာ သူ့တပ်တွင်းကတုန့်ပြန်မှုကို အဓိကထားကြည့်နေတယ်။ တပ်ဟာသူတို့ထင်သလို ခိုင်းလို့ရမရဆိုတာနဲ့ အခြေအနေတွေနဲ့ သူတို့ဆက်ပြီးအုပ်စိုးလို့ ရမရဆိုတာကို သုံးသပ်တာပါ။ အခုတလောလေးမှာပဲ တပ်ထိပ်ပိုင်းမှာ နေရာတွေ၊ ရာထူးတွေ ခွဲတမ်းချဝေခြမ်းပြီးတဲ့နောက် သူတို့ကိုယ်သူတို့ အတော်စိတ်ချသွားဟန်တူတယ်။ ဒါကြောင့် ဗိုလ်သန်းရွှေရဲ့ကြွေးဖွတ်တွေကိုပြောတဲ့မိန့်ခွန်းမှာ သူ့ကိုယ်သူ အတော်ယုံကြည်မှုရှိတဲ့ လေသံတွေ ပါနေတာဖြစ်တယ်။

ဘယ်အခမ်းအနားမှာပဲဖြစ်ဖြစ်၊ ဘယ်ပြည်ပခေါင်းဆောင်နဲ့တွေ့ရာမှာပဲဖြစ်ဖြစ်၊ နအဖက တိုင်းပြည်အခြေအနေတည်ငြိမ်နေပါတယ်လို့ပြောနေတာဟာ သူ့တပ်ကို သူပိုင်တယ်လို့ ယူဆပြီးပြောနေတာသာဖြစ်တယ်။ သူတို့ပြောတိုင်းမှာ တိုင်းပြည်အခြေအနေတည် ငြိမ်တယ်၊ သူတို့ရဲ့လမ်းပြမြေပုံအတိုင်း ဆက်လုပ်မယ်ဆိုတာ အမြဲပါတယ်ဆိုတာ သတိထားမိစရာပဲ။ ဒါတွေက ပြနေတာကတော့ နအဖအနေနဲ့ လမ်းပြမြေပုံရဲ့ အဆင့်လေးကို မဖြစ်မနေလုပ်တော့မယ်ဆိုတာပဲ။

နအဖဟာ ဘာကြောင့်မို့ ဒီဆန္ဒခံယူပွဲဆိုတဲ့အဆင့်လေးကို အင်မတန်စိတ်ထက်သန်နေရတာလဲ။ သေချာတာက သူတို့အစီအစဥ်အတိုင်းသာ ဆန္ဒခံယူပွဲလုပ်နိုင်မယ်ဆိုရင် သူတို့အနေနဲ့ ထောက်ခံမဲ (၁၀၅) ရာခိုင်နှုန်းတောင် ရအောင်လုပ်နိုင်တယ်ဆိုတာ ဘာမှသံသယရှိစရာမလိုဘူး။ သူတို့ပြချင်တဲ့ကိန်းဂဏန်းကို ပြလို့ရအောင်လုပ်နိုင်တယ်။ ၁၉၇၄ ခုနှစ်တုန်းက ဗိုလ်နေဝင်းလုပ်ခဲ့တာနဲ့ တလောက ပါကစ္စတန်က စစ်အာဏာရှင်မူရှာရဖ် လုပ်ပြသွားတာတွေကိုပဲကြည့်တော့။

တကယ်က နအဖ အခုလုပ်နေ၊ ပြောနေတာတွေမှန်သမျှဟာ တခုမှမျက်စိလည်စရာမရှိဘူး။ အင်မတန်ရှင်းနေတာတွေမို့ အတိုက်အခံတွေအကြားမှာ ဘာမှအငြင်းမပွားကြဘူး။ နအဖအလိုတော်ရိတွေတောင်မှ အသံမထွက်ကြဘူး။ (သူတို့ကို နအဖက ပါးစပ်ပိတ်ခိုင်းထားလို့လည်း ဖြစ်ကောင်းဖြစ်မယ်)။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဗိုလ်အောင်ကြည် စကားပြောတယ်ဆိုတဲ့ လုပ်ဇာတ်ဟာလည်း ဒေါ်အောင်ဆန်းစုကြည်ကို မဗေဒါရေခပ်ခိုင်းသလိုလုပ်ထားတာ ဖြစ်တယ်ဆိုတာကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်မပြောနဲ့ သာမာန်လူထုတောင်သိတယ်။

ဒီတော့ အတိုက်အခံတွေ၊ အထူးသဖြင့် မြေအောက်လုပ်ငန်းလုပ်နေသူတွေဟာ အဲဒီလမ်းပြမြေပုံအဆင့်လေးလုပ်လာမှာအတွက် အခုကတည်းက စဥ်းစားပြင်ဆင်တာတွေ လုပ်သင့်တယ်။ အာဏာရှိတဲ့လူနဲ့၊ မရှိတဲ့လူနဲ့ တူတာမဟုတ်ဘူး။ အာဏာရှိတဲ့ လူက လုပ်ချင်ရင် မြန်တယ်။ အချိန်ဆိုတာကလည်း ကုန်မှန်းမသိကုန်သွားတတ်တယ်။ ပြီးခဲ့တဲ့ သံဃာ့အရေးအခင်းကြီးတုန်းက ကိုယ်က နောက်ကလိုက်ရတာမျိုး ဖြစ်ခဲ့ကြတယ်မဟုတ်လား။

ပြီးခဲ့တဲ့သံဃာ့အရေးအခင်းကြီးကို ပြန်ပြီးသုံးသပ်၊ နိဂုံးချုပ်ပြီးရှေ့လုပ်စရာတွေ ချမှတ်ကြသင့်ပြီ။ ဒါကို ပါဝင်လှုပ်ရှားခဲ့သူတွေက အဓိကလုပ်သင့်တယ်။ ဘာဖြစ်လို့ ဒီရေလှိုင်းလုံးတွေလို ဗုန်းစားကြီးပေါ်ပေါက်လာသလဲ။ ဘာဖြစ်လို့ တုံးတိပြတ်တောက်သွားရသလဲ။ နအဖ တကယ်လန့်တာဘာလဲ။ သူ့တပ်တွင်းကို ဘယ်လိုဂယက်ရိုက်ခဲ့သလဲ စတာတွေကို ကိုယ်ဖြစ်စေချင်တာ၊ ကိုယ့်ဆန္ဒအစွဲမပါပဲ သေသေချာချာ သုံးသပ်သင့်တယ်။

အဲဒီကနေ ဘယ်လိုတိုက်ပွဲပုံစံတွေ ကျင့်သုံးလို့ရမလဲ၊ ကျင့်သုံးရင်ကောင်းမလဲ စတာတွေကိုလည်း သုံးသပ်၊ ဆုံးဖြတ်သင့်ပြီ။ ပြီးရင် ပြင်ဆင်ရမယ်။ ဒီတိုင်းပြည်မှာက ဘယ်သူကပဲဖြစ်ဖြစ်၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဘယ်ပုံစံနဲ့ဖြစ်ဖြစ် ဒီနအဖစစ်ဗိုလ်တွေကို ဆန့်ကျင်ဆန္ဒပြတယ်ဆိုတာ တရားတာ၊ မှန်တာချည်းပဲ၊ ထောက်ခံရမှာချည်းပဲ။ ဒါကြောင့် ဒါမျိုးဟာ အချိန်မရွေးပေါ်ပေါက်လာနိုင်တယ်။

ကိုယ့်ဘက်က ပြင်ဆင်မှုမရှိဘဲ တိုက်ရတယ်ဆိုတာမျိုးမဖြစ်ရင်အကောင်းဆုံးပဲ။

ဗညြ

❖

Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မှထုတ်ဝေဖြန့်ချိသည်။

**အယ်ဒီတာချုပ်**
ဇော်ဝင်းဖိုး

**တာဝန်ခံအယ်ဒီတာ**
ခွာညို

**သတင်းအယ်ဒီတာ**
အောင်ဖုန်းမြင့်

**အလုပ်သင်အယ်ဒီတာ**
ဇွဲပိုင်ဝင်း

စာမျက်နှာဖွဲ့စည်းမှု
အောင်ထက် ၊ သန်းဇော်

မိုးကြိုးသတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်သည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
www.binamojo.org
admin@binamojo.org

ပြည်တွင်းလှုပ်ရှားမှု ဓာတ်ပုံများကို
အသုံးပြုခွင့်ပေးခဲ့သော
နိုင်ငံရေးအကျဉ်းသားများ
ကူညီစောင့်ရှောက်ရေးအသင်း
(မြန်မာနိုင်ငံ)
တို့အား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။

အယ်ဒီတာအဖွဲ့

**- ကိုယ့်အခွင့်အရေးအတွက် ကိုယ်တိုင်တိုက်ပွဲဝင်ကြ။**

**- ကောင်းတဲ့ကိစ္စ၊ တရားတဲ့ကိစ္စမှန်သမျှ ရဲရဲလုပ်ကြ။**

**- မတရားတဲ့အမိန့် အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ။**

# ဗိုလ်မှူးချုပ်ဟောင်း ကျော်ဇော၏ (၈၈) နှစ်မြောက်မွေးနေ့တွင် ပြည်သူသို့ နှုတ်ခွန်းဆက်စကား


ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော

ကျနော် ဒီနေ့အသက် (၈၈) နှစ်ပြည့်ပါပြီ။ ဒီနေ့မှာပဲ အမှတ်တရအနေနဲ့ ကျနော် ပြည်သူများကို စကားအနည်းငယ် ပြောကြားလိုပါတယ်။ ပထမဆုံးအနေနဲ့ ကျနော်ချစ်မြတ်နိုးလှတဲ့ ပြည်သူအပေါင်းကို အားပေးစကား၊ ထောက်ခံစကား ပြောကြားလိုပါတယ်။ ကျနော်တို့ပြည်သူတွေ စွန့်လွှတ်မှုကြီးစွာ၊ သူရသတ္တိကြီးမားစွာ၊ ဇွဲနပဲကြီးစွာနဲ့ မိမိတို့လိုလားတဲ့ ဒီမိုကရေစီစနစ်တရပ်ရဖို့၊ မိမိတို့ဘဝ လွတ်မြောက်ဖို့၊ တဗိုလ်ကျ တဗိုလ်တက်စနစ်နဲ့ စဉ်ဆက်မပြတ်ကြိုးပမ်းနေမှုအပေါ် ကျနော် သိပ်ဂုဏ်ယူပါတယ်။ ခင်ဗျားတို့တတွေ အားမလျှော့ဘဲ ဆက်ကြိုးစားကြပါ။ ကျနော်အမြဲထာဝရ ခင်ဗျားတို့ကိုထောက်ခံအားပေးသွားပါ့မယ်။ ခင်ဗျားတို့ နောက်ဆုံးမှာ အောင်မြင်မှာပါ။ ဒုတိယ တိုက်တွန်းပြောကြားလိုတာကတော့၊ အတိုက်အခံနိုင်ငံရေးအင်အားစုတွေ၊ လူမျိုးစုခေါင်းဆောင်တွေကိုပါ။ ခင်ဗျားတို့တကယ်ပဲ တိုင်းပြည်နဲ့ပြည်သူတွေကိုချစ်တယ်ဆိုရင် အတိတ်တွေအားလုံး၊ အမြင်မတူတာတွေအားလုံး ဘေးဖယ်ပြီး အလွန်ကြီးမားကျယ်ပြန့်တဲ့ တပ်ပေါင်းစုကြီးတရပ်ပေါ်လာအောင် ကြိုးစားကြပါ။ အခုအချိန်ဟာ ဒီမိုကရေစီလှုပ်ရှားမှုအတွက် နိုင်ငံတကာကထောက်ခံမှုကို မရစဖူး အကြီးအကျယ်ရနေချိန်၊ ပြည်သူတွေရဲ့ နိုင်ငံရေးစိတ်ဓာတ်အရှိန်မြင့်နေချိန်၊ ဒီအခွင့်ကောင်းကို ဆုပ်ကိုင်ပြီး သဘောထားကြီးကြီးထားပြီး စည်းလုံးညီညွတ်ရေးရအောင် ကြိုးစားကြပါလို့ တိုက်တွန်းပါရစေ။

တတိယကတော့ ကျနော်ကိုယ်တိုင် ပါဝင်တည်ဆောက်ခဲ့တဲ့ ဗမာ့တပ်မတော်ကြီးက ဗိုလ်ချုပ်ကြီးများကစလို့ အောက်ခြေတပ်မှူးတပ်သားအားလုံးကို သတိပေးစကား ပြောလိုပါတယ်။ ကျနော် လွန်ခဲ့တဲ့နှစ်ပေါင်းသုံးဆယ် ၁၉၇၄ ခုနှစ်က တိုင်းပြည်သို့ တင်ပြချက်ဆိုတဲ့ မိန့်ခွန်းတရပ် အသံလွှင့်ပြောဖူးပါတယ်။ အဲဒီတုန်းက ခင်ဗျားတို့ တပ်မတော်သားများကို ....

“ခင်ဗျားတို့ ဒီအတိုင်းသွားရင် အတောမသတ်တဲ့ ပြည်သူ့သတ်ပွဲတွေလုပ်သွားရလိမ့်မယ်။ ခင်ဗျားတို့ နောင်သားစဉ်မြေးဆက် ခေါင်းဖော်ရဲမှာမဟုတ်ဘဲ သမိုင်းအမှိုက်ပုံထဲ ပြည်သူတွေက စွန့်ပစ်ကြလိမ့်မယ်”လို့ ထောက်ပြပြောဆိုခဲ့ဖူးပါတယ်။ အခု ခင်ဗျားတို့ ဘဝကိုပြန်ကြည့်ပါ။ ခင်ဗျားတို့တတွေ ကျေးလက်တောရွာဒေသတွေမှာ၊ လူမျိုးစုဒေသတွေမှာ၊ ထောင်တွေ၊ အချုပ်ခန်းတွေထဲမှာ၊ သတ်ခဲ့၊ ဖြတ်ခဲ့၊ အနိုင်ကျင့်ခဲ့တာတွေ နည်းသလား။ ရန်ကုန်မြို့အပါအဝင် မြို့တကာက လမ်းတွေပေါ်မှာရော ပြဿနာပေါ်တိုင်း သွေးချောင်းစီးသတ်ဖြတ်ခဲ့တာရော နည်းသလား။ လူအများအပြားကို ဖမ်းဆီးနှိပ်စက်၊ ပုဒ်မအမျိုးမျိုးတပ်ပြီး နှစ်ရှည်ထောင်ဒဏ်တွေချနေတာရော နည်းသလား။ အခုနောက်ဆုံး စက်တင်ဘာသံဃာ့အရေးအခင်းမှာ ရန်ကုန်မြို့လမ်းလယ်ခေါင် ရွှေတိဂုံဘုရားခြေတော်ရင်း၊ ဆူးလေဘုရားခြေတော်ရင်းတွေမှာ ဘုရားသားတော်သံဃာများကို ရိုက်ရ၊ နှက်ရ၊ သတ်ဖြတ်ရလုပ်နေရပြန်ပါပြီ။ ခင်ဗျားတို့တတွေ ဒီလိုအတောမသတ် သွေးချောင်းစီးသတ်ဖြတ်ပြီး ဖိနှိပ်လိုက်လို့ ပြဿနာတွေပြေလည်သွားသလား။ လူတွေက ကာလတခုပဲ ငြိမ်သွားပြီး ပြန်ထကြွလာတာပဲမဟုတ်လား။ ခင်ဗျားတို့ပဲ ဂုဏ်သိက္ခာတွေ ကျပြီးရင်းကျရင်းနဲ့ ကမ္ဘာ့အလယ် တံတွေးခွက်ပက်လက်မျောရပြီး၊ လူတောမတိုးရဲတဲ့ဘဝ ရောက်ရပြီမဟုတ်လား။ ပြည်သူတွေရဲ့ မုန်းတီးရွံရှာနာကျည်းမှုကတော့ ပြောစရာမရှိတော့ဘူး။ ဒါ့ကြောင့် ခင်ဗျားတို့အနေနဲ့ ထစ်ကနဲရှိတိုင်း လက်နက်သုံးအကြမ်းဖက်ဖြေရှင်းတဲ့နည်းကို စွန့်လွှတ်လိုက်ပါတော့။ နောက်ဖြေရှင်းနည်းတခုဖြစ်တဲ့ တွေ့ဆုံဆွေးနွေးအဖြေရှာတဲ့နည်းကို စမ်းသပ်လုပ်ဆောင်ကြည့်ပါလို့ အကြံပေးပါရစေ။ ခင်ဗျားတို့တကယ်ပဲ ပြည်သူတွေကိုချစ်ရင်၊ ပြည်သူတွေပေါ်မှာ သဘောထားမှန်ရင်၊ အခု ကုလသမဂ္ဂက ဝင်ရောက်ဖြန်ဖြေလုပ်ဆောင်ပေးနေတဲ့လုပ်ငန်းတွေမှာ တက်တက်ကြွကြွဝင်ရောက်လုပ်ဆောင်ကြည့်ပါလို့ တိုက်တွန်းပါရစေ ....။

နေ့စွဲ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာ (၃) ရက်။

**မင်းဆိုးကို မိုးကြိုးပစ်မည်**

# (၁၂) နှစ်တာအတွင်း အာဆီယံအဖွဲ့၏အလှည့်ကျဥက္ကဋ္ဌမှ ပထမဆုံးအကြိမ်အဖြစ် မြန်မာအမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို လိုလားကြောင်းပြော

နိုဝင်ဘာလ (၁၄) ရက်။



အာဆီယံအလှည့်ကျဥက္ကဋ္ဌနှင့်မြန်မာဝန်ကြီးချုပ်ဗိုလ်ချုပ်သိန်းစိန်

မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံမှ အပြန် စင်္ကာပူလေဆိပ်၌ဖတ်ပြခဲ့သော ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်ကို ကြားသိရပြီးနောက် စင်္ကာပူဝန်ကြီးချုပ် လီရှန်လွန်းက မြန်မာနိုင်ငံအမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပွင့်လင်းလွတ်လပ်သော ဆွေးနွေးပွဲကိုလိုလားကြောင်းနှင့် ယင်းလုပ်ငန်းစဉ် အဆင်ပြေချောမွေ့စေရေးအတွက် ကုလသမဂ္ဂ၏ အကူအညီလိုအပ်ကြောင်းတို့ကို ပြောကြားလိုက်သည်။

စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးဌာနကလည်း မြန်မာနိုင်ငံ၏အခြေအနေကို စောင့်ကြည့်နေကြောင်း (၈၈) မျိုးဆက်ကျောင်းသားများသို့ တရားဝင်အကြောင်းကြားစာတစောင် ပေးပို့ခဲ့သည်။ အဆိုပါစာတွင် မြန်မာနိုင်ငံရေးအသွင်ပြောင်းလဲလာစေရန် ဆောင်ရွက်နေသည့် မစ္စတာဂမ်ဘာရီနှင့် မြန်မာအစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် စိုးရိမ်မှုရှိကြောင်း၊ စစ်အစိုးရ၊ ဒေါ်အောင်ဆန်းစုကြည်နှင့် အဲန်အယ်လ်ဒီပါတီနှင့်တကွ နိုင်ငံရေးပါတီအဖွဲ့အစည်းများအားလုံးပါဝင်သော စစ်မှန်သည့်တွေ့ဆုံဆွေးနွေးပွဲဖြစ်ပေါ်လာစေကြောင်းတို့ ပါဝင်သည်။

နိုဝင်ဘာ (၂၀) တွင် စတင်ကျင်းပခဲ့သော အာဆီယံအစည်းအဝေးတွင် အာဆီယံလူ့အခွင့်အရေးကောင်စီဖွဲ့စည်းရေးမူကြမ်းကိုအတည်ပြုခဲ့ရာ ဒေါက်တာသောင်းထွန်းက “နိုင်ငံတကာအင်အားကြီး နိုင်ငံတွေနဲ့ ပူးပေါင်းပြီးတော့ မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို မဖြစ်မနေဖြစ်အောင်လုပ်တော့မယ်ဆိုတဲ့ သဘောမျိုးရှိတယ်။ နအဖအနေနဲ့ တကမ္ဘာလုံးနဲ့ ဆက်ပြီးရန်ဖြစ်မလား။ သို့မဟုတ် လိုက်လျောမှု တစုံတရာရှိမလား။ တကမ္ဘာလုံးနဲ့ ဆက်ပြီးရန်ဖြစ်မယ်ဆိုရင် တိုးတက်မှုမရှိရင် အရေးယူဆောင်ရွက်မှုတွေလုပ်မယ်ဆိုတဲ့ သဘောမျိုးတွေရှိပါတယ်” ဟုပြောသည်။

နိုဝင်ဘာလ (၃) ရက်မှ (၈) ရက်အထိ သွားခဲ့သော မစ္စတာဂမ်ဘာရီ၏ခရီးစဉ်နှင့် ပတ်သက်သည့် အစီရင်ခံစာတစောင်ကို နိုဝင်ဘာ (၁၃) ရက်နေ့ကတင်ပြခဲ့ရာတွင် နအဖစစ်အုပ်စုနှင့် နိုင်ငံရေးအင်အားစုများအကြား တွေ့ဆုံဆွေးနွေးရေးကို အချိန်မဆိုင်းဘဲ စတင်ရန် တိုက်တွန်းခဲ့သည်။

မစ္စတာ ဂမ်ဘာရီက “ကျနော် မြန်မာအစိုးရကို အလေးအနက်ပြောခဲ့တာကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ တွေ့ဆုံဆွေးနွေးရေး အမှန်တကယ်လုပ်ချင်တယ်ဆိုတာပြဖို့ အကောင်းဆုံးနည်းက သူ့ကိုလွှတ်ပေးဖို့ပါပဲ။ ဒီတော့မှ သူက ဆွေးနွေးဘက်တယောက်ရဲ့ ဂုဏ်အင်္ဂါနဲ့ပြည့်စုံနိုင်မှာပါ”ဟု ရှင်းပြသည်။

# ဥပဒေမဲ့ ဖမ်းဆီးခံထားရသော (၈၈) မျိုးဆက် ကျောင်းသားခေါင်းဆောင် ၏ မိခင်ကွယ်လွန်ခြင်း ဝမ်းနည်းခြင်းမှတ်တမ်းလွှာ


ဒေါ်မိမိလေး

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကုန်းရိပ်သာ၊ အင်းယားမြိုင်လမ်း၊ အမှတ် (၄၁)/(၁၆) အေတွင်နေထိုင်ရင်း အသက် (၆၈) နှစ်အရွယ်တွင် ကိုဌေးကြွယ်၏မိခင်ဖြစ်သူ ဒေါ်မိမိလေးကွယ်လွန်ခဲ့ပါသည်။

စစ်အုပ်စုသည် နိုင်ငံရေးသမားများ၏ နေအိမ်များကို တမင်တကာရည်ရွယ်ချက်ဖြင့် အချိန်မတော်တွင်တံခါးလာခေါက်ကာ နှောင့်ယှက်သည့်ထုံးတမ်းစဉ်လာရှိသည်။ နိုင်ငံ့အရေးလှုပ်ရှားသူများ၏ မိသားစုဝင်များမှာ ထိုတခါးခေါက်သံကြားတိုင်း ဆောက်တည်ရာမရ တထိတ်ထိတ်ဖြစ်ရသည့်ဝေဒနာကို အစဉ်တစိုက်ခံစားနေကြရပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) မှ ပါတီလူကြီးတဦး၏ အသက် (၇၀) ကျော်ဇနီးသည်တဦးသည် ထိုသို့ တံခါးခေါက်သံကြားရသည့် တတိယအကြိမ်မြောက်တွင် နှလုံးရောဂါ (Strike by heart attack) ဖြင့် ကွယ်လွန်ခဲ့ရသောအဖြစ်လည်း ရှိခဲ့ပါသည်။

ဒေါ်မိမိလေးသည် (၈၈) မျိုးဆက် နိုင်ငံ့သားကောင်းတယောက်၏ မိခင်အနေဖြင့် အကြိမ်ပေါင်းမည်မျှ ထောင်ဝင်စာတွေ့ခဲ့ရမည်။ အကြိမ်ရေမည်မျှ သန်းခေါင်ကျော်တွင်တံခါးခေါက်၍ နှောင့်ယှက်ခံခဲ့ရမည်ကို ကျွန်ုပ်တို့မမှန်းဆဝံ့ပါ။

အကြိမ်ပေါင်းမရေတွက်နိုင်အောင် အထိတ်တလန့်ဖြင့် “ငါ့သားကို ဘယ်တော့ သူတို့လာခေါ်ဦးမှာလဲ” “အမေ့သားလေးကို သူတို့တိုက်ပိတ်လိုက်ကြပြန်ပြီလား” “အမေ့သားအတွက် ပို့လိုက်တဲ့အစာတွေ သားဆီရောက်မှရောက်ပါ့မလား” ဟု တစိမ့်စိမ့်တွေးလျက် တနင့်နင့်ပူပန်နေရသောအဖြစ်မှ ကင်းလွတ်သွားရသည့်မိခင်၏ နောက်ဆုံးရုပ်ပုံလွှာကို မြင်ခွင့်မရသည့်တိုင် ကိုဌေးကြွယ် အနေနှင့်ဖြေသိမ့်နိုင်လိမ့်မည်ဟု မိမိတို့မိုးကြိုးသတင်းစဉ် (မြန်မာနိုင်ငံလွတ်လပ်သော သတင်းအေဂျင်စီ) မှ အခိုင်အမာယုံကြည်ပါသည်။

စစ်အုပ်စု၏ဖိနှိပ်မှုမျိုးစုံကြားတွင် မြန်မာ့အရေးလှုပ်ရှားနေသော မည်သူမဆို၏ အိမ်တခါးကိုအချိန်မတော်လာခေါက်၍ ထိတ်လန့်ရခြင်းကြောင့်ဖြစ်ရသည့် စိတ်ဆင်းရဲခြင်းဒုက္ခမှ လွတ်ငြိမ်းချမ်းသာခွင့်ရသွားသူ ကိုဌေးကြွယ်၏မိခင် ဒေါ်မိမိလေးအတွက် ဝမ်းမြောက်ရပါကြောင်းကိုလည်း မိုးကြိုးသတင်းစဉ်မိသားစုမှ မှတ်တမ်းတင်အပ်ပါသည်။

❖

